The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည်မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်၊ တနင်္လာနေ့။ Monday, 9 August 2021 ၁၀၄၆၀

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်သန်း ထပ်မံရောက်ရှိ

နေပြည်တော် ဩဂုတ် ၈

**တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသော Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်သန်းအနက် ဒုတိယအသုတ်အဖြစ် တင်ဆောင်လာသော ကာကွယ်ဆေး တစ်သန်းသည် Air China လေယာဉ်ဖြင့် ယနေ့ ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။**

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖




တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသော Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ

**နောက်တစ်ခါ လာပြန်ပြီဟေ့**


စာမျက်နှာ » ၆

**တချို့သုတေသနတွေမှာ ဖော်ပြထားချက်အရဆိုရင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးထားရင် ကိုဗစ်ရဲ့ နောက်ဆက်တွဲခံစားရမှုတွေကိုလည်း လျော့ကျစေတယ်၊ သက်သာစေတယ်၊ တိုတောင်းစေတယ်၊ ပျောက်ကင်းစေတယ်လို့ ပြောထားပါတယ်**

စာမျက်နှာ » ၁၀

**တိုင်းရင်းဆေးဝါးမှာ သတိပြုစရာများ**

စာမျက်နှာ » ၂၂



အခန်းဆက် ဝတ္ထုရှည်

စာမျက်နှာ » ၂၄

## တပ်မတော်(ရေ)အောက်ဆီဂျင်စက်ရုံမှ တစ်နေ့လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၄၀၀ ဖြည့်တင်းပေးနိုင်

**နေပြည်တော် ဩဂုတ် ၈**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အောက်ဆီဂျင်လိုအပ်ချက်များကို ပိုမိုဖြည့်တင်းပေးနိုင်ရန်အတွက် သန်လျင်တပ်နယ်ရှိ ရေတပ်သင်္ဘောကျင်းဌာနချုပ်တွင် KZO-100 အမျိုးအစား Oxygen Plant အား ဇူလိုင် ၂၁ ရက်မှစတင်၍ တပ်မတော်(ရေ)မှ အင်ဂျင်နီယာများဖြင့် တပ်ဆင်စမ်းသပ်မောင်းနှင်ခဲ့ရာ ယနေ့တွင် အောက်ဆီဂျင်ဓာတ်ငွေ့များ စတင်ထုတ်လုပ် ဖြည့်တင်းပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ယခင် ရေတပ်သင်္ဘောကျင်းဌာနချုပ်ရှိ အောက်ဆီဂျင်စက်ရုံနှင့် ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)တို့မှ တစ်နေ့လျှင် အောက်ဆီဂျင် လီတာ ၄၀ ဆံ့ အလုံး ၁၅၀ ခန့်အား ထုတ်လုပ်ကူညီလှူဒါန်းလျက်ရှိရာ ယခုအချိန်တွင်

**စာမျက်နှာ ၃ ကော်လံ ၄ သို့ ❍**

# ကြေးမုံ

## မတူကွဲပြားမှုများအကြား စည်းလုံးညီညွတ်မှု

၁၉၆၇ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် စတင်တည်ထောင်ခဲ့သော အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) သည် ယခုအခါ (၅၄) နှစ်မြောက် နှစ်ပတ်လည်အခါသမယသို့ရောက်ရှိလာပြီဖြစ်သည်။ ရာစုနှစ်တစ်ဝက်ကျော် ကြာမြင့်လာပြီဖြစ်သော အာဆီယံအသင်းကြီးတွင် မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံတို့သည် "မတူကွဲပြားသောစည်းလုံးညီညွတ်မှု"ဟူသည့် အာဆီယံ၏ဝိသေသလက္ခဏာကို ထိန်းသိမ်းရန်အတွက် အဖွဲ့ဝင်နိုင်ငံအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်လျက်ရှိသည်။

အာဆီယံနှစ်ပတ်လည်အခါသမယနေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်သူများသို့ သဝဏ်လွှာပေးပို့ခဲ့ရာ "လက်ရှိ ကိုဗစ်-၁၉ ကပ်ရောဂါ၏ စိန်ခေါ်မှုများကို မိမိတို့အနေဖြင့် အာရုံစိုက်ဆောင်ရွက်နေသကဲ့သို့ ဒေသတွင်းပေါင်းစည်းရေးလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဒေသတွင်းပေါင်းစည်းရေးလုပ်ငန်းများသည် အာဆီယံအသိုက်အဝန်းတည်ဆောက်မှု အောင်မြင်ရေးအပြင် နိုင်ငံတကာအသိုက်အဝန်းတစ်ခုလုံးအတွက် ပိုမိုကောင်းမွန်သည့်အနာဂတ်ကို ဖန်တီးပေးနိုင်ရေးအတွက် အဓိကအရေးပါသည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်" ဟု ပြောကြားခဲ့သည်။

ယခုအခါတွင် အာဆီယံနိုင်ငံများအပါအဝင် ကမ္ဘာပေါ်ရှိနိုင်ငံများအားလုံးသည် ကိုဗစ်-၁၉ ကပ်ရောဂါစိန်ခေါ်မှုကို ရင်ဆိုင်နေကြရသည်။ အာဆီယံနိုင်ငံများအနေဖြင့် ဒေသတွင်း ရောဂါပိုးပြန့်ပွားမှုတိုက်ဖျက်ရေးနှင့် ကိုဗစ်-၁၉ ကြောင့် ဘက်ပေါင်းစုံမှ ဖြစ်ပေါ်လာသောဆိုးကျိုးများကို အမြန်ပြန်လည်ထူထောင်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းလျက်ရှိသည်။ တာဝန်ယူမှုရှိသော အာဆီယံအဖွဲ့ဝင် မြန်မာနိုင်ငံအနေဖြင့် ၂၀၂၁ ခုနှစ် အာဆီယံဥက္ကဋ္ဌက ချမှတ်ထားသည့် "သာယာဝပြောသော အာဆီယံသို့ အပြန်အလှန်ဖေးမကူညီမှုဖြင့် အတူတကွ ပြင်ဆင်ဆောင်ရွက်ကြပါစို့" ဟူသောဆောင်ပုဒ်နှင့်အညီ အာဆီယံနိုင်ငံများနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် အာဆီယံ ကိုဗစ်-၁၉ တုံ့ပြန်ရေးရန်ပုံငွေသို့ အမေရိကန်ဒေါ်လာတစ်သိန်း ထည့်ဝင်လှူဒါန်းထားသည်။ အာဆီယံအနေဖြင့် အာဆီယံနိုင်ငံများအကြား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ဆောင်ရွက်ရမည့်လုပ်ငန်းများ အားလုံးပြီးမြောက်ပါက အကျိုးကျေးဇူးများကို အာဆီယံပြည်သူများလက်ထဲသို့ အမြန်ဆုံးပေးအပ်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးနှင့် ဒေသတွင်းပေါင်းစည်းရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် အာဆီယံနှင့်အတူ လက်တွဲဆောင်ရွက်သွားရန် ခိုင်မာစွာ သန္နိဋ္ဌာန်ချမှတ်ထားသည်။ ယခုအချိန်အခါတွင် ပြည်သူများအားလုံး ကိုဗစ် -၁၉ စိန်ခေါ်မှုများကို ရင်ဆိုင်နေရသည်ဖြစ်၍ အာဆီယံအသိုက်အဝန်းအတွင်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ဖေးမကူညီဆောင်ရွက်ပေးရမည့်အချိန်အခါဖြစ်ပါသည်။

အာဆီယံဆက်ဆံရေးနှင့်ပတ်သက်၍ ဧပြီလ ၂၄ ရက်နေ့ အာဆီယံအစည်းအဝေး၌ ဗိုလ်ချုပ်မှူးကြီးက မြန်မာနိုင်ငံ၏အခြေအနေများအား ရှင်းလင်းပြောကြားခဲ့ပြီး အာဆီယံသဘောတူညီချက် (၅) ရပ်ကို ထုတ်ပြန်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံမူဘောင်အတွင်းမှသာ ဆောင်ရွက်မည်ဟု ပြောကြားခဲ့ပြီး နိုင်ငံ၏တည်ငြိမ်အေးချမ်းမှုအပေါ်တွင်မူတည်၍ ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့သည်။ အာဆီယံအထူးကိုယ်စားလှယ်ခန့်ထားရန်အတွက် အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဟောင်းများနှင့် ထိုင်းနိုင်ငံဒုတိယနိုင်ငံခြားရေးဝန်ကြီးဟောင်းတို့အား အဆိုပြုခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးအား အဆိုပြုခဲ့သော်လည်း အာဆီယံဥက္ကဋ္ဌ ဘရူနိုင်းဘုရင်မှ ၎င်းတို့နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးအား အာဆီယံကိုယ်စားလှယ်အဖြစ် ကမ်းလှမ်းလာသည့်အတွက် သဘောတူညီမှုပေးခဲ့သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အာဆီယံမူဘောင်အတွင်းမှသာ ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးလမ်းကြောင်းပေါ်တွင် မှန်မှန်ကန်ကန်ဆောင်ရွက်သွားမည်ဖြစ်သည်။ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်အပေါ်တွင် အခြေခံပြီး လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးမူဝါဒ၊ နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက်ဆက်ဆံရေးမူဝါဒများဖြင့် ဆောင်ရွက်လျက်ရှိသည်။ ယနေ့အချိန်တွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံအချင်းချင်းအကြား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး အဘက်ဘက်တို့တွင် အခြေအနေကောင်းများ ရရှိထားပြီဖြစ်ပြီး ထိုအခြေအနေများသို့ လွယ်လွယ်ကူကူရောက်ရှိလာသည်မဟုတ်ပေ။ ဖြတ်သန်းလာခဲ့သော ခရီးလမ်းတစ်လျှောက် ဘဏ္ဍာရေးအကျပ်အတည်း၊ ကိုဗစ်ရောဂါအခက်အခဲများကို ရင်ဆိုင်ဖြတ်ကျော်လာခဲ့ရသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအများရင်ဆိုင်ကြုံတွေ့နေရသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ဒေသတွင်းနိုင်ငံများအကြား ဆက်ဆံရေးကို အစဉ်အလာမပျက် ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံတို့အကြား မတူကွဲပြားသော စည်းလုံးညီညွတ်မှုဟူသည့် ဝိသေသလက္ခဏာကို ဆက်လက်ဆောင်ကြဉ်းသွားမည်ဖြစ်ပါကြောင်း။ ။

## "အသိပေးကြေညာချက်"

ရက်စွဲ၊၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၈ ရက်

၁။ အများပြည်သူရုံးပိတ်ရက်များအဖြစ် သတ်မှတ်ကြေညာထားသော ၉-၈-၂၀၂၁ မှ ၁၅-၈-၂၀၂၁ ရက်အထိ ရုံးပိတ်ရက်များတွင် နယ်စပ်ကုန်သွယ်ရေးစခန်းများအနေဖြင့် လုပ်ငန်းတာဝန်များ ရပ်ဆိုင်းထားမည် မဟုတ်ဘဲ ပုံမှန်အတိုင်း ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းမှုများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၂။ အဆိုပါရက်များတွင်လည်း ကုန်သွယ်ရေးဦးစီးဌာန(ရုံးချုပ်) ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲနှင့် ပို့ကုန်သွင်းကုန်ရုံး(ရန်ကုန်)တို့မှ Online စနစ်ဖြင့် ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထားမှုများကို ရုံးချိန်အတွင်း ပုံမှန်အတိုင်း ခွင့်ပြုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## လဟယ်မြို့ပေါ်ရှိ ဘုန်းကြီးကျောင်းနှင့် သီလရှင်ကျောင်းများအား ဆွမ်းဆန်တော်၊ ဆီနှင့် ပဲများလှူဒါန်း



**လဟယ် ဩဂုတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ပေါ်ရှိ ဘုန်းကြီးကျောင်းနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီနှင့် ပဲများကို ဩဂုတ် ၇ ရက်တွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ခေတ္တနာဂဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးလဟယ်မှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲမင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်သာသနာရေးဦးစီးမှူးတို့က ဆက်ကပ်လှူဒါန်းခဲ့သည်။

လှူဒါန်းသည့်ပစ္စည်းများမှာ ထေရဝါဒဗုဒ္ဓသာသနာပြုဇဟိုကျောင်းသို့ ဆန် ၂၁ အိတ်၊ ဆီ ၃၁ ဒသမ ၇၅ ပိဿာနှင့် ပဲ ၆၄ ပိဿာ၊ ထေရဝါဒဗုဒ္ဓသာသနာပြုသီလရှင်ကျောင်းသို့ ဆန် ၁၀ အိတ်၊ ဆီ ၁၀ ဒသမ ၅၀ ပိဿာနှင့် ပဲ ၂၁ ပိဿာ တို့ဖြစ်ပြီး စုစုပေါင်းလှူဒါန်းထောက်ပံ့ငွေ ပမာဏမှာ ၁၇၂၇၃၇၅ ကျပ်ဖြစ်ကြောင်း သိရသည်။

**ငွေကြယ်**

## ဗန်းမော်မြို့ ဂေါက်ကွင်းရှိ ငါးမွေးကန်များအတွင်း ငါးမျိုးစိုက်ထည့်



**ဗန်းမော် ဩဂုတ် ၈**

ရေရှည်စဉ်ဆက်မပြတ် ငါးလုပ်ငန်းများပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ ငါးရိက္ခာဖူလုံစေရန်၊ ငါးသယံဇာတများတိုးပွားလာစေရန် ရည်ရွယ်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်လွင်၊ ဒုတိယဗိုလ်မှူးကြီး ဆန်းနောင်ဦး၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးတို့ ဦးဆောင်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခရိုင်ငါးမျိုးစိုက်ထည့်ရေးအဖွဲ့နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများအဖွဲ့တို့သည် ဗန်းမော်မြို့ ဂေါက်ကွင်းအတွင်းရှိ ငါးမွေးကန်များသို့ ဗန်းမော်ငါးလုပ်ငန်းစခန်းမှ နှစ်လက်မအောက်ခံအရွယ်ရှိ ငါးခုံးမကြီးကောင်ရေ ၅၀၀၀ တို့ကို ဩဂုတ် ၃ ရက်တွင် ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**


### ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အငယ်တန်း** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **သတင်းထောက်များ** | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦး |

## တစ်နိုင်ငံလုံး ပူးပေါင်းဆောင်ရွက်

ကျန်းမာရေးဆိုင်ရာ ပုဂ္ဂိုလ်တချို့ကလည်း CDM လုပ်ထားတဲ့အတွက်ကြောင့် မလာကြဘူး၊ ကျွန်တော်လည်း အကြိမ်ကြိမ်အခါခါ ဖိတ်ခေါ်တယ်၊ ခင်ဗျားတို့လာကြပါ။ ဒါလူမှုရေးကိစ္စဖြစ်တယ်၊ နိုင်ငံ့အရေးကိစ္စဖြစ်တယ်၊ အမျိုးသားရေးကိစ္စ ဖြစ်တယ်၊ ကူညီရအောင်ပြောတယ်၊ တချို့လည်းလာကြတာရှိတယ်၊ တချို့လည်း အကြောင်းအမျိုးမျိုးကြောင့် မလာနိုင်တာလည်းရှိပါတယ်၊ ကျွန်တော်ထပ်ပြီး မေတ္တာရပ်ခံပါတယ်.... ဒီဟာနဲ့ပတ်သက်ပြီးတော့ ကျန်းမာရေးဆိုင်ရာ ပုဂ္ဂိုလ်အားလုံး တစ်နိုင်ငံလုံး ပူးပေါင်းဆောင်ရွက်ကြဖို့ ပြောလိုတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၃-၇-၂၀၂၁ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)



ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့် တာဝန်ရှိသူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinavac များကို ကြည့်ရှုစစ်ဆေးစဉ်။

❖ ရွှေဖုံးမှ

အဆိုပါကာကွယ်ဆေးများကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေးသိုလှောင်ခန်း၌ထားရှိပြီး ကျန်းမာရေးဝန်ကြီးဌာနမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖြန့်ခွဲပို့ဆောင်ကာ လူဦးရေ၊ ရောဂါဖြစ်ပွားမှုအပေါ်မူတည်၍ ပြည်သူ့ဆေးရုံနှင့် ကာကွယ်ဆေးထိုးစုရပ်များတွင် National Development Plan အရ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးများကို ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာအေးထွန်း၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမင်းနှင့် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လက်ခံရယူခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

❍ တပ်မတော်(ရေ)မှ

အောက်ဆီဂျင်စက်ရုံအသစ်မှ တစ်နေ့လျှင် အောက်ဆီဂျင် လီတာ ၄၀ ဆံ့အိုး အလုံး ၄၀၀ ထွက်ရှိမည်ဖြစ်ပြီး စုစုပေါင်း တစ်နေ့လျှင် အောက်ဆီဂျင် လီတာ ၄၀ ဆံ့အိုး အလုံး ၅၅၀ ထုတ်လုပ်ပေးလျက်ရှိကြောင်းနှင့် ယခုကဲ့သို့ အောက်ဆီဂျင်စက်ရုံအသစ်တည်ဆောက်နိုင်ခဲ့ခြင်းကြောင့် အောက်ဆီဂျင်လိုအပ်ချက်မြင့်မားနေသည့် ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာများ၊ အရပ်ဘက်ပရဟိတအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အခြားအောက်ဆီဂျင်လိုအပ်နေသော ပြည်သူများထံသို့ ယခင်ထက်ပိုမိုကူညီထောက်ပံ့ ဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



တပ်မတော်(ရေ) အောက်ဆီဂျင်စက်ရုံမှ အောက်ဆီဂျင်ဓာတ်ငွေ့များ စတင်ထုတ်လုပ်ဖြည့်တင်းပေးနေမှုကိုတွေ့ရစဉ်။

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများ နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက် လက်ခံလျက်ရှိ



နေပြည်တော် ဩဂုတ် ၈

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၇ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ရှိ နယ်စပ်ဂိတ်မှ အမျိုးသား ၁၅၅ ဦး၊ အမျိုးသမီး ၁၃၄ ဦး စုစုပေါင်း ၂၈၉ ဦးတို့ကို လက်ခံခဲ့သည်။

### ကူညီဆောင်ရွက်ပေး

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် - ၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင် မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းနှင့်အဖွဲ့များက သီးခြားမှာယူထားသည့် Sinopharm ကာကွယ်ဆေးများရောက်ရှိလာပါက ထိုးနှံနိုင်ရေးညှိနှိုင်း

**မန္တလေး ဩဂုတ် ၈**
မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းမှတစ်ဆင့် မန္တလေးယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းနှင့် အဖွဲ့များက သီးခြားမှာယူထားသည့် Sinopharm ကာကွယ်ဆေးများရောက်ရှိလာပါက ထိုးနှံနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆွေးနွေး**

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုက မန္တလေးယူနန် ဗုဒ္ဓဘာသာဘုရားကျောင်းနှင့်အဖွဲ့များက မှာယူထားသည့် ကာကွယ်ဆေးများ မန္တလေးမြို့တွင် ထိုးနှံခွင့်ရရှိရေး တိုင်းဒေသကြီးအစိုးရ၏ဆောင်ရွက်ပေးခဲ့မှုများကို ရှင်းလင်းဆွေးနွေးပြီး ဆေးဝါးများရောက်ရှိလာပါက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ရေး၊ ငွေကြေးမူဝါဒ တိတိကျကျသတ်မှတ်ရေး၊ ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရေးများ လိုအပ်ကြောင်း၊ ငွေကြေးတတ်နိုင်သူများအတွက် ကိုယ်ထူကိုယ်ထ ဆေးထိုးနိုင်ရေး ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်မှ စီစဉ်ပေးနေသော အခမဲ့ ကာကွယ်ဆေးများကို ဝန်ထမ်းများနှင့် သာမန်ပြည်သူများကို ပိုမိုထိုးပေးနိုင်ပြီး ၎င်းတို့၏ အသက်ကို ကယ်တင်ပေးရာရောက်ကြောင်း၊ ရည်မှန်းချက်ကာလအမီ ကာကွယ်ဆေးအားလုံး ထိုးနိုင်ရေးကို အထောက်အကူပြုပါကြောင်း ဆွေးနွေးသည်။



အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ရန်ကုန် တရုတ်ကုန်သည်ကြီးများအသင်းမှတစ်ဆင့် မှာယူ၍ ရောက်ရှိလာပါက မန္တလေးမြို့ရှိ ပြည်သူများကို လူမျိုး၊ ဘာသာမခွဲခြားဘဲ သတ်မှတ်နှုန်းထားဖြင့် ထိုးနှံနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးများ ထိုးနှံလိုပါက လမ်း ၈၀၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြားရှိ မန္တလေးယူနန် ဗုဒ္ဓဘာသာဘုရားကျောင်း၊ လမ်း ၃၀၊ ၈၂ လမ်းနှင့် ၈၃ လမ်းကြားရှိ ဖူကျန့်ဗုဒ္ဓဘာသာဘုရားကျောင်း၊ ၅၅ လမ်း၊ ၃၇ လမ်းနှင့် ၃၈လမ်းကြားရှိ အင်း၀ ကိုယ်ပိုင်ကျောင်းများသို့ ဆက်သွယ်နိုင်ကြောင်းနှင့် ကာကွယ်ဆေးအတွက် ပြန်လည်ရရှိငွေမှ ပိုငွေများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းများတွင် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်

**နေပြည်တော် ဩဂုတ် ၈**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံကျောင်းနှင့် နေပြည်တော်အတွင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံကျောင်းတွင် တိုးချဲ့ဖွင့်လှစ်မည့် မွေးမြူရေးဒီပလိုမာသင်တန်း သင်ကြားရေးအထောက်အကူပြု မွေးမြူရေးခြံ တည်ဆောက်မည့် မြေနေရာကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲ၏ မျိုးစေ့အရည်အသွေးစစ်ဆေးခန်းတွင် မျိုးစေ့အရည်အသွေး စစ်ဆေးခြင်း လုပ်ငန်းအဆင့်ဆင့်နှင့် မျိုးစေ့အရည်အသွေး ထောက်ခံချက်လက်မှတ် ထုတ်ပေးခြင်း လုပ်ငန်းများကိုလည်းကောင်း၊ မျိုးစေ့အအေးခန်း သိုလှောင်ခန်းတွင် မျိုးစေ့များ သိုလှောင်ထိန်းသိမ်းထားရှိမှုများကိုလည်းကောင်း၊ GAP နည်းပညာပေး ဟင်းသီးဟင်းရွက် စံပြစိုက်ကွင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက နည်းပညာပြန့်ပွားရေးလုပ်ငန်းများနှင့် သုတေသနလုပ်ငန်းများအနေဖြင့် ကိုဗစ် – ၁၉ ရောဂါ တားဆီး၊ ကာကွယ်ရေး အစီအစဉ်များကို တိကျစွာ လိုက်နာဆောင်ရွက်နိုင်သည့် လုပ်ငန်းများဖြစ်၍ အရှိန်အဟုန်မပြတ် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့မှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဆင်သေကျေးရွာရှိ ပုဂ္ဂလိက ကြက်မွေးမြူရေးခြံတွင် အသားစားကြက် မွေးမြူထားရှိမှုများကိုလည်းကောင်း၊ ပျဉ်းမနားငါးလုပ်ငန်းစခန်း၌ GAqP (ဂျီအေကျူပီ)စနစ် ငါးမွေးမြူရေးစံပြကန် တည်ဆောက်နေမှု လုပ်ငန်းခွင်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

**စီမံဆောင်ရွက်လျက်ရှိ**

ပျဉ်းမနား ငါးလုပ်ငန်းစခန်းအနေဖြင့် ယခုနှစ် ငါးမျိုးစိုက်ထည့်ရာသီအတွက် ငါးသားပေါက်ကောင်ရေ သိန်း ၄၀ ထုတ်လုပ်ပေးရန် လျာထား ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ငါးသားပေါက်ကောင်ရေ ၁၇ သိန်း ထုတ်လုပ်ပေးနိုင်ခဲ့ပြီး ဩဂုတ်လကုန်တွင် ငါးသားပေါက်ကောင်ရေ သိန်း ၂၀ ထုတ်လုပ်ပေးနိုင်ရေးနှင့် စက်တင်ဘာလအတွင်း လျာထား ငါးသားပေါက်များအားလုံး ထုတ်လုပ်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အသိပေးကြေညာခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကိုဗစ် -၁၉ ရောဂါ ကူးစက်မှုကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် ဩဂုတ်လ ၉ ရက်နေ့မှ ဩဂုတ်လ ၁၅ ရက်နေ့အထိ တစ်ဆက်တစ်စပ်တည်း အများပြည်သူအလုပ်ပိတ်ရက်ရှည်အဖြစ် ကြေညာခဲ့ပါသည်။ အများပြည်သူအလုပ်ပိတ်ရက်ရှည်အတွင်း ကိုဗစ် -၁၉ ရောဂါ ကာကွယ်ကုသမှုဆိုင်ရာ ဆေးဝါး/ ဆက်စပ်ပစ္စည်းများနှင့် အခြားလူသုံးကုန်ပစ္စည်း တင်သွင်းခြင်းကိစ္စရပ်များအား (ရေကြောင်း၊ လေကြောင်း၊ နယ်စပ်) လမ်းကြောင်းများမှတစ်ဆင့် လွယ်ကူလျင်မြန်စွာ အခက်အခဲမရှိ တင်သွင်းနိုင်ရန်အတွက် အကောက်ခွန်ဦးစီးဌာနအနေဖြင့် ပိတ်ရက်မရှိ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**

## ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ




**နေပြည်တော် ဩဂုတ် ၈**
အကောက်ခွန်ဦးစီးဌာန အနေဖြင့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ် ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကုမ္ပဏီ ၅၂ ခုမှ Nasal Cannula ၁၀၀၀၀၊ Cnoxane 40 Mg Injection ၂၀၀၀ ၊ Dexanic InJ 4 Mg ၁၀၀၀၀ ခု၊ Enoxaparin Sodium Injection ၂၈၀၀၊ Enoxapnen INJ 40 Mg ၁၁၀၀၀ခု၊ Enoxapnen INJ 60 Mg ၁၁၀၀၀ ခု၊ Favipiravir 400 Mg ၄၀၀၀၀ ခု၊ Flow Meter ၁၀၇၀၀ ခု၊ Oximeter ၁၃၅၆၇ ခု၊ Oxygen Concentrator ၃၂၉၄ ခု၊ Oxygen Face mask ၁၀၁၀၀ခု၊ Oxygen Regulator ၂၀၀ခု၊ Remdesivir 100 Mg Injection ၉၃၄၀၀ ခု၊ Oxygen Concentrator Spare parts ၃၁၅ ခု၊ Thermometer နှစ်ခု၊ Welcid Tablets 500 Mg ၁၀၀၀ ခု၊ Zincmink Tablets 50 MG ၁၀၀၀၊ နယ်စပ် (ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ တမူး၊ မူဆယ်၊ မြဝတီ)တွင် ကုမ္ပဏီ ၃၅ ခုမှ နှာခေါင်းစည်း ၆၆၆၄၈ kg၊ Disposable Cap ၃၈၅၀ kg၊ Gloves ၁၀၀၀kg၊ Liquid Oxygen ၄ ဒသမ ၄၆ $m^3$၊ Liquid Oxygen ၃၉ ဒသမ ၄၇ တန်၊ Disposable Syring ၂၀၀၀၀ ခု၊ Nasal Cannula ၁၃၅၀၀ ခု၊ Cylinder ၈၃၂၄ ခု၊ Oxygen Concentrator ၇၀၁ ခု၊ Flow meter ၂၀၀၀ ခု၊ Oxygen Cylinder Trolley ၁၀၀၊ Oxygen Face Mask ၁၂၀၀၊ Regulator ၁၉၂၀၊ Oximeter ၅၀၀၀ တို့အား ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၁၈ ခုနှစ်အတွင်း ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရန် ကျန်ရှိသောကုမ္ပဏီများအား အသိပေးခြင်း

၂၀၁၈ ခုနှစ်အတွင်း ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရန် ကျန်ရှိသည့် ကုမ္ပဏီများအနေဖြင့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေအရ ပို့ကုန်ရငွေများအား မိမိပို့ကုန်ရငွေ ဝင်ရောက်ခဲ့သည့် ဘဏ်များနှင့် ဆက်သွယ်စာရင်းရှင်းလင်းရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှတစ်ဆင့် ဆက်သွယ်အကြောင်းကြားထားပြီးဖြစ်ပါသည်။

အဆိုပါ စာရင်းရှင်းလင်းရန် သတ်မှတ်ထားသည့်အချိန်သည် (၇-၈-၂၀၂၁) ရက်နေ့တွင် စေ့ရောက်မည်ဖြစ်သော်လည်း ကိုဗစ်-၁၉ ဖြစ်ပွားနေချိန်နှင့် ရုံးပိတ်ရက်များနှင့် တိုက်ဆိုင်နေပါ၍ စာရင်းရှင်းလင်းရမည့်အချိန်ကို ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်း ရှင်းလင်းရန် ထပ်မံတိုးမြှင့်ဖြေလျှော့လိုက်ပါသည်။

ဘဏ်များနှင့် ဆက်သွယ်စာရင်းရှင်းလင်းရန် ကျန်ရှိသည့်ကုမ္ပဏီများ (အသေးစိတ်စာရင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ Website – www.cbm.gov.mm တွင် ကြည့်ရှုနိုင်ပါသည်။) အနေဖြင့် အဆိုပါရက်ကုန်ဆုံးသည့်နေ့ရက်အထိ စာရင်းရှင်းလင်းခြင်းမရှိပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပို့ကုန်/ သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ အများပြည်သူရုံးပိတ်ရက်များတွင် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အဆက်မပြတ်တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် ဩဂုတ် ၈**

နိုင်ငံတော်အတွင်း၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အရေးတကြီးလိုအပ်လျက်ရှိသည့် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်ဓာတ်ငွေ့၊ အိမ်သုံးအောက်ဆီဂျင်စက်၊ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရန် အများပြည်သူရုံးပိတ်ရက်များတွင် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ စဉ်ဆက်မပြတ်တင်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသည်။

**၅၂ စီးဖြင့် တင်သွင်းလာ**

ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိမ်သုံးအောက်ဆီဂျင်စက် ၃၂၉၄ ခုနှင့် နှာခေါင်းစည်း သုည ဒသမ ၅တန်အပါအဝင် မူဆယ်၊ မြဝတီ၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ တမူးကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင်အရည် (Bowser) ယာဉ် သုံးစီးဖြင့် ၅၉တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) ၃၈ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့ (အိုးဖြင့်) တစ်တန်၊ အောက်ဆီဂျင်(အိုးခွံ) ၈၉၁၀၊ အိမ်သုံးအောက်ဆီဂျင်စက် ၃၇၄၅ ခု၊ လက်အိတ် တစ်တန်နှင့် နှာခေါင်းစည်း ၆၇ တန် တင်သွင်းနိုင်ခဲ့သည်။ အထက်ပါပစ္စည်းများကို ကုမ္ပဏီ ၃၀ မှ ယာဉ်အစီးရေ ၅၂ စီးဖြင့် တင်သွင်းလာခြင်းဖြစ်သည်။

ဩဂုတ်လအတွင်း ယာဉ်အစီးရေ ၄၈၁ စီးဖြင့် အောက်ဆီဂျင်အရည်(Bowser)ယာဉ်ဖြင့် ၄၅၇ တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) ၈၉ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့ (အိုးဖြင့်) ၆၃ တန်၊ အောက်ဆီဂျင်(အိုးခွံ) ၅၆၇၉၀၊ Oxygen Plant ခြောက်ခု၊ အောက်ဆီဂျင် (Generator) ကိုးခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၄၅၉၃၄ ခု၊ Test Kit ၁၄၁၆၄၂ ခု၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၂၈၀၉၃၂ စုံ၊ လက်အိတ် တန် ၄၀ နှင့် နှာခေါင်းစည်း ၆၃၆ တန် တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

**တင်သွင်းခွင့်ပြု**

ဇူလိုင်လအတွင်း ယာဉ်အစီးရေ ၇၄၉ စီးဖြင့် အောက်ဆီဂျင်အရည်(Bowser)ယာဉ်ဖြင့် ၇၂၇ တန်၊ အောက်ဆီဂျင်အရည်(အိုးဖြင့်) ၅၆၇ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့(အိုးဖြင့်) ၁၁၄ တန်၊ အောက်ဆီဂျင်(အိုးခွံ) ၄၀၄၉၁ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၆၉၁၄၆ ခု၊ Oxygen Plant ရှစ်ခု၊ Oxygen Generator ၁၁ ခု၊ ဆေးရုံသုံးအောက်ဆီဂျင်ဖြည့်စက် လေးခု၊ Test Kit ၃၂၂၈၀၇၈ ခု၊ နှာခေါင်းစည်း ၁၁၀၄ တန်၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၈၂၉၇၅ စုံ တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အရေးတကြီး လိုအပ်လျက်ရှိသည့် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်ဓာတ်ငွေ့၊ အိမ်သုံးအောက်ဆီဂျင်စက်၊ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရန် အများပြည်သူရုံးပိတ်ရက်များအဖြစ် သတ်မှတ်ကြေညာထားသည့် ဩဂုတ် ၉ ရက်မှ ၁၅ ရက်အထိ ရုံးပိတ်ရက်များတွင်လည်း နယ်စပ်ကုန်သွယ်ရေးစခန်းများအနေဖြင့် အလုပ်တာဝန်များ ရပ်ဆိုင်းထားမည်မဟုတ်ဘဲ ပုံမှန်အတိုင်း ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ကိုဗစ်–၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းမှုများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးမည်ဖြစ်ပြီး အဆိုပါရက်များတွင် ကုန်သွယ်ရေးဦးစီးဌာန(ရုံးချုပ်) ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲနှင့် ပို့ကုန် သွင်းကုန်ရုံး (ရန်ကုန်)တို့မှ အွန်လိုင်းစနစ်ဖြင့် ပို့ကုန် သွင်းကုန် လိုင်စင်လျှောက်ထားမှုများကိုလည်း ရုံးချိန်အတွင်း ပုံမှန်အတိုင်း ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဩဂုတ် ၈ ရက်နေ့စွဲဖြင့် အသိပေးကြေညာချက် ထုတ်ပြန်ထားသည်။

**စီစဉ်ဆောင်ရွက်ပေးထား**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာတာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ်မေးမြန်းနိုင်သည့် တာဝန်ခံ (Contact Person)များနှင့် အသိပေးကြေညာချက်များကိုလည်း ဝန်ကြီးဌာန Website ဖြစ်သည့် Commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်






# နောက်တစ်ခါ လာပြန်ပြီဟေ့

ကိုရေချမ်း

"နောက်တစ်ခါ လာပြန်ပြီဟေ့ . . . ဟေ . . . ဟေ . . . ဝါး" လို့ဆိုတဲ့ နားပန်းဆံသီချင်းလေးထဲက အတောအထ စာသားလေးကို ဆိုညည်းမိတာ အတော်ပဲအရသာရှိ၊ အားရှိလှပါတယ်။

သီချင်းရဲ့အနှစ်သာရက မြောက်ကြွားနေတဲ့ ရွာသားလေးကို ဝိုင်းဝန်းမြှောက်စားကြတဲ့သီချင်း ဖြစ်ပါတယ်။ ဆရာရွှေပြည်အေး ရေးစပ်ထားတဲ့ ရွာသူ ရွာသားတွေရဲ့ ပျော်ရွှင်စရာဘဝလေ့ သရုပ်ဖော် ကျေးလက်သီချင်းလေးဟာ ရွှင်မြူး တက်ကြွလန်းဆန်းစေတဲ့ သီချင်းတစ်ပုဒ်ဖြစ်ပါတယ်။

ကျွန်တော်ဆိုလိုချင်တာကတော့ ရွာသူ ရွာသားတွေရဲ့ ပျော်ရွှင်ဖွယ်ရာတော့ မဟုတ်ပါဘူး။ CRPH၊ NUG တို့ရဲ့ မြောက်ကြွားနေတဲ့ လေလုံးမိုးလုံးတွေနဲ့ အရင်တစ်ခါ PDF တွေကို မြှောက်စားပြီးတဲ့နောက် ဘာမှဖြစ်မလာပြန်တော့ အခုတစ်ခါ ထပ်မံမြှောက်စား လေလုံးထုတ်၊ ဟန်ရေးပြလာကြတာကို "နောက်တစ်ခါ လာပြန်ပြီဟေ့ . . . ဟေ . . . ဟေ . . . ဝါး" လို့ အဖြစ်မှန်ကို နားလည်ကြတဲ့ ပြည်သူတွေက ဝိုင်းဝန်းလှောင်ပြောင်ကြတဲ့ သဘော ဖြစ်ပါတယ်။ အရင်တစ်ခါ ဇွန်လ ၃၀ ရက်နေ့ကို D – Day ပြည်သိမ်းမယ့်ရက်ဆိုပြီး PDF တွေကို တပ်လှန့်ပေးခဲ့တာ ဇွန်လ ၃၀ ရက်မရောက်မီမှာဘဲ PDF တွေ အစုလိုက်၊ အစုလိုက် အဖမ်းခံခဲ့ရတာတွေ တွေ့ခဲ့ရပါတယ်။ အခုတစ်ခါ D – Day ခေါ်ပြီး နှစ်လအတွင်း အာဏာသိမ်းအဖွဲ့ ပျောက်ပျက်နိုင်တယ်လို့ PDF တွေက ကြောက်ကွဲခတ်သလို ပြောလာပြန်ပါတယ်။

## စိတ်ကူးနဲ့ရှူးနေ

ဒီသတင်းကို NUG က D – Day ခေါ်ပြီး လအနည်းငယ်အတွင်း အာဏာသိမ်းစစ်အုပ်စု ကျဆုံးပျောက်ပျက်သွားမှာဖြစ်တယ်လို့ တော်လှန်ရေးသမားတွေက ပြောပါတယ်။ မြန်မာနိုင်ငံမှာ လက်ရှိအားဖြင့် မိမိတို့ဒေသအလိုက် ရရာလက်နက်နဲ့ တိုက်ခိုက်နေတဲ့ PDF တွေကို NUG က ဆက်သွယ်ကူညီပေးနေသလို NUG ကိုယ်တိုင်ကလည်း PDF တပ်မတော်ကို ဖွဲ့စည်းအသင့်ပြင်နေတယ်လို့ ဆိုပါတယ်။ တစ်ပြည်လုံးအနှံ့ စတင်တိုက်ခိုက်မယ့်နေ့ရက်ကို NUG က ထုတ်ပြန်ကြေညာခြင်း မရှိသေးပေမယ့် လများမကြာမီ စတင်တော့မယ်ဆိုတဲ့သတင်းတွေ ပေါ်ထွက်နေပါပြီလို့ ဝါရှင်တန်ဒီစီမှ RFA က သတင်းထုတ်လွှင့်ပေးခဲ့တာကို တွေ့ရပါတယ်။ NUG ဟာ ပြည်ပနိုင်ငံကြီးတစ်နိုင်ငံကနေ ပြည်တွင်းမှာရှိတဲ့ လူငယ်တွေ၊ PDF တွေကို မြှောက်ပင့်ပေးခဲ့တာကြာခဲ့ပါပြီ။ ယခင်ကလည်း အမျိုးမျိုး အချိန်းအချက်ပေးပြီး မစမီကတည်းက ပျက်သုဉ်းပျောက်ကွယ်သွားတာပါပဲ။ NLD ကနေ ဖြစ်လာတဲ့ NUG နဲ့ PDF တွေဟာ "ပြည်ဖျက်စီမံကိန်း"ကို စိတ်ကူးနဲ့ ရှူးနေကြတာဖြစ်ပါတယ်။

**ပြည်ဖျက်၊ ပြည်သိမ်း စီမံချက်တွေဟာလည်း ဝက်ဝက်ကွဲအောင် အထိတ်တလန့် ဖြစ်စရာတွေပါပဲ။ အံ့သြဘနန်း အောင်ပွဲကြီးခံလိမ့်မယ်လို့ အမျိုးမျိုးလှန့်လုံး၊ ခြောက်လုံးတွေ ပြုလုပ်ခဲ့ကြတာဖြစ်ပါတယ်။ ပြည်ပအခြေစိုက်မီဒီယာတွေကလည်း အဆက်မပြတ် သတင်းလွှင့်ပေးနေကြပါတယ်။ NUG ရဲ့ မြှောက်ပင့်ပေးမှုတွေကို မျှော်လင့်ရင်းနဲ့ နွေဦးတော်လှန်ရေး၊ မိုးတွင်းတော်လှန်ရေးလို့ ကြွေးကြော်ပြီး လက်နက်ကိုင်အကြမ်းဖက်တဲ့ သူတွေဟာ မြို့ပေါ်ရောက်လာရင် တစ်သုတ်ပြီး တစ်သုတ် အဖမ်းခံလိုက်ရ၊ ကျေးလက်တွေမှာဆို အစုလိုက်အပြုံလိုက် နှိမ်နင်းခံလိုက်ရနဲ့ ပြေးစရာမြေမရှိဖြစ်နေပါတယ်။**

NUG က လွတ်ရာကျွတ်ရာ သာသာယာယာက နေ မြှောက်ပင့်ပေးနေတော့ ပြည်တွင်းက သူတို့ရဲ့ သြဇာခံ၊ လူမိုက် PDF တွေ မရှုမလှခံနေရပါတယ်။ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ ကယားပြည်နယ်က ဒေသတချို့မှာ အားမသန်ဘဲ ခါချဉ်ကောင် မာန်ကြီးလို့ အဲဒီဒေသက ကျေးလက်ပြည်သူတွေ အတိဒုက္ခရောက်ကြရပါတယ်။ လုံခြုံရေးတပ်ဖွဲ့တွေကို အကြမ်းဖက်သမားတွေက ချောင်းမြောင်းတိုက်ခိုက်လို့ ဖယ်ရှားရှင်းလင်းနှိမ်နင်းခံရရင် အပြစ်မဲ့ပြည်သူတွေ ရက်ရက်စက်စက် အသတ်ခံရတယ်လို့ ပြောင်းပြန်လှန်ပြီး ပြောကြပါတယ်။

## တကယ့်အခြေအနေ

တကယ်တော့ NUG နဲ့ PDF တွေဟာ မြေပြင်က လက်တွေ့အဖြစ်အပျက်တွေနဲ့ အမြီးအမောက်မတည့်တဲ့အခြေအနေတွေကို ခြောက်လုံး၊ ဟန့်လုံးတွေနဲ့ ပြောနေကြတာဖြစ်ပါတယ်။ **"တော်လှန်ရေးသက်တမ်းခြောက်လမှာ ကျွန်တော်မြို့ပေါ်မှာ နှစ်လလောက်ပဲ နေခဲ့ရတာပါ။** ဒီမှာရောက်နေတာ လေးလပတ်ဝန်းကျင်ပေါ့။ ကျွန်တော်ဗျာ ခင်ဗျားတို့မြို့ပေါ်မှာပျော်နေတဲ့သူတွေကို တစ်ခါတလေ မနာလိုအားကျဖြစ်မိတယ်။ ဘယ်လောက်ပဲခက်ခဲပါစေ၊ ကောင်းကောင်းစားလို့ရတယ်။ ကိုယ့်အိပ်ရာမှာ နွေးနွေးထွေးထွေးအိပ်လို့ရတယ်။ မိသားစုတွေ၊ ချစ်ရတဲ့သူတွေ၊ သူငယ်ချင်းတွေနဲ့တွေ့လို့ရတယ်။ ကျွန်တော်တို့ အဲဒါတွေ အကုန်စွန့်ပြီးလာခဲ့တာပါ။ ရှုံးရင် ကျွန်တော်တို့ အဲဒါတွေကို ထာဝရနှုတ်ဆက်ရမှာပါ။ နောက်ပြန်လှည့်လို့မရပါဘူး။ မိသားစုတွေ၊ သူငယ်ချင်းတွေ၊ ချစ်ရတဲ့သူတွေနဲ့ ခွဲခွာပြီး နေနေရတဲ့သူတွေအတွက် ခင်ဗျားတို့စာနာပေးပါ။ လူသားအချင်းချင်းပဲ စာနာတဲ့စိတ်လေးတော့ထားပေးပါ။ အဲတော့ ခင်ဗျားတို့မပျော်နဲ့ မပြောပါဘူး။ ပျော်ပါ ကျွန်တော်တို့လည်း နိုင်အောင်ဆက်တိုက်မယ်။ ဒါပေမဲ့ နောက်ကွယ်ကနေ PDF တွေ၊ STF တွေကို ထောက်ပံ့ပေးပါ။ ဒီရက်ပိုင်းလည်း မြို့ပေါ်က ညီအစ်ကိုတွေ အများကြီးဖမ်းမိတော့ စိတ်ကသိပ်အဆင်မပြေဘူး။ ဒီလူတွေကုန်သွားရင် နောက်ထပ်ဘယ်သူမှ မရှိတော့ပါဘူး။ ကူညီနိုင်ကြပါစေ"**လို့ မြောက်ပိုင်း PDF တစ်ယောက်ရဲ့ ရင်ဖွင့်သံဟာ ဘယ်ပြည်ပမီဒီယာကမှ မထုတ်လွှင့်တဲ့၊ NUG က နှာစေးနေတဲ့ မြေပြင်က တကယ့်အခြေအနေဖြစ်ပါတယ်။

တိုင်းရင်းသားလူငယ် ခေါင်းဆောင်တစ်ယောက်ကလည်း **"ဒီရက်ပိုင်း PDF တွေကိုယ်တိုင် Page တွေကနေရော သူတို့ acc တွေကပါ NUG ကို** ခပ်စိပ်စိပ် ဝေဖန်လာကြတာ တွေ့တယ်။ တချို့ဆို ဝေဖန်ရုံတင်မဟုတ်ဘူး။ ဒေါကန်ပြီး ဆဲတဲ့အဆင့်ပါ ဖြစ်လာရော။ သူတို့ဘက်ကကြည့်ရင်လည်း ပေါက်ကွဲသင့်တယ်။ သူတို့ခမျာ မိသားစု၊ အသက်၊ ဘဝအနာဂတ်တွေကိုရင်းပြီး တောထဲဝင်ခဲ့ရတာ။ **သူတို့ကို အုပ်ချုပ်ဦးဆောင်မယ့် NUG က အခုထက်ထိ သကြားလုံးတစ်ထုပ်နဲ့ဘာဆိုလား ထောက်ပံ့ပြီး အခုထိ မမြင်ရတော့ဘူးတဲ့။ လက်နက်ကိုင်တိုက်ရမယ့်သူတွေက လက်နက်တောင် မသေချာသေးတဲ့ အပြင် မိုးတွင်းကလည်းဖြစ်၊ ရိက္ခာကလည်းမလုံလောက် လက်နက်ကိုင်တိုက်ဖို့ထက် ဝမ်းစာအရင်ရှာစားနေရတဲ့ဘဝဖြစ်ကုန်ပြီ။ တချို့ဆို စားစရာမရှိလို့ တောပင့်ကူတွေနဲ့ တွေ့တဲ့အကောင်တိုင်းမီးဖုတ်စားရတဲ့ အခြေအနေဖြစ်နေပြီ။**

**အဲဒီလို ကြမ်းတမ်းခက်ခဲစွာ နေထိုင်ရတာကို စိတ်ကုန်လို့ တောတွင်းဘဝကို စွန့်လွှတ်ပြီး အိမ်ပြန်မယ်ဆိုတော့လည်း ပြန်စရာလမ်းစရိတ်ကမရှိတော့ဘူးတဲ့။ သူတို့ရဲ့အခက်အခဲတွေကို NUG ကို တင်ပြမယ်ဆိုတော့လည်း NUG ဘက်က တိုက်ရိုက်အဆက်သွယ်မခံဘူး။ ကြားခံနဲ့သာ ဆက်သွယ်ရသတဲ့။ နိုင်ငံတကာနဲ့ကျ တိုက်ရိုက်ပတ်တွေ့ပြီး သူတို့လို အနီးကပ်ဆက်ဆံရမယ့်လူကျ ဘာလို့တိုက်ရိုက်မတွေ့လဲဆိုပြီး သူတို့တင်ထားကြတယ်။ NUG ဟာ အခုထက်ထိ ပြည်သူတွေနဲ့ တိုက်ရိုက်ထိတွေ့ပြီး ပြည်သူ့အသံကို နားထောင်တတ်ဖို့ မပြောနဲ့ သူတို့လက်အောက်ခံအဖွဲ့အစည်း PDF ရဲ့အသံကိုတောင် တိုက်ရိုက်နားမထောင်ဘဲ ကြားခံထားမှတော့ ဘယ်လိုလုပ် ကိုယ်တိုင်ကြားပြီး နားလည်ကိုယ်ချင်းစာပေးနိုင်တော့မလဲ"**လို့ သူ့ရဲ့ခံစားရတာကို မျှဝေပေးခဲ့တာတွေဟာ တကယ်ဖြစ်ရပ်မှန်တွေပါပဲ။

> **ကျေးလက်ပြည်သူတချို့ဟာ ဒေသခံ PDF အဖြစ် မပြန်လမ်းကို ရောက်ရှိသွားတာဖြစ်ပါတယ်။ ရရာလက်နက်နဲ့ လုံခြုံရေးတပ်ဖွဲ့တွေကို တန်ပြန်တိုက်ခိုက်တာဟာ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်တာပါပဲ။ ကြားထဲက ကျေးလက်ပြည်သူတွေဟာ မြေစာပင်ဖြစ်ကြရပါတယ်။ စစ်ကိုခေါ်တုန်းက ခေါ်ပြီး တိုက်ခိုက်ရင်းနဲ့သေဆုံး၊ စစ်ဘေးဒုက္ခသည်တွေဖြစ်လာမှ လုံခြုံရေးတပ်ဖွဲ့ကို အပြစ်ပုံချတာ အလွန်ညံ့ဖျင်းတဲ့ စိတ်ကူးဖြစ်ပါတယ်**

## စိတ်မဝင်စားဘူး

ပြီးခဲ့တဲ့ ဇူလိုင်လ ၇ ရက်က CNN က 'Inside the Myanmar mountain camp where rebels train to fight for freedom from the junta' ဆိုပြီး ထုတ်လွှင့်ခဲ့တဲ့ သတင်းတစ်ပုဒ်မှာ ချင်းပြည်နယ်မှာ တောခိုနေတဲ့ GZ တွေရဲ့ဘဝနဲ့ စစ်ဘေးဒုက္ခသည်တွေအကြောင်း သတင်းဆောင်းပါးတစ်ပုဒ် ဖော်ပြခဲ့ပါတယ်။ ဆောင်းပါးမှာ တပ်မတော်ကို ခပ်ပါးပါး အပြစ်တင်ထားပြီး PDF တွေ ရှုံးနိမ့်နေပြီဆိုတာကို သွယ်ဝိုက်ပြီးတော့ ဝန်ခံထားတာကို တွေ့ရပါတယ်။

ဆောင်းပါးမှာ တောထဲမှာ ဗုံးစမ်းသပ်ရင်း ပေါက်ကွဲလို့ ပွဲချင်းပြီးတဲ့ GZ တွေအကြောင်းလည်း ပါပါတယ်။ ဆောင်းပါးဟာ မြန်မာ – အိန္ဒိယနယ်စပ်က လက်နက်ကိုင်အဖွဲ့ (CNF) ကို အခြေပြုထားပြီး တိုင်းရင်းသားလက်နက်ကိုင်တွေအနေနဲ့ တပ်မတော်ကို ဘုံရန်သူအဖြစ်ထားပြီး ဒီမိုကရေစီအရေးနဲ့ ဖက်ဒရယ်အရေးအတွက် တိုက်ပွဲဝင်ကြဖို့ လမ်းကြောင်းပေးထားတာ တွေ့ရပါတယ်။ တကယ်တော့ EAOs တွေဟာ သူ့နေရာမှာသူ လှုပ်ရှားနေကြတာဖြစ်ပါတယ်။ အတွင်းထဲဝင်ပြီး တပ်မတော်နဲ့ တိုက်ခိုက်နိုင်တဲ့အခြေအနေ မရှိပါဘူး။ ဘယ် EAOs မှ ရှိရင်းစွဲ မှုခြေကို အပျက်ခံပြီး စစ်မြူဖို့ စိတ်မဝင်စားပါဘူး။

ပြီးခဲ့တဲ့ ဩဂုတ်လ ၃ ရက်နေ့က ကုလသမဂ္ဂရဲ့ မြန်မာကိုယ်စားလှယ်ဆိုတဲ့ မြန်မာနိုင်ငံရဲ့ ဝရမ်းပြေးက စစ်ကိုင်းတိုင်းဒေသကြီးတစ်ဝိုက်က ရွာတွေမှာ ပြီးခဲ့တဲ့လက လူအစုလိုက် ညှဉ်းပန်းသတ်ဖြတ်မှုတွေရှိတယ်ဆိုပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကို မျက်ရည်ခံထိုး တိုင်တန်းထားတာတွေ့လိုက်ရပါတယ်။ ကုလသမဂ္ဂကို လေလှိုင်းပေါ်က တစ်ဖက်တည်းအမြင်တွေနဲ့ "သူခိုးက လူ လူ" ဟစ်လိုက်တာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းက မြို့နယ်အချို့ရဲ့ ကျေးရွာတချို့ပတ်ဝန်းကျင်မှာ NLD က ပေါက်ဖွားလာတဲ့ CRPH နဲ့ NUG က ကျေးလက်က မသိနားမလည်တဲ့ ပြည်သူတွေကို မြှောက်ပင့်ပေးပြီး အကြမ်းဖက်သမားဘဝကို တွန်းပို့ပေးခဲ့တာဖြစ်ပါတယ်။

ကျေးလက်ပြည်သူတချို့ဟာ ဒေသခံ PDF အဖြစ် မပြန်လမ်းကို ရောက်ရှိသွားတာဖြစ်ပါတယ်။ ရရာလက်နက်နဲ့ လုံခြုံရေးတပ်ဖွဲ့တွေကို တန်ပြန်တိုက်ခိုက်တာဟာ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်တာပါပဲ။ ကြားထဲက ကျေးလက်ပြည်သူတွေဟာ မြေစာပင်ဖြစ်ကြရပါတယ်။ စစ်ကိုခေါ်တုန်းကခေါ်ပြီး တိုက်ခိုက်ရင်းနဲ့သေဆုံး၊ စစ်ဘေးဒုက္ခသည်တွေဖြစ်လာမှ လုံခြုံရေးတပ်ဖွဲ့ကို အပြစ်ပုံချတာ အလွန်ညံ့ဖျင်းတဲ့ စိတ်ကူးဖြစ်ပါတယ်။

## သေတွင်းတူးသလို

**အရင်တစ်ခါ Federal Army ဘာညာသတင်းကိုမျှော်ရင်း CRPH က ဝန်ကြီးဆိုသူက စစ်သင်တန်းသာ ရအောင်တက်ထား၊ လက်နက်ကိစ္စပူရန်မလို အားလုံးစီစဉ်ပြီးနေပြီ လူစေ့မရတောင် ဝေစုတစ်စုစာရောက်အောင် ပို့ပေးလိုက်မယ်ဆိုတဲ့ မြှောက်ပင့်ပေးတာနဲ့ ရရာတူမီးသေနတ်နဲ့ လုံခြုံရေးတပ်ဖွဲ့တွေကို ပြန်လည်တိုက်ခိုက်ကြတာ သေသူသေ၊ အဖမ်းခံရသူအဖမ်းခံပဲ အဖတ်တင်ပါတယ်။ နောက်တစ်ခါ ဇွန် ၃၀ ရက်ကို D – Day ဆိုပြီး မြှောက်ပင့်ပေးလိုက်တာ အတုံးအရုံး သေဆုံးအဖမ်းခံကြရပြန်ပါတယ်။**

အခုနောက်တစ်ခါ ပြည်သိမ်းစစ်ပွဲကြီး D – Day ကြီးလာတော့မယ်လို့ ထပ်မံမြှောက်ပင့်လှုံ့ဆော်ပေးလာပြန်ပါတယ်။ နှစ်လအတွင်း ပြည်သိမ်းမယ်လို့ သကြံ်နအမြောက်ဖောက်ကြပြန်ပါတယ်။ တစ်ဖက်ကတော့ မနိုင်မှန်းသိလို့ တပ်မတော်ကို ပြိုကွဲဖို့ သွေးထိုးလှုံ့ဆော်ပေးကြပါတယ်။ စနစ်တကျဖွဲ့စည်းပြီး နှစ်ပေါင်း ၇၀ ခန့် စစ်ရေးအတွေ့အကြုံရှိတဲ့ EAOs တွေတောင် စစ်ကိုမြူဖို့ မကြိုးစားခဲ့ပါဘူး။ မနေ့တစ်နေ့ကမှ စစ်သင်တန်းလေးဘာလေးတက်ပြီး စစ်ကိုမြူဖို့ ကြိုးစားရင် ကိုယ့်သေတွင်း ကိုယ်တူးသလိုဖြစ်မှာ သေချာပါတယ်။

သို့သော်လည်း ဖမ်းမိပြီးသား အကြမ်းဖက်သမားတွေ အရေအတွက်နဲ့ လက်နက်တွေကို ကြည့်မယ်ဆိုရင် ရန်သူကို လျှော့တွက်လို့တော့ မရပါဘူး။ တပ်မတော်က မဖြိုခွဲနိုင်ရင် အဲဒီလူတွေနဲ့လက်နက်တွေဟာ တိုင်းပြည်ကို ဖရိုဖရဲဖြစ်သွားနိုင်ပါတယ်။ အစဉ်အလာရှိတဲ့ တပ်မတော်ဟာ တရားတဲ့စစ်ပွဲရဲ့ နိုင်ခြေကို ရာခိုင်နှုန်းပြည့် ဆွဲတင်ထားမှာဖြစ်ပြီး အကြမ်းဖက်သမားတွေကို သုညအထိ ဆွဲချမှာသေချာပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အကြမ်းဖက်သမားတွေ အခု D – Day လို့ အော်လိုက်တာကို "နောက်တစ်ခါလာပြန်ပြီဟေ့ . . . ဟေ . . . ဟေ . . . ဝါး"လို့သာ ရယ်လိုက်ချင်ပါတယ်။ ။

# ရေကြီးနစ်မြုပ် လယ်ယာမြေများအား အချိန်မီပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရေး နှိုးဆော်ချက်

၁။ ၂၀၂၀-၂၀၂၁ ခုနှစ် မိုးရာသီအတွင်း နိုင်ငံတစ်ဝန်းတွင် မိုးသီးနှံဧက (၁၆ ဒသမ ၅)သန်းကျော် စိုက်ပျိုးပြီးသည့်အနက် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မြစ်ရေကြီးခြင်းနှင့် ပင်လယ်ဒီရေ မြင့်တက်ခြင်းတို့ကြောင့် ဇူလိုင်လကုန်တွင် မိုးသီးနှံဧက(၇)သောင်းကျော် ရေကြီးနစ်မြုပ်လျက်ရှိပါသည်။

၂။ တောင်သူလယ်သမားများ၏ ရေကြီးနစ်မြုပ်ပျက်စီးသွားသော မိုးစပါးလယ်မြေများအား အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် အောက်ဖော်ပြပါနည်းလမ်းများ အသုံးပြု၍ လိုက်နာဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည် -

(က) အရန်ပျိုးများဖြင့် ပြန်လည်အစားထိုးစိုက်ပျိုးခြင်း၊

(ခ) သက်လတ်နှင့် သက်ကြီးစပါးမျိုးများကို သက်တမ်းရက်(၆၀)အတွင်းရှိ စပါးစိုက်ခင်းမှ သားတက်ခွဲ၍ ပွားများစိုက်ပျိုးခြင်း၊

(ဂ) သက်လျင်စပါးမျိုး (ရက်-၉၀၊ ရွှေသွယ်ရင်၊ ထိုင်းနံ့ကောက်) စသည်များဖြင့် ပျိုးထောင်စိုက်ပျိုးခြင်း (သို့) Drum Seeder အသုံးပြု၍ တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း၊ ပျိုးဖျာလိပ်ပျိုးထောင်နည်း (Dapog Method)ကို အသုံးပြု၍ ပျိုးထောင်စိုက်ပျိုးခြင်း၊

(ဃ) အမြန်ဆုံး ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရန် ကောက်စိုက်စက်များအသုံးပြုစိုက်ပျိုးခြင်း၊

(င) မပျက်စီးဘဲ ထိခိုက်နိုင်သော စပါးခင်းများအား ရေသွင်းရေထုတ်ပြုလုပ်ပေးပြီး သဘာဝမြေဩဇာနှင့် ပုလဲဓာတ်မြေဩဇာ (၃:၁) အချိုးဖြင့် ရောစပ်ထည့်သွင်းပေးခြင်း၊

(စ) ထိခိုက်သောစပါးခင်းများတွင် ပိုးမွှားရောဂါကျရောက်မှုအခြေအနေစစ်ဆေးလျက် လိုအပ်သော ကာကွယ်နှိမ်နင်းခြင်းများ ဆောင်ရွက်ခြင်း၊

၃။ ရေကြီးနစ်မြုပ်မှုမရှိဘဲ ပုံမှန်ကောင်းမွန်နေသောစပါးခင်းများအား အထွက်နှုန်းတိုးတက်ရေးအတွက် ပေါင်းမြက်နှိမ်နင်းခြင်း၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိုးညီ အချိန်ကိုက်ထည့်သွင်းခြင်း၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် ကာကွယ်နှိမ်နင်းခြင်း၊ ရေသွင်းရေထုတ်ဆောင်ရွက်ခြင်းများကို အထူးဂရုပြုဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါသည်။

၄။ ရေကျသွားချိန်၌ ရေကြီးနစ်မြုပ်ပျက်စီးပြီး မိုးစပါးပြန်လည်အစားထိုး စိုက်ပျိုးနိုင်ခြင်းမရှိသည့်ဧရိယာများတွင် ရေမြေဒေသနှင့် ကိုက်ညီသည့်သီးနှံများကို အချိန်မီ အပြည့်အဝ ပြန်လည်အစားထိုးစိုက်ပျိုးသွားနိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်သွားကြရန်လည်း လိုအပ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ရေကြီးနစ်မြုပ်၍ ပျက်စီးသွားသော လယ်ယာမြေများတွင် သီးနှံများ အချိန်မီ ပြန်လည်အစားထိုး စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည်များ ကူညီပံ့ပိုးပေးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနများအနေဖြင့် အသင့်ကြိုတင်ပြင်ဆင်ပြီးဖြစ်ပါကြောင်းနှင့် သီးနှံရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ပါက တောင်သူလယ်သမားများအနေဖြင့် မိမိတို့နှင့်နီးစပ်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရှိ အထက်ဖော်ပြပါ ဌာန/ရုံးများတွင် လိုအပ်သည့်အကူအညီများ ရယူဆောင်ရွက်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ပဲခူးဒေသမှထွက်ရှိသည့် ကြက်၊ ဘဲ၊ ဝက်၊ ကြက်ဥ၊ ဘဲဥ၊ ငါးများအား မြန်မာနိုင်ငံ၏ သားငါးဈေးကွက်သို့ အဓိကထောက်ပံ့ပေးနေ



**ပဲခူး ဩဂုတ် ၈**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဩဂုတ် ၆ ရက် မွန်းလွဲပိုင်းက ပဲခူးမြို့ ပြည်ပစက်မှုဇုန် နယ်မြေတွင် တည်ဆောက်ထားသည့် Myanmar New Hope Farms Co., Ltd. ၏ တိရစ္ဆာန်မွေးမြူရေး အစာစပ်စက်ရုံသို့ သွားရောက်ကြည့်ရှုသည်။

**စိုက်ပျိုးရေးနှင့် မွေးမြူရေးအဓိကထား**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားဆောင်ရွက်သည့် တိုင်းဒေသကြီး တစ်ခုဖြစ်သည့်အတွက် စိုက်ပျိုးရေးလုပ်ကိုင်သူနှင့် မွေးမြူရေးလုပ်ကိုင်သူတို့၏ အခက်အခဲများသည် မဖြစ်မနေ ဖြေရှင်းပေးရမည့် တာဝန်ရှိကြောင်း၊ ပဲခူးဒေသမှထွက်ရှိသည့် ကြက်၊ ဘဲ၊ ဝက်၊ ကြက်ဥ၊ ဘဲဥ၊ ငါးတို့သည် မြန်မာနိုင်ငံ၏ သားငါးဈေးကွက်ကို အဓိကထောက်ပံ့ပေးနေရပြီး တိရစ္ဆာန်အစာများ ဈေးနှုန်းကြီးမြင့်ပါက သားငါး၊ ကြက်ဥ၊ ဘဲဥတို့ ဈေးနှုန်းကြီးမြင့်နိုင်မည်ဖြစ်၍ အခြေခံလူတန်းစားများအတွက် စားဝတ်နေရေး အခက်အခဲဖြစ်ပေါ်နိုင်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် Myanmar New Hope Farms Co., Ltd မှ တာဝန်ရှိသူများသည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အင်းတကော်မြို့ လသာအေးကျေးရွာရှိ ဦးစိုးနိုင်ဝင်း၏ ဥစားကြက်ကောင်ရေ ၂၅၀၀၀ မွေးမြူထားသည့် မွေးမြူရေးခြံနှင့် ဥစားကြက်သားပေါက်ကောင်ရေ ၁၀၀၀၀ ပြုစုစောင့်ရှောက်နေမှု အခြေအနေတို့ကို သွားရောက်ကြည့်ရှုပြီး မျိုးကောင်း မျိုးသန့်ရရှိရေး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု မရှိစေရေးနှင့် ကြက်စာအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများ လွယ်ကူစွာရရှိစေရေး ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်စိုး (ပဲခူး)**

## စစ်တွေမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ကုန်ထုတ်လုပ်မှုရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းကြည့်ရှု

**စစ်တွေ ဩဂုတ် ၈**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက စစ်တွေမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းကြည့်ရှုသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ကန်တော်ကြီးရပ်ရှိ စိုက်ပျိုးရေးဦးစီးဌာနပိုင် စစ်တွေမျိုးသန့်ခြံသို့ သွားရောက်ပြီး စပါးမျိုးသန့်စိုက်ပျိုးနေမှုကို သွားရောက်ကြည့်ရှုကြသည်။ ထိုသို့သွားရောက်ကြည့်ရှုစဉ် ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းမြင့်က မျိုးသန့်ခြံအတွင်း ရာသီမရွေး မျိုးကောင်းမျိုးသန့်များ မျိုးစေ့ထုတ်စိုက်ပျိုးနေမှုအခြေအနေ၊ မျိုးသန့်မိုးစပါးများ စိုက်ပျိုးနေမှုအခြေအနေတို့ကို လှည့်လည်ရှင်းလင်းပြသသည်။ စစ်တွေမျိုးသန့်ခြံတွင် ဆင်းသွယ်လတ်စပါးမျိုး ၁ ဒသမ ၅ ဧကနှင့် ပေါ်ဆန်းရင်စပါးမျိုး ၁၆ ဒသမ ၀၀ ဧကကို ပျိုးထောင်စိုက်ပျိုးထားပြီး



ဖြစ်ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုအပ်သည်များ ဖြည့်ဆည်းညှိနှိုင်း ဆောင်ရွက်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့နယ် ဂန့်ဂေါ်ကျွန်းကျေးရွာအုပ်စု ဂန့်ဂေါ်ကျွန်းကျေးရွာအနီး တောင်သူ ၁၇ ဦး၏ လယ်ဧက ၆၃ ဧကတွင် မိုးစပါးမျိုးစေ့ထုတ် စိုက်ပျိုးနေသော စိုက်ခင်းသို့ သွားရောက်ကြည့်ရှုပြီး တောင်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် တောင်သူများက မျိုးသန့်မျိုးစပါးများအား ဝယ်ယူသိုလှောင်ထားရှိနိုင်ရေး၊ စိုက်ခင်းအတွင်း သွင်းအားစုအဖြစ်ထည့်သွင်းရန် ဓာတ်မြေဩဇာလိုအပ်မှုအခြေအနေတို့ကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး အမြန်ဆုံး ဆောင်ရွက်ပေးနိုင်ရန် လမ်းညွှန်မှာကြားကြောင်း သိရသည်။

စစ်တွေမြို့နယ်တွင် မျိုးစေ့ထုတ်မိုးစပါး စိုက်ဧက ၁၀၀ စိုက်ပျိုးလျက်ရှိရာ စစ်တွေမြို့နယ် ကြို့တဲကျေးရွာတွင် တောင်သူ ၁၀ ဦး (လယ်ဧက ၁၀ ဧက)၊ ကျက်တောပြင်ကျေးရွာတွင် တောင်သူ ၁၇ ဦး (လယ်ဧက ၂၇ ဧက)၊ ဂန့်ဂေါ်ကျွန်းကျေးရွာတွင် တောင်သူ ၁၇ ဦး (လယ်ဧက ၆၃ ဧက) တို့တွင် ဆင်းသွယ်လတ်နှင့် ပေါ်ဆန်းရင်စပါးများကို မျိုးစေ့ထုတ် စိုက်ပျိုးလျက်ရှိသည်။

ထိုသို့စိုက်ပျိုးလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေသည့် ကာလအတွင်း ဒေသတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ပေးနိုင်ရန် ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ရှိ သဇင်ဆောင်၌ ဗီဝကယဉ်ကျေးမှု ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာဖွင့်လှစ်



နေပြည်တော် ဩဂုတ် ၈

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ရှိ သဇင်ဆောင်၌ ဗီဝကယဉ်ကျေးမှု ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာဖွင့်လှစ်ပွဲနှင့် အလှူငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့် အဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

**ကြည့်ရှုစစ်ဆေး**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာကို ဖွင့်လှစ်ပေးပြီး ကိုဗစ်-၁၉ ရောဂါ လူနာများ စတင်လက်ခံရန် ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗီဝကယဉ်ကျေးမှု ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာအတွက် အလှူရှင်များဖြစ်ကြသည့် ထက်ကမ္ဘာကျော်ကုမ္ပဏီမှ ဦးထက်ဖြိုးအောင်(ခ) ကိုသားငယ်က အလှူငွေကျပ်သိန်း ၁၀၀၀၊ ဦးနေဝင်းမောင်နှင့် ဒေါ်မြင့်မြင့်ဌေးမိသားစုက ငွေကျပ်သိန်း ၁၀၀၊ တရုတ်နိုင်ငံ ကျန်စုပြည်နယ် စီးပွားရေးလုပ်ငန်းရှင်များအသင်းက ငွေကျပ်သိန်း ၂၉၀ တန်ဖိုးရှိ Medical Ventilator တစ်လုံး၊ TTY Myanmar ကုမ္ပဏီနှင့် မိတ်ဖက်ကုမ္ပဏီများက ငွေကျပ်သိန်း ၂၅၀၊ Sudey Industrial Myanmar ကုမ္ပဏီနှင့် မိတ်ဖက်ကုမ္ပဏီများက ငွေကျပ်သိန်း ၂၅၀၊ Golden Tri–Light Myanmar ကုမ္ပဏီနှင့် မိတ်ဖက်ကုမ္ပဏီများက ငွေကျပ်သိန်း ၂၅၀၊ New Forest ကုမ္ပဏီနှင့် မိတ်ဖက်ကုမ္ပဏီများက ငွေကျပ်သိန်း ၂၅၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် စင်တာအတွင်းရှိ ဗီဝကပရဟိတအဖွဲ့က လူနာ ၃၀၀ နှင့် ကုသရေးအဖွဲ့များ၊ လုပ်အားပေးအဖွဲ့များအတွက် ကူညီပံ့ပိုးလှူဒါန်းထားသည့် အိပ်ရာ၊ ခြင်ထောင်၊ ခုတင်နှင့် ရေချိုးခန်း၊ အိမ်သာများ၊ တစ်ကိုယ်ရေသုံးပစ္စည်းများ၊ လူနာလက်ခံရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ အောက်ဆီဂျင်လိုအပ်မည့် လူနာများအတွက် ပြင်ဆင်ထားရှိမှု၊ စင်တာအတွက် လိုအပ်သည့် အောက်ဆီဂျင်ထုတ်လုပ်ဖြန့်ချိပေးမှု၊ ဆေးပစ္စည်းများနှင့် ဆေးရုံသုံးပစ္စည်းများထားရှိမှု၊ ပတ်ဝန်းကျင်အား ထိခိုက်သက်ရောက်မှုနှင့် ကူးစက်ပျံ့နှံ့မှု မရှိစေရေးစီစဉ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်းနှင့် အဆိုပါ စင်တာကို ဩဂုတ် ၉ ရက်တွင် စတင်၍ လက်ခံဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများ ပြုစုစောင့်ရှောက်ရေးစခန်းများသို့ ကိုဗစ်ကာကွယ်ရေးသုံးပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်



မြစ်ကြီးနား ဩဂုတ် ၈

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရပ်ဘက်အဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများဖြင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်နှင့်အတူ မြစ်ကြီးနားမြို့ပေါ်ရှိ ကက်သလစ်အသင်းတော်ပိုင် ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများပြုစုစောင့်ရှောက်ရေးစခန်းများသို့ သွားရောက်ပြီး ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်သည်။

**ထောက်ပံ့ငွေများပေးအပ်**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ကြီးနားမြို့ အောင်နန်းရပ်ကွက်ရှိ စိန်ကိုလန်ဘန် ကသီဒြယ် ကက်သလစ်အသင်းတော်ပိုင် ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများ ပြုစုစောင့်ရှောက်ရေးစခန်း၌ ဘုန်းတော်ကြီး၊ ဆရာဝန်နှင့် စေတနာ့ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများပူးပေါင်း၍ လူနာများအား ပြုစုစောင့်ရှောက်ပေးနေမှုလုပ်ငန်းများ၊ လိုအပ်ချက်များနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူ့ဆေးရုံကြီးနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များကို ပံ့ပိုးကူညီပေးနိုင်ရေးပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကာ အသင်းတော်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများဖြစ်သည့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများ၊ နှာခေါင်းစည်းများနှင့် စေတနာ့ဝန်ထမ်းများ လူမှုရေးအသင်းအဖွဲ့များအတွက် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထို့နောက် ဒူကထောင်ရပ်ကွက်ရှိ စိန့်ဂျိုးဇက် ကက်သလစ်အသင်းတော် ကလေးသူငယ်ဖွံ့ဖြိုးရေးဂေဟာအတွင်း ဖွင့်လှစ်ဆောင်ရွက်သွားမည့် ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများ ပြုစုစောင့်ရှောက်ရေးစခန်းအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် စေတနာ့ဝန်ထမ်းလူငယ်များဖြင့် စုဖွဲ့ဆောင်ရွက်ထားရှိမှုများကို အသင်းတော်တာဝန်ရှိသူများနှင့် လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးတို့က တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများ၊ နှာခေါင်းစည်းများနှင့် ထောက်ပံ့ငွေများကို ထောက်ပံ့ပေးအပ်ခဲ့ကြကာ ထိုမှတစ်ဆင့် စီတာပူရပ်ကွက်အတွင်းရှိ စိန့်ပက်ထရစ်အသင်းတော်ပိုင်ကျောင်းဝင်းအတွင်း ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများအား ပြုစုစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုအားပေးကာ ကျောင်းထိုင်ဘုန်းတော်ကြီးဒေါက်တာပီတာခါးအောင်တူးထံ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများ၊ နှာခေါင်းစည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ကြသည်။

ယင်းနောက် မြစ်ကြီးနားတက္ကသိုလ်ဝင်းအတွင်းရှိ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများ သီးသန့်ထားစောင့်ကြည့်ကုသပေးလျက်ရှိသည့် ဖုန်ဂန်ရာဇီ အမျိုးသားဆောင်နှင့် ဆဒုံးဘွမ်အမျိုးသမီးလူနာဆောင်များတွင် လူနာများအား အားပေးစကားပြောကြားပြီး စေတနာ့ဝန်ထမ်းများအတွက် လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးကာ ထောက်ပံ့ငွေများကို ပေးအပ်သည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရှေးဦးမြို့၌ အသက် ၆၅ နှစ်နှင့်အထက်နှင့် ဦးတည်အုပ်စုများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ



ရွှေဦး ဩဂုတ် ၈

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၇ ရက် နံနက်ပိုင်းက ရှေးဦးမြို့နယ် အောင်မင်္ဂလာရပ်ကွက်အားကစားခန်းမနှင့် စိုက်ပျိုးရေးဦးစီးဌာန တောင်သူစုဝေးခန်းမသို့ သွားရောက်၍ အသက် ၆၅ နှစ်နှင့်အထက်နှင့် ဦးတည်အုပ်စုများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ရှေးဦးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေနဒီဦးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်ထွန်းက လတ်တလောဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေမှု၊ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ကုသပေးနေမှု၊ ကာကွယ်ရေးပစ္စည်းစုဆောင်းထားရှိမှု၊ ကာကွယ်ဆေးထိုးနှံပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စေတနာ့ဝန်ထမ်းများအတွက် ကျန်းမာရေးသုံးပစ္စည်းများနှင့်အခြေခံစားသောက်ကုန်များ၊ တောင်သူများအတွက် ဟင်းသီးဟင်းရွက်မျိုးစေ့ထုပ်များ၊ မြို့နယ် ကိုဗစ်- ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ရန်ပုံငွေကျပ်၁၀သိန်းကိုလည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်စိုးက တပ်ရင်းတပ်ဖွဲ့သို့ ရန်ပုံငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့က ကျန်းမာရေးပစ္စည်းထောက်ပံ့မှုအနေဖြင့် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးငါးလုံး၊ နှာခေါင်းစည်းအခု ၅၂၀၀၊ လက်သန့်ဆေးရည်ဘူး ၂၀၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၂၀၀ တို့ကိုလည်းကောင်း ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# လွိုင်လင်ခရိုင်အတွင်းရှိ မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ



**နမ့်စန်(တ) ဩဂုတ် ၈**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်တွင် လွိုင်လင်ခရိုင်အတွင်းရှိမသန်စွမ်းသူများအတွက် ထောက်ပံ့ငွေနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ လွိုင်လင်ခရိုင်အတွင်းရှိ မသန်စွမ်းသူများအတွက် ထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ငွေကျပ် ၂၄၆ ဒသမ ၆ သိန်းနှင့် လွိုင်လင်ခရိုင်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများအတွက် ရှမ်းပြည်နယ်အစိုးရမှ ထောက်ပံ့သည့် ကြက်ဥအလုံး ၃၈၀၀ ကျော်ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ပေးအပ်ရာ လွိုင်လင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလှိုင်က လက်ခံရယူသည်။

**လက်ခံရယူ**

ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပေးအပ်ရာ နမ့်စန်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးက လက်ခံရယူသည်။

ထို့နောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ကျပ် ၁၀ သိန်းစီကို အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် လှမိုး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်၊ အတွင်းရေးမှူး ဦးနေလင်း၊ လူမှုရေးရာဝန်ကြီး ဦးအောင်မြင့်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရဲမှူးချုပ်တင်ကိုကိုတို့က အသီးသီးထောက်ပံ့ပေးအပ်ခဲ့ကြပြီး ကွန်ဟိန်း၊ လွိုင်လင်၊ လဲချား၊ ကျေးသီး၊ မိုင်းရှူးနှင့် မိုင်းကိုင်မြို့နယ်တို့မှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက လက်ခံရယူကြသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းသုံးပစ္စည်း ခြောက်မျိုး (နှာခေါင်းစည်း၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ၊ Apron၊ မျက်နှာအကာ၊ လက်သန့်ဆေးရည်၊ Hat) ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဥပဒေချုပ် ဦးစိုင်းကျော်စံက လည်းကောင်း ၊ လက်ကိုင်အသံချဲ့စက် ၁၅ ခု ၊ လက်အိတ် အခု ၁၀၀၀ နှင့် လက်သန့်ဆေးရည်ဘူး ၁၀၀ တို့ကို ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ပြည်နယ်သဘာဝဘေး စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးတို့ကလည်းကောင်း ပေးအပ်ရာ လွိုင်လင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကံစောလှိုင်က လက်ခံရယူခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် ပရဟိတအဖွဲ့များသို့ အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ဆက်လက်ဖြန့်ဝေလှူဒါန်း

**နေပြည်တော် ဩဂုတ် ၈**

ကိုဗစ်-၁၉ ရောဂါ ခံတတ်ခွဲအတည်ပြု ပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဆီဂျင်လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် တပ်မတော်နှင့်အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။



**သွားရောက်လှူဒါန်း**

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ၊ လားရှိုးမြို့ ချစ်ခြင်းမေတ္တာဂေဟာရှိ ကလေးများနှင့် ခါနန်(AG) လူမျိုးပေါင်းစုံ အလင်းအိမ်ဂေဟာရှိ ကလေးများအတွက် ဆန်၊ ဆီ၊ အဝတ်အထည်များနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ ပြည်သူ့ဆေးရုံနှင့် လွိုင်လင်မြို့ နည်းပညာတက္ကသိုလ်(ပင်လုံ)တို့ရှိ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများအတွက် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ပရဟိတအသင်းများသို့ အောက်ဆီဂျင်အိုး ရှစ်လုံးနှင့် ပုသိမ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး(ခုတင်-၅၀၀) သို့ Oxygen Flow Meter ၁၀၀ နှင့် အောက်ဆီဂျင်အိုး ၁၀၀ တို့ကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးသို့ မိဘဂုဏ်အောက်ဆီဂျင်စက်ရုံမှထုတ်လုပ်သည့် အောက်ဆီဂျင်အိုး ၁၀၅ လုံးနှင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ အောက်ဆီဂျင်အိုး အလုံး ၂၅၀၊ တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံသို့ အောက်ဆီဂျင်စက် ငါးလုံး၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၃၀၀ နှင့် ပဲခူးမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းအဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် စေတနာ့ဝန်ထမ်းပရဟိတအသင်းအဖွဲ့များကို ဆန်၊ ပဲနှင့် စားသောက်ဖွယ်ရာများကို လည်းကောင်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများ၊ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုကူညီရေးအဖွဲ့အစည်းများက အသီးသီး သွားရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောက်ဆီဂျင် လိုအပ်ချက်များ မရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ အောက်ဆီဂျင်ထုတ်လုပ်သည့်စက်ရုံများကို တိုးမြှင့်တပ်ဆင်လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးတွင် အောက်ဆီဂျင်ထုတ်လုပ်သည့်စက်ရုံများကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်ပြည်သူ့ဆေးရုံဝန်းအတွင်းရှိ အောက်ဆီဂျင်စက်ရုံမှ အောက်ဆီဂျင်ထုတ်လုပ် ဖြန့်ဖြူးနေမှုကိုလည်းကောင်း၊ ရေဝတီတိုင်းဒေသကြီး ရေကြည်မြို့၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်နေမှုများကို လည်းကောင်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အသိပေးနှိုးဆော်မှုများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၈**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ဖြစ်ပွားလျက်ရှိပြီး ရောဂါကူးစက်မှုမခံရစေရေးအတွက် ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များနှင့် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့တို့၌ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အပြင်ထွက်တိုင်း နှာခေါင်းစည်းတပ်ရန်၊ လူစုလူဝေးများ ရှောင်ရှားရန်နှင့်မပြုလုပ်ရန်၊ လက်ကိုဆပ်ပြာနှင့် မကြာခဏဆေးကြောခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ကို သန့်စင်ခြင်းများပြုလုပ်ကြရန်၊ မလိုအပ်ဘဲ အိမ်အပြင်သို့သွားရောက်ခြင်း မပြုလုပ်ရန်၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးပန်ကြားချက်များကို တိကျလိုက်နာရန် အသိပေးနှိုးဆော်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

■



# တချို့သုတေသနတွေမှာ ဖော်ပြထားချက်အရဆိုရင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးထားရင် ကိုဗစ်ရဲ့ နောက်ဆက်တွဲခံစားရမှုတွေကိုလည်း လျော့ကျစေတယ်၊ သက်သာစေတယ်၊ တိုတောင်းစေတယ်၊ ပျောက်ကင်းစေတယ်လို့ ပြောထားပါတယ်

**ဒေါက်တာခင်ခင်ကြီး**

## ကိုဗစ်–၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာအစီအစဉ်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဩဂုတ် ၇ ရက် ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။

**ထက်လျှံ**

**အစီအစဉ်မှူး။** ။ နိုင်ငံတစ်ဝန်း ကိုဗစ် – ၁၉ တတိယလှိုင်း ဖြစ်ပွားနေတာနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးနဲ့ တွေ့ဆုံမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကိုဗစ်ရောဂါဖြစ်ပြီးသွားရင် နောက်ဆက်တွဲရောဂါတွေ ခံစားရမှာလား။ ခံစားရရင် ဘယ်လောက်ကြာအောင် ခံစားရမလဲဆိုတာကို ပြောပြပေးပါဦး။

**ဒေါက်တာခင်ခင်ကြီး။** ။ ကိုဗစ်ရောဂါ ဖြစ်သွားပြီးရင် နောက်ဆက်တွဲရောဂါတွေခံစားရမှာလား။ ခံစားရရင် ဘယ်လောက်ကြာအောင် ခံစားရမှာလဲ။ ဒါကိုသက်သာအောင် ဘယ်လိုတွေ ဆောင်ရွက်ရမလဲ။ နောက်တစ်ခုက ကိုဗစ်ဖြစ်ပွားပြီးရင် သူတို့တွေအနေနဲ့ နောက်ပိုင်းမှာ စိတ်ပိုင်းဆိုင်ရာ ခံစားချက်တွေရှိလာတယ်။ ဒါတွေနဲ့ပတ်သက်ပြီး အများစုက ကိုဗစ်ရောဂါ ခံစားပြီးရင် ဘာဖြစ်မလဲဆိုတာ သိချင်ကြပါတယ်။

ဒါနဲ့ပတ်သက်ပြီး ဇူလိုင် ၃၀ ရက်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)ရဲ့ Science in 5–episode 47 မှာ ကျွမ်းကျင်ပညာရှင် Dr. Janet Diaz နဲ့ တွေ့ဆုံဆွေးနွေးခန်းက ဆွေးနွေးချက်တွေကို ကိုးကားပြီး တင်ပြပေးမှာဖြစ်ပါတယ်။ ကိုဗစ် – ၁၉ က ရောဂါပိုးအသစ်ဖြစ်ပါတယ်။ ဒီရောဂါပိုးက ကမ္ဘာပေါ်မှာရှိနေခဲ့တာ တစ်နှစ်ခွဲကျော်ကျော်ရှိပြီဖြစ်တဲ့အတွက် ကျွန်မတို့နဲ့ အတော်ရင်းနှီးကျွမ်းဝင်တဲ့ အနေအထား ဖြစ်လာပြီ။ ရောဂါ ဖြစ်ပွားမှုတွေကလည်း သန်းပေါင်း ၁၉၆ သန်းလောက်ရှိနေပြီ။ သေဆုံးတဲ့သူက ၄ ဒသမ ၂ သန်းနီးပါးဖြစ်လာပြီ။ ဒီရောဂါပိုးက မုန်တိုင်း မွှေနှောက်သလို တကယ့်ကိုဝင်မွှေနေတဲ့ အခါမှာ တချို့ ရောဂါပိုးကူးစက်ခံရသူတွေမှာ နောက်ဆက်တွဲ တွေ့ရှိတတ်ပါတယ်။

ဒါကို Post Covid Condition လို့ခေါ်ပါတယ်။ Long Covid လို့လည်း ခေါ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး သုတေသနတစ်ခုနဲ့ တစ်ခုက မတူပါဘူး။ ကိုဗစ်–၁၉ ကူးစက်ခံရသူ ၃၃ ရာခိုင်နှုန်း သို့မဟုတ် သုံးပုံ တစ်ပုံမှာ နောက်ဆက်တွဲရောဂါတွေ ဖြစ်တာကို တွေ့ရှိရပါတယ်။

ဒီနေရာမှာ ကိုဗစ်–၁၉ ဖြစ်ပြီးသွားရင် နောက်ဆက်တွဲက ရောဂါပုံစံမျိုးစုံနဲ့ လာပါတယ်။ ဒီလိုလာပေမယ့် ကိုဗစ်ရောဂါဖြစ်ပြီး နောက်ဆက်တွဲအနေနဲ့ အဓိကဖြစ်ပွားတာ သုံးခုရှိပါတယ်။ ဒါတွေက (၁) ဘာလုပ်လုပ် မောတယ်။ (၂) မိမိရဲ့မှတ်ဉာဏ်ပိုင်းဆိုင်ရာမှာ တည်ငြိမ်မှုမရှိဘူး။ တလွဲတချော်တွေ ဖြစ်စေတယ်။ (၃) ဦးနှောက်က မောပန်းနွမ်းနယ်ပြီး လုပ်နိုင်ကိုင်နိုင်စွမ်းမရှိဘဲ ဝေဝါးနေတာမျိုးတွေ ဖြစ်စေတယ်။ ဒီလို ပုံစံမျိုးတွေနဲ့ လာပါတယ်။ ဒါက အဖြစ်အများဆုံး သုံးခုဖြစ်ပါတယ်။

ဒါဆို တခြားလက္ခဏာတွေ မဖြစ်ဘူးလားဆိုတော့ ဖြစ်ပါတယ်။ လက္ခဏာပေါင်း ၂၀၀ ကျော် ဖြစ်ပါတယ်။ ကိုဗစ်ရောဂါဝေဒနာခံစားပြီးသူတွေ အနေနဲ့ ဒီလိုမျိုး ရောဂါလက္ခဏာတွေဖြစ်တယ်ဆိုတာကို သတင်းပေးပို့ချက်တွေအရ သိရပါတယ်။



မိုင်းဆတ်မြို့၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။ ဓာတ်ပုံ – မြင့်မောင်(မိုင်းဆတ်)

ဒါကြောင့် ကိုဗစ်ရောဂါဖြစ်ပွားပြီးရင် နောက်ဆက်တွဲ ရောဂါဝေဒနာမျိုးစုံ ဖြစ်နိုင်တယ်ဆိုတာကို သိစေချင်ပါတယ်။

ဒီနေရာမှာ တချို့တွေက ဘယ်လိုမျိုးပုံစံနဲ့ ထပ်လာတတ်လဲဆိုတော့ ရင်ဘတ်အောင့်တာ၊ စကားပြောရတာ နည်းနည်းခက်ခဲတာ၊ စိတ်သောကရောက်တာ၊ စိတ်ဓာတ်ကျတာ၊ ကြွက်သားတွေ နာကျင်ကိုက်ခဲတာ၊ ဖျားနာတာ၊ အနံ့မရတာ၊ အရသာမရတာ ဒါမျိုးတွေလည်း ရှိနိုင်ပါတယ်။ ဒီလိုမျိုး ရောဂါလက္ခဏာ သောင်းခြောက်ထောင်ရှိနိုင်တဲ့အတွက် ပြည်သူတွေကို သိစေချင်တာက ကိုဗစ် – ၁၉ ရောဂါ မဖြစ်လေ ကောင်းလေဆိုတာကို သိစေချင်ပါတယ်။

ရောဂါမဖြစ်ခင်က ကြိုတင်ကာကွယ်ခြင်းသည် ရောဂါဖြစ်ပွားမှ နောက်ဆက်တွဲကို လိုက်လံကုသရတာထက်စာရင် အပ်နဲ့ထွင်းရသလောက်ပဲ ရှိပါတယ်။ ဒါကြောင့် ကိုဗစ် – ၁၉ ကူးစက်ခံရပြီဆိုရင် သူ့ရဲ့ နောက်ဆက်တွဲတွေကလည်း လာနိုင်တဲ့ အတွက်ကြောင့် မကူးစက်ခံရအောင်နေဖို့၊ ကိုဗစ်–၁၉ စည်းကမ်းချက်တွေကို အတိအကျ လိုက်နာဖို့ ပြောချင်ပါတယ်။

ဒုတိယပိုင်းအနေနဲ့ နောက်ဆက်တွဲရောဂါ ဖြစ်ပွားမှုက ဘယ်လောက်အထိ ကြာနိုင်သလဲ ဆိုတာကို ယခုလက်ရှိမှာ တိတိကျကျအနေနဲ့ မပြောနိုင်သေးပါဘူး။ သို့သော် လက်ရှိမှာ သုံးလအထိ ကြာနိုင်တယ်လို့ ပြောပါတယ်။ တချို့ သုတေသနတွေမှာ ခြောက်လကနေ ကိုးလအထိ ကြာနိုင်တယ်လို့ ပြောထားပါတယ်။ ပျမ်းမျှ သုံးလလောက်ဆိုရင် အများစုက ပြန်လည်ကောင်းမွန်သွားပါတယ်။ တချို့တွေမှာ ခြောက်လကနေ ကိုးလအထိ ရှိနေနိုင်ပါတယ်။

ယခုကမ္ဘာ့ကပ်ရောဂါဖြစ်တဲ့ ကိုဗစ် – ၁၉ နဲ့ ရင်ဆိုင်နေရတာက တစ်နှစ်ခွဲကျော်ရှိပြီဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်တဲ့ သုတေသနတွေလည်း ဆက်လက်လုပ်ဆောင်လျက်ရှိပါတယ်။ ဒါမှ ကိုဗစ်ရောဂါနဲ့ သူ့ရဲ့နောက်ဆက်တွဲ ရောဂါတွေက ဘယ်လောက်အထိရှည်ကြာပြီး ဒုက္ခပေးနိုင်မယ်ဆိုတာကို သိနိုင်မှာ ဖြစ်ပါတယ်။ ဒါဆို ကိုဗစ်–၁၉ ဖြစ်ခဲ့ပြီး နောက်ဆက်တွဲလက္ခဏာတွေ ရှိတယ်ဆိုရင် ဘယ်လိုကုသပေးရမလဲ။ ကုသမှုတွေကို ဘယ်လို ဆောင်ရွက်ရမလဲဆိုရင် ကိုဗစ်ရောဂါ နောက်ဆက်တွဲ ရောဂါလက္ခဏာ အမျိုးပေါင်း ၂၀၀ ကျော်ရှိတဲ့အတွက် တိကျတဲ့ကုသနည်းက မရှိပါဘူး။ ဒါဆို ဘယ်လိုလုပ်ရမလဲ။ သူ့ကို ကုသပေးတဲ့အခါမှာ ဘက်ပေါင်းစုံကနေ ကုသပေးရမှာ ဖြစ်ပါတယ်။ မိမိမှာ မူလရှိတဲ့ရောဂါအခံတွေကို ကုသပေးနေတဲ့ သက်ဆိုင်ရာအထူးကုပညာရှင်တွေနဲ့ ဆက်လက်ကုသမှုခံယူရမှာ ဖြစ်ပါတယ်။

နောက်ပြီး စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ပေးဖို့အတွက် သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်တွေ၊ စိတ်ကုပညာရှင်တွေ၊ စိတ်ရောဂါအထူးကုဆရာဝန်တွေ၊ Social Care လို့ခေါ်တဲ့ မိမိကိုနှစ်သိမ့်ဖြေသိမ့်ပေးနိုင်တဲ့ ကျွမ်းကျင်ပညာရှင်တွေ ဒါမျိုးတွေကို ပြသပြီး ရောဂါသက်သာအောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဘယ်ကျွမ်းကျင်ပညာရှင်ကို ပြသရမယ်လို့ ပြောလို့မရပါဘူး။ တစ်ယောက်နဲ့တစ်ယောက်က နောက်ဆက်တွဲ ဖြစ်ပေါ်လာတဲ့ ရောဂါလက္ခဏာပုံစံခြင်းက မတူပါဘူး။ ဒါကြောင့် ကိုဗစ်နောက်ဆက်တွဲ ခံစားနေရသူတွေကို နားလည်မှုပေးပြီး လိုအပ်တဲ့ ပံ့ပိုးမှုတွေကို လုပ်ပေးဖို့လိုအပ်ပါတယ်။

ဒါဆိုကိုဗစ်–၁၉နောက်ဆက်တွဲလက္ခဏာတွေနဲ့ ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးထားခြင်းနဲ့ ဘယ်လိုတွေဆက်စပ်မှုရှိသလဲ။ အဲဒါကလည်း စိတ်ဝင်စားဖို့ကောင်းပါတယ်။ Dr. Janet Diaz က ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးထားရင် ကိုဗစ်–၁၉ ကြောင့် ဝေဒနာပြင်းထန်စွာခံစားရမှု၊ ဆေးရုံတက်ရောက်ရမှု၊ အထူးကြပ်မတ်ကုသဆောင်ထဲ ရောက်ရှိမှု၊ သေဆုံးမှုကို ကာကွယ်နိုင်တယ်ဆိုတာ အသေအချာပဲဖြစ်ပါတယ်လို့ ပြောထားပါတယ်။ ကာကွယ်ဆေးထိုးထားရင် ကိုဗစ်–၁၉ ရဲ့ နောက်ဆက်တွဲ လက္ခဏာတွေဖြစ်ပေါ်မှုအပေါ် သက်ရောက်မှုနဲ့ပတ်သက်လို့ သုတေသနတွေ ဆက်လုပ်ဖို့ လိုပါတယ်။

တချို့သုတေသနတွေမှာ ဖော်ပြထားချက်အရဆိုရင် ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးထားရင် ကိုဗစ်ရဲ့ နောက်ဆက်တွဲခံစားရမှုတွေကိုလည်း လျော့ကျစေတယ်၊ သက်သာစေတယ်၊ တိုတောင်းစေတယ်၊ ပျောက်ကင်းစေတယ်လို့ ပြောထားပါတယ်။ ဒါကလည်း ထူးခြားချက်ဖြစ်ပါတယ်။ စိတ်ဝင်စားစရာလည်း ကောင်းပါတယ်။

ဒါနဲ့ပတ်သက်ပြီး အချို့သုတေသနတွေမှာ ရေကျောက်အတွက် ကာကွယ်ဆေးထိုးထားတယ်ဆိုရင် ရေကျောက်ကို ကာကွယ်နိုင်ရုံသာမက ရေကျောက်ပေါက်တဲ့သူတွေမှာ နောက်ဆက်တွဲအနေနဲ့ဖြစ်တတ်တဲ့ ရေယုံတွေပေါက်ခြင်းကို ကာကွယ်နိုင်တယ်လို့ ပြောထားပါတယ်။ ဒါဆိုရင် ကိုဗစ်–၁၉ နဲ့ပတ်သက်ပြီး နောက်ဆက်တွဲ ဘယ်လိုဆိုးကျိုးတွေဖြစ်နိုင်တယ်ဆိုတာကို အခုထိ အစုံအလင် မသိရှိသေးပါဘူး။ ဒါကြောင့် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးထားခြင်းအားဖြင့် မမျှော်မှန်းနိုင်တဲ့၊ နောက်ထပ်ပေါ်လာနိုင်တဲ့ ဆိုးကျိုးတွေကိုလည်း ကာကွယ်နိုင်တယ်ဆိုတာကို သုတေသနအချို့က ပြောပါတယ်။

အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ဆေး ဗဟိုဌာန(CDC)က ထုတ်ပြန်တဲ့ လေ့လာတွေ့ရှိချက်တွေအရ ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးထားရင် ရောဂါဖြစ်ပွားမှုကို သုံးဆ ကာကွယ်ပါတယ်။ ဆေးရုံတက်ရောက်ရမှုကို ၁၀ ဆ ကာကွယ်ပါတယ်။ ဒါဆိုရင် ကာကွယ်ဆေးထိုးသင့်တာက အသေအချာပါပဲ။ ဒါဆိုရင် ကာကွယ်ဆေးထိုးထားခြင်းက အများကြီးအကျိုးရှိတယ်ဆိုတာ သိနိုင်ပါတယ်။

ကာကွယ်ဆေးထိုးထားခြင်းနဲ့အတူ ပါးစပ်နှာခေါင်းစည်း(Mask)တပ်တာ၊ လက်ဆေးတာ၊ လူအုပ်စုရှောင်တာ၊ လူစုလူဝေးရှောင်တာ၊ လေကောင်းလေသန့်ရတဲ့နေရာမှာ နေတာ၊ ချောင်းဆိုးနှာချေရင် အုပ်ပြီးဆိုးတာတွေကို ဆောင်ရွက်သင့်ပါတယ်။

**အစီအစဉ်မှူး။** ။ **ကိုဗစ် –၁၉ ရောဂါဖြစ်ပွားပြီးတဲ့နောက် ခန္ဓာကိုယ်ရဲ့ ခုခံအား Antibody စစ်ဖို့ လိုအပ်သလားဆိုတာကို ဖြေကြားပေးပါဦး။**

**ဒေါက်တာခင်ခင်ကြီး။** ။ ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားပြီး ပြန်ကောင်းလာတဲ့သူ၊ ကိုဗစ်–၁၉ ကာကွယ်ဆေး နှစ်ကြိမ်ပြည့်ထိုးပြီးသူတွေမှာ ခန္ဓာကိုယ်ရဲ့ ခုခံအား Antibody တွေ ရှိနေပြီလား၊ Antibody တွေ တက်ပြီလား ဆိုတာနဲ့ပတ်သက်ပြီး တချို့တွေက မေးမြန်းလာပါတယ်။ ကျန်းမာရေးနဲ့ပတ်သက်ပြီး စိတ်ဝင်တစားရှိတာကို ဝမ်းသာပါတယ်။ ဒါနဲ့ပတ်သက်ရင် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးပြီးရင် ကာကွယ်နိုင်မှုရှိ၊ မရှိကို Antibody လို့ခေါ်တဲ့ Test တွေနဲ့ စမ်းဖို့မလိုပါဘူး။ ဒါကို အမေရိကန်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုဌာနကရော၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကရော စမ်းဖို့မလိုဘူးလို့ ပြောထားပါတယ်။

စာမျက်နှာ ၁၁ သို့ »»

»» စာမျက်နှာ ၁၀ မှ

Antibody ဆိုတာနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင် ကျွန်မတို့မှာ တိုင်းတာလို့ရတဲ့ IgM/ IgG တို့ဆိုတာရှိပါတယ်။ တိုင်းလိုက်လို့ Antibody G ပေါ်နေရင် ကိုယ်ခံအားရှိတယ်။ တချို့တွေက ဘာမှမပေါ်ဘူးဆိုတော့ Antibody တွေ မရှိတော့ဘူး။ ရောဂါဖြစ်ထားလို့ရထားတဲ့ ကိုယ်ခံအားတွေကလည်း လျော့သွားပြီ။ မရှိတော့ဘူးထင်ကြတယ်။ ကာကွယ်ဆေးထိုးထားပြီး ကာကွယ်ဆေးက မစွမ်းလို့လား၊ Antibody တွေမထွက်တာလား ထင်တတ်ပါတယ်။ အဲဒါနဲ့ပတ်သက်ရင် Antibody ကို စမ်းသပ်ခြင်းနဲ့ ကိုယ်ခံအား ရှိ၊ မရှိ စမ်းလို့မရပါဘူး။

ကျွန်မတို့ ခန္ဓာကိုယ်ထဲမှာ ရိုးတွင်းခြင်ဆီက ထွက်တဲ့ဆဲလ်တွေလည်း ရှိပါတယ်။ CD4 ဆဲလ်တွေရှိတယ်။ CD8 ဆဲလ်တွေရှိတယ်၊ Memory ဆဲလ်တွေရှိတယ်၊ Lymphocyte ဆဲလ်တွေရှိတယ်။ သူတို့က ဆယ်စုနှစ်နဲ့ချီကာ ရန်သူကိုမှတ်မိနေပြီး တိုက်ခိုက်နိုင်တယ်ဆိုတဲ့ သုတေသနတွေလည်း ရှိပါတယ်။ ဒါတွေကိုစမ်းသပ်ဖို့က တခြားနည်းပညာအများကြီးလိုပါတယ်။ IgG မရှိဘူးဆိုတာနဲ့ Antibody မရှိဘူးလို့ ယူဆလို့မရပါဘူး။

ဒါနဲ့ပတ်သက်ပြီး အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ဆေးဗဟိုဌာန(CDC)က Antibody စစ်ဆေးခြင်းနဲ့ပတ်သက်လို့ ပြောထားတာရှိပါတယ်။ Antibody စစ်ဆေးခြင်းဆိုတာ သွေးကိုစစ်တာ ဖြစ်ပါတယ်။ အဲဒီလို Serological Testing တွေက ဗိုင်းရပ်စ်ကိုရှာတဲ့ Virological Testing တွေကို ကျော်လွှားနိုင်စွမ်းမရှိသေးပါဘူး။ ပြောချင်တာက သွေးထဲမှာ Antibody ကို စမ်းခြင်းသည် အကောင်းဆုံးနည်းလမ်းမဟုတ်ဘူးလို့ ဆိုလိုခြင်းဖြစ်ပါတယ်။ သွေးထဲမှာ Antibody စမ်းလိုက်လို့ Positive၊ Negative တွေ့ခြင်းက လောလောဆယ် ရောဂါပိုးဝင်နေတယ်ဆိုတာ သက်သေပြနိုင်ဖို့အတွက် မသုံးပါဘူး။

Antibody စမ်းလိုက်လို့ IgM ရှိနေတယ်၊ ရောဂါပိုးဝင်နေတယ်လို့ တစ်ထစ်ချယူဆလို့ မရပါဘူးဆိုတဲ့အကြောင်းကို ပြောခြင်းဖြစ်ပါတယ်။ Virology လို့ခေါ်တဲ့ Antigen Test ၊ PCR Test တွေနဲ့သာ စမ်းသပ်ရမှာ ဖြစ်ပါတယ်။ စမ်းတဲ့အခါ Emergency Use Authorization(EUA) ရထားတဲ့ Test kit တွေ၊ စမ်းသပ်တဲ့ပစ္စည်းတွေကိုပဲ သုံးရမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရှိရင်ရှိကြောင်း ပြနိုင်တဲ့ Sensitivity၊ မရှိရင်မရှိကြောင်းပြနိုင်တဲ့ Specificity က EUA ပေးထားတဲ့ စမ်းသပ်ပစ္စည်းတွေကသာ စိတ်ချစွာအသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ကြုံရာစစ်တဲ့ပစ္စည်းတွေနဲ့ စမ်းသပ်ပြီး ရှိခြင်း၊ မရှိခြင်းကို ပြောလို့မရပါဘူး။ ဒါကိုလည်း သိစေချင်ပါတယ်။




နောက်တစ်ချက်က ကိုဗစ်-၁၉ သည် အလွန်ကူးစက်မြန်တဲ့ ရောဂါပိုးကြောင့် ဖြစ်ပါတယ်။ ဒါကို မိမိတို့ဘာသာ အိမ်မှာစမ်းသပ်တယ်ဆိုတာ ကိုယ်ဝန်ရှိ၊ မရှိ ဆီးကိုစမ်းတာလောက် လွယ်ကူတာမျိုး မဟုတ်ပါဘူး။ ကျွမ်းကျင်ပညာရှင်က စနစ်တကျစမ်းသပ်မှသာ၊ စမ်းသပ်ပေးသူကလည်း စနစ်တကျ အကာအကွယ်တွေ ဝတ်ဆင်ရမယ်။ သုံးထားတဲ့ ပစ္စည်းတွေကို စွန့်ပစ်တဲ့အခါ စနစ်တကျ စွန့်ပစ်ရမှာ ဖြစ်ပါတယ်။ အခုက မိမိတို့ဘာသာ အဆင်ပြေသလို အိမ်မှာစမ်းတယ်။ စမ်းပြီးတဲ့အခါ လမ်းဘေး အမှိုက်ပုံမှာ စွန့်ပစ်တယ်။ ဒါတွေက အမှိုက်သိမ်းရတဲ့ သူတွေရော၊ အခြားသူတွေအတွက်ပါ အန္တရာယ်ရှိပါတယ်။ လုံးဝမလုပ်သင့်တဲ့ကိစ္စလို့ ပြောချင်ပါတယ်။

နောက်တစ်ခုက Test တွေမှာ Qualified နဲ့ Semiqualified ဆိုတာ ရှိပါတယ်။ အရည်အသွေးပြည့်ဝတဲ့ Qualified Test တွေကိုပဲ အသုံးပြုရမှာ ဖြစ်ပါတယ်။ ဒါကြောင့် EUA ပစ္စည်းတွေကိုပဲ အသုံးပြုရမယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။

အခုလက်ရှိရောဂါရှာဖွေစမ်းသပ်တဲ့ Antigen Test တွေဟာ ဗိုင်းရပ်စ်ကိုပဲ အခြေခံပြီး ပြုလုပ်ထားတဲ့ Test တွေဖြစ်တဲ့အတွက် Antibody Testing က မလိုအပ်ပါဘူး။ Antibody Test လုပ်ခြင်းက လက်ရှိရောဂါရှိ၊မရှိကို ဖော်ပြနိုင်ခြင်းမရှိပါဘူး။ ဥပမာ- ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားပြီးသူ သို့မဟုတ် ကိုဗစ် - ၁၉ ကာကွယ်ဆေး မထိုးနှံခင် ကိုယ်ခံအား ရှိ၊ မရှိ သိလိုတဲ့ခါ Antibody Test လုပ်ခြင်းကို မညွှန်ကြားထားပါဘူး။ အရင်က ရောဂါပိုးကူးစက်ခံထားရသူ မဟုတ်ဘူးဆိုရင် Antibody Test က လက်ရှိမှာ ရောဂါပိုး ရှိ၊ မရှိကို ပြနိုင်မှာ မဟုတ်ပါဘူး။

နောက်တစ်ခုက ကာကွယ်ဆေးကြောင့် Antibody တက်တယ်ဆိုတာ Specific Antibody ဖြစ်ပါတယ်။ သူက ဗိုင်းရပ်စ်မှာရှိတဲ့ ပရိုတင်းကို ကာကွယ်နိုင်ဖို့အတွက် ထုတ်ထားတဲ့ Antibody တွေ ဖြစ်ပါတယ်။ Specific Antibody ကို သိနိုင်ဖို့ အထူးနည်းပညာနဲ့ စမ်းသပ်ရပါတယ်။ Antibody Test တွေက တချို့အသက်ကြီးတဲ့သူတွေ၊ နောက်ခံရောဂါရှိတဲ့သူတွေမှာ မပေါ်တတ်ပါဘူး။ မပေါ်တာကို ကိုယ်ခံအားမရှိဘူးလို့ မှားယွင်းယူဆတတ်ပါတယ်။ ဒါကြောင့် ဒါကိုမသုံးပါဘူး။

ဒ့ါအပြင် တချို့ ကာကွယ်ဆေးမထိုးထားတဲ့ သူတွေမှာ Antibody က Positive ဖြစ်နိုင်ပါတယ်။ ဘယ်လိုလူမျိုးတွေလဲဆိုရင် ပြီးခဲ့တဲ့ သုံးလလောက်အတွင်းမှာ မသိလိုက်ဘဲ ရောဂါကူးစက်ခံရတယ်။ အသက်ကြီးတဲ့သူတွေ၊ နောက်ခံရောဂါရှိနေတဲ့ သူတွေမှာ ရောဂါလက္ခဏာမပြလိုက်ဘူး။ ရောဂါလက္ခဏာမပြပေမယ့် Antibody ပေါ်နိုင်ပါတယ်။ ဒါကြောင့် Antibody စစ်ဆေးခြင်းသည် ကာကွယ်ဆေးထိုးပြီး ကာကွယ်နိုင်မှု ရ၊ မရ၊ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီးရင် ကိုယ်ခံအား ရှိ၊ မရှိ ဆိုတာမှာ အသုံးပြုလို့မရဘူးဆိုတာ ပြည်သူတွေ သိစေချင်ပါတယ်။

ပြည်သူတွေအနေနဲ့ ကိုဗစ်-၁၉ ရောဂါဘေးကနေ အမြန်ဆုံးကင်းဝေးပါစေလို့ ဆုတောင်းလိုက်ပါတယ်။ လက်ရှိအခြေအနေကလည်း ရောဂါပိုးကူးစက်မှုက တန့်နေတဲ့ အနေအထားရှိပါတယ်။ တန့်နေတာကနေ ကျသွားဖို့ ပြည်သူအားလုံးမှာ တာဝန်ရှိပါတယ်။ ရောဂါကပ်ဘေးတစ်ခုဟာ အတက်လွယ်သလောက် အကျခက်ပါတယ်။ သူ့ရဲ့ ရောဂါဖြစ်ပွားမှု၊ ကူးစက်မှုကို အောက်အထိ ရောက်အောင် ထိန်းချုပ်နိုင်ဖို့ဆိုတာ ကျွန်မတို့ အားလုံးရဲ့ အင်အားနဲ့ ပူးပေါင်းပါဝင်ရမှာ ဖြစ်ပါတယ်။

တစ်ယောက်ချင်း၊ တစ်ယောက်ချင်းစီက ကိုဗစ်-၁၉ ကာကွယ်ရေး စည်းကမ်းချက်တွေကို လိုက်နာမယ်၊ ကာကွယ်ဆေးထိုးနှံဖို့ အခွင့်အရေးရှိတဲ့သူတွေကလည်း ထိုးနှံလိုက်မယ်ဆိုရင် မကြာမီ အချိန် နှစ်ပတ်ကနေ လေးပတ်အတွင်းမှာ ရောဂါဖြစ်ပွားမှု၊ ကူးစက်မှု၊ သေဆုံးမှုတွေက လျော့ကျမယ်လို့ မျှော်လင့်ပါတယ်။ အားလုံးအသက်ဝဝရှူနိုင်တဲ့ နေ့ကို ရောက်ရှိဖို့အတွက် ဆုတောင်းပါတယ်။ အားလုံးညီရင် မအောင်မြင်နိုင်စရာ မရှိပါဘူးလို့ ပြောချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။



# ဒဂုံမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ အသိပေးနှိုးဆော်ခြင်းနှင့် ဗီနိုင်းများချိတ်ဆွဲခြင်း ဆောင်ရွက်

ဒဂုံ ဩဂုတ် ၈

ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်တွင် ယနေ့နံနက်ပိုင်းက ဘုရားကြီးရပ်ကွက် အရှေ့ဈေးလမ်းရှိ ပန်ထျာအခွန်လွတ်ဈေး၊ ဦးဝိစာရရပ်ကွက်ရှိ ဒဂုံရိပ်သာဈေးနှင့် ယောမင်းကြီးရပ်ကွက် ဗိုလ်ရာညွန့်လမ်းတို့တွင် ဈေးရောင်းချသူအချင်းချင်း အနည်းဆုံး ခြောက်ပေအကွာမှ ရောင်းချရန်၊ နှာခေါင်းစည်းနှင့်မျက်နှာအကာများ မဖြစ်မနေ တပ်ဆင်ရန်၊ ကျန်းမာရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ခြင်းဆိုင်ရာ အသိပညာပေးကြေညာချက်များအား လိုက်နာကြပါရန် လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်နှိုးဆော်ခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေးဗီနိုင်းများကို ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် ဗိုလ်ရာညွန့်လမ်းနှင့် နဝဒေးလမ်းထောင့် ဦးဝိစာရရပ်ကွက်ရှိ ဒဂုံရိပ်သာဈေး၊ ဆောက်လုပ်ရေးကားမှတ်တိုင် အလံပြဘုရားလမ်းရှိ ကားမှတ်တိုင်များ၌ ချိတ်ဆွဲတပ်ဆင်ပြီးဖြစ်ကြောင်း သိရသည်။

ဒဂုံမြို့နယ်(ပြန်/ဆက်)

# မိုင်းလုံမြို့၌ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးများ ထပ်မံထိုးနှံပေး

မိုင်းလုံ ဩဂုတ် ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မိုင်းလုံမြို့ ပြည်သူ့ဆေးရုံတွင် ယနေ့နံနက်ပိုင်းက မိုင်းလုံမြို့ တိုက်နယ်ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ထပ်မံထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ဦးစားပေးထိုးနှံ**

ပထမအကြိမ်ရရှိသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံး ၅၀ ကို ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၂ ရက်အထိ ကျေးရွာနေအသက် ၆၅ နှစ်နှင့်အထက် ပြည်သူများအား ဦးစားပေးအဖြစ် ထိုးနှံပေးပြီး ကျန်ရှိကာကွယ်ဆေးများကို ဝန်ထမ်းများ၊ ပရဟိတများနှင့် ဈေးရောင်းသူများအား ထိုးနှံပေးခဲ့ကြောင်း သိရသည်။



မိုင်းလုံမြို့အနေဖြင့် ဒုတိယအကြိမ်ရရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံး ၅၀ ကို အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိသော မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာနေ အသက် ၆၅ နှစ်နှင့်အထက် ပြည်သူများနှင့် ကာကွယ်ဆေးမထိုးရသေးသည့် ဝန်ထမ်းမိသားစုများ၊ ပရဟိတများ၊ ကားဆရာများနှင့် ဈေးရောင်းသူများကို ဆက်လက်ထိုးနှံပေးရာ ယနေ့ မွန်းတည့် ၁၂ နာရီအထိ ဆေးလာရောက်ထိုးနှံသူ ၅၀ ရှိပြီး ဆေးထိုးနှံရာတွင် ကျောင်းဆရာမများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေးမထိုးမီ အပူချိန်တိုင်းတာပေးခြင်း၊ အောက်ဆီဂျင်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်ခြင်းစသည့် ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းပြီးမှ ကာကွယ်ဆေးထိုးပေးခြင်းဖြစ်ကြောင်း၊ ကာကွယ်ဆေး ထိုးနှံပြီးပါကလည်း နာရီဝက်ခန့် စောင့်ကြည့်ဆောင်ရွက်ပေးကြောင်း မိုင်းလုံမြို့ တိုက်နယ်ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**အကြောင်းကြားပေးမည်**

မိုင်းလုံမြို့ရှိပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးမည်ဆိုပါက မိမိတို့၏ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများထံ စာရင်းပေးသွင်း၍ ဆေးထပ်မံရောက်ရှိပါက ထိုးမည့်ရက်ကို အကြောင်းကြားပေးမည် ဖြစ်ကြောင်း မိုင်းလုံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ဇော်(ပတ္တမြားမြေ)

# တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပ


**တိုကျို ဩဂုတ် ၈**
တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို ယနေ့ အောင်မြင်စွာ ကျင်းပသည်။

(၃၂)ကြိမ်မြောက် အိုလံပစ်အားကစားပြိုင်ပွဲ၏ အားကစားပွဲစဉ်များကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်းများနှင့်အညီ ၁၇ ရက်ကြာ ကျင်းပခဲ့ပြီးနောက် ပိတ်ပွဲအခမ်းအနားကို ယနေ့ ဒေသစံတော်ချိန် ည ၈ နာရီတွင် အမျိုးသားအားကစားကွင်း၌ ကျင်းပခြင်းဖြစ်သည်။

တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲ၏ ပွဲစဉ်တစ်ခုဖြစ်သည့် အမျိုးသားမာရသွန်အပြေးပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ဆပ်ပိုရိုမြို့၌ ကျင်းပသည်။ ထို့ပြင် အမျိုးသမီးဘတ်စကက်ဘောနောက်ဆုံးပွဲစဉ်အဖြစ် အမေရိကန်နှင့် ဂျပန်အမျိုးသမီးအသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားခဲ့ရာ အမေရိကန်အမျိုးသမီးအသင်းက အနိုင်ရရှိပြီး ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် ဂျပန်ဘတ်စကက်ဘောအမျိုးသမီးအသင်းသည် နောက်ဆုံးပွဲစဉ်သို့ ပထမဆုံးအကြိမ် တက်လှမ်းနိုင်သည့် အသင်းဖြစ်လာပြီး အမေရိကန်အမျိုးသမီးအသင်းသည် အိုလံပစ်အားကစားပြိုင်ပွဲများတွင် ခုနစ်ကြိမ်ဆက်တိုက် ရွှေတံဆိပ်ချန်ပီယံဆုရှင်ဖြစ်လာခဲ့သည်။

ထို့ပြင် စက်ဘီးစီးပြိုင်ပွဲနှင့် ကျွမ်းဘားပြိုင်ပွဲများကိုလည်း ဆက်လက်ကျင်းပခဲ့သည်။

တိုကျိုအိုလံပစ် အားကစားပြိုင်ပွဲပိတ်ပွဲအခမ်းအနားတွင် တိုကျိုမြို့တော်အုပ်ချုပ်ရေးမှူး ကွိုင်ကီ ယူရီကိုက ပါရီမြို့တော် အုပ်ချုပ်ရေးမှူး အန်နီဟီဒယ်လ်ဂိုအား အိုလံပစ်အားကစားပြိုင်ပွဲအလံကို လွှဲပြောင်းပေးအပ်ခဲ့သည်။ ၂၀၂၄ ခုနှစ် အိုလံပစ်အားကစားပြိုင်ပွဲကို ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။







တိုကျိုအိုလံပစ် အားကစားပြိုင်ပွဲရလဒ်စာရင်းတွင် အမေရိကန်နိုင်ငံက ရွှေတံဆိပ် ၃၉ ခု၊ ငွေတံဆိပ် ၄၁ ခုနှင့် ကြေးတံဆိပ် ၃၃ ခု စုစုပေါင်း ၁၁၃ ခုဖြင့် ဆုတံဆိပ်အများဆုံးရရှိကာ ပထမအဆင့်တွင် ရပ်တည်လျက်ရှိပြီး တရုတ်နှင့် ဂျပန်နိုင်ငံတို့က ဒုတိယနှင့် တတိယအဆင့်တို့တွင် ရပ်တည်လျက်ရှိသည်။

တရုတ် အားကစားသမားများက ရွှေတံဆိပ် ၃၈ ခု၊ ငွေတံဆိပ် ၃၂ ခုနှင့် ကြေးတံဆိပ် ၁၈ ခု စုစုပေါင်း ၈၈ ခုရရှိခဲ့ပြီး အိမ်ရှင်ဂျပန်အသင်းက ရွှေတံဆိပ် ၂၇ ခု၊ ငွေတံဆိပ် ၁၄ ခုနှင့် ကြေးတံဆိပ် ၁၇ ခုဖြင့် စုစုပေါင်း ၅၈ ခု ဆွတ်ခူးရရှိသည်။ ဂျပန်အသင်းသည် ယခင်အိုလံပစ်အားကစားပြိုင်ပွဲကထက် ရွှေတံဆိပ် ၁၁ ခု ပိုမိုရရှိခဲ့သည်။

အခြားသော အာရှအသင်းများအနက် တရုတ်(တိုင်ပေ)အသင်းသည် ရွှေတံဆိပ်နှစ်ခုအပါအဝင် ဆုတံဆိပ်ပေါင်း ၁၂ ခုရရှိပြီး ဖိလစ်ပိုင်အသင်းက ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ် နှစ်ခုနှင့် ကြေးတံဆိပ် တစ်ခု စုစုပေါင်း ဆုတံဆိပ် လေးခုရရှိခဲ့သည်။ ဖိလစ်ပိုင်အသင်းသည် အမျိုးသမီး ၅၅ ကီလိုတန်းအလေးမပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့သည်။ အဆိုပါအသင်းသည် အိုလံပစ်အားကစားပြိုင်ပွဲများတွင် ပထမဆုံးအကြိမ် ရွှေတံဆိပ်ဆွတ်ခူးရရှိခြင်းဖြစ်သည်။ ဂျပန်အသင်းသည် ဂျူဒိုနှင့် အလေးမပြိုင်ပွဲများတွင် ရွှေတံဆိပ်ကိုးခုရရှိခဲ့ပြီး ယခုနှစ် တိုကျိုအားကစားပြိုင်ပွဲတွင် အသစ်ထပ်မံထည့်သွင်းသည့် အားကစားအမျိုးအစားများအပြင် စကိတ်စီးပြိုင်ပွဲနှင့် ကရာတေးပြိုင်ပွဲများတွင်လည်း ဆုတံဆိပ်များစွာ ရရှိခဲ့သည်။

အားကစားပြိုင်ပွဲစီစဉ်ဆောင်ရွက်သူများက ယခုလနှောင်းပိုင်းတွင် ဖွင့်လှစ်မည့် ပါရာလံပစ်အားကစားပြိုင်ပွဲကိုလည်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများနှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

## ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၆၉၀ ထပ်မံတွေ့ရှိ

**ဟနွိုင်း ဩဂုတ် ၈**
ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၆၉၀ ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၁၀၄၀၅ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောသည်။

အဆိုပါရောဂါကူးစက်ခံရသူများအနက် ၉၆၈၄ ဦးသည် ဒေသတွင်းကူးစက်ခံရသူများဖြစ်ပြီး ကျန်ခြောက်ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်သည်။

ဒေသတွင်းကူးစက်မှုများအနက် ဟိုချီမင်းစီးတီး၌ ၃၈၉၈ ဦး၊ ဘင်ဒေါင်ခရိုင်၌ ၃၂၁၀၊ လောင်အန်ခရိုင်၌ ၇၂၄ ဦး အသီးသီးစစ်ဆေးတွေ့ရှိခဲ့သည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၃၃၉၇ ဦးရှိကြောင်း သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် လူနာ ၄၈၆၀ ဆေးရုံများမှ ဆင်းသွားခဲ့ရာ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၇၁၄၉၇ ဦးရှိကြောင်း သိရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၈ ဒသမ ၉ သန်းအား ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ စာရင်းအင်းများအရ သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**




## ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၂၈၆၆ ဦး ထပ်မံတွေ့ရှိ

**မော်စကို ဩဂုတ် ၈**
ရုရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၈၆၆ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၆၄၄၇၇၅၀ ရှိလာကြောင်း ရုရှားနိုင်ငံ ရောဂါတုံ့ပြန်ရေးစင်တာက ယနေ့ ပြောသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၇၈၇ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၆၄၈၈၁ ဦးရှိလာသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၅၆၆၉ ဦး ရောဂါမှ ပြန်လည်သက်သာလာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၅၇၅၅၅၀၇ ဦး ရှိလာသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုဒဏ်ကို ဆိုးရွားစွာခံစားနေရသည့် မြို့တော်မော်စကို၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၃၅ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ မြို့တော်အတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၅၂၄၄၃၉ ဦးရှိလာသည်။

လက်ရှိအချိန်အထိ ပြည်သူ ၁၆၈ သန်းကျော်အား ရောဂါ ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# အမေရိကန်၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ တစ်သိန်းကျော်ရှိ

**နယူးယောက် ဩဂုတ် ၈**

အမေရိကန်ပြည်နယ်တချို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှုန်း ကျဆင်းလာခြင်းနှင့် ကူးစက်မြန် ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့နေခြင်းကြောင့် ဩဂုတ် ၇ ရက်က အမေရိကန်ပြည်ထောင်စုတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ တစ်သိန်းကျော်အထိ မြင့်တက်လာခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဆောင်းရာသီကတည်းက နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း အမြင့်ဆုံးဖြစ်လာသည်။

ထို့အပြင် အမေရိကန်ပြည်ထောင်စုတွင် လွန်ခဲ့သည့် ခုနစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၀၇၁၄၃ ဦးရှိပြီး ထိုရောဂါဖြင့် သေဆုံးမှုနှုန်းမှာ ၅၀၀ နီးပါးရှိကြောင်း ဂျွန်ဟော့ကင်းစ်တက္ကသိုလ်၏ အချက်အလက်များအရ သိရသည်။

ယခုနှစ် ဇန်နဝါရီလအစောပိုင်းက အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ရောဂါ နေ့စဉ်ကူးစက်မှုအရေအတွက်မှာ သုံးသိန်းခန့်ရှိပြီး ဇွန်လနှောင်းပိုင်းတွင် ရောဂါကူးစက်မှုနှုန်း သိသိသာသာကျဆင်းလာခဲ့သည်။

တစ်ချိန်တည်းမှာပင် အမေရိကန်ကျန်းမာရေးအာဏာပိုင်များက အမေရိကန်နိုင်ငံသားများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူရန် ငြင်းဆန်နေပါက ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း ဆက်လက်မြင့်တက်လာမည်ဖြစ်ကြောင်း သတိပေးလျက်ရှိသည်။



အကယ်၍ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုမခံယူပါက ယခုနှစ် ဇန်နဝါရီလကဲ့သို့ပင် ကိုဗစ်-၁၉ ရောဂါ ကူးစက်နှုန်းမြင့်မားမှုနှင့် ရင်ဆိုင်ကြုံတွေ့မည်ဖြစ်ကြောင်း အမေရိကန် ကူးစက်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်တားဆီး ရေးစင်တာ ညွှန်ကြားရေးမှူး ရိုဆလဲလ်ဝါလဲန်စကီ က စီအင်န်အင်န်သတင်းဌာနသို့ ပြောကြားသည်။ ယမန်နေ့က ဖလော်ရီဒါပြည်နယ်တစ်ခုတည်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၃၉၀၃ ဦး ထပ်မံတွေ့ရှိခဲ့ပြီး သီတင်းပတ်တစ်ပတ်အတွင်း ကူးစက်မှုအများဆုံး တတိယနေ့အဖြစ် စံချိန်တင်ခဲ့သည်။

ဖလော်ရီဒါပြည်နယ်တွင် ပြည်နယ်၏လူဦးရေ ၄၉ ရာခိုင်နှုန်းခန့် ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့ပြီးဖြစ်သော်လည်း ကယ်လီဖိုးနီးယားနှင့် နယူးယောက်ကဲ့သို့ အခြားကြီးမားသော ပြည်နယ်များထက် ကာကွယ်ဆေးထိုးနှံမှု ခံယူသူဦးရေနည်းပါးသည်။ သို့သော် တက္ကဆက်၊ မစ္စစ္စပီနှင့် အလာဘားမားပြည်နယ်တို့ထက် ကာကွယ်ဆေးထိုးနှံမှုခံယူသူဦးရေ ပိုမိုများပြားကြောင်း ကူးစက်ရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်တားဆီးရေးစင်တာ၏ အချက်အလက်များအရ သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

# အီရန်၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် ၅၄၂ ဦး စံချိန်တင်သေဆုံး

**တီဟီရန် ဩဂုတ် ၈**

အီရန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူဦးရေ စံချိန်တင်မြင့်တက်လာစဉ် ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် ၅၀၀ ကျော် သေဆုံးမှုဖြစ်ပွားပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင် ဖြစ်ပွားခဲ့သည့်ချိန်မှစ၍ ထိုရောဂါဖြင့် နေ့စဉ်သေဆုံးမှု အများဆုံးအဖြစ် စံချိန်တင်ခဲ့သည်။

ထို့အတူ အီရန်နိုင်ငံတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ခတ်ခွဲအတည်ပြု လူနာသစ် ၃၉၆၁၉ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ပြီးနောက် လက်ရှိအချိန်အထိ အဆိုပါရောဂါ ကူးစက်ခံရသူပေါင်း ၄၁၅၈၇၂၉ ဦး ရှိလာကြောင်း အီရန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အလားတူ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် ၅၄၂ ဦး သေဆုံးခဲ့ခြင်းကြောင့် အီရန်၌ ထိုရောဂါဖြင့် သေဆုံးသူပေါင်း ၉၄၀၁၅ ဦး ရှိလာကြောင်း သိရသည်။

အီရန်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အစုလိုက်အပြုံလိုက် ထိုးနှံမှုကို ယခုနှစ် ဖေဖော်ဝါရီလမှစ၍ ဆောင်ရွက်လျက်ရှိပြီး ကာကွယ်ဆေးထိုးနှံမှု အခြေအနေမှာ အာဏာပိုင်များ၏ စီစဉ်ထားသည်ထက် အနည်းငယ်နှေးကွေးသော်လည်း တိုးတက်မှုရှိသည်။ အီရန်အစိုးရသည် နိုင်ငံ၏လူဦးရေ ၈၃ သန်းခန့်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တင်သွင်းရန် ရှန်းကန်လှုပ်ရှားလျက်ရှိသည်။



အီရန်ကျန်းမာရေးအာဏာပိုင်များသည် ပြည်တွင်းဖြစ် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးနှစ်မျိုးကို အရေးပေါ်သုံးစွဲရန် အတည်ပြုပြီးဖြစ်သည်။

လက်ရှိအချိန်အထိ အီရန်နိုင်ငံတွင် လူဦးရေ ၁၂ ဒသမ ၅ သန်းခန့် ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုခံယူခဲ့ပြီး လူဦးရေ ၃ ဒသမ ၇ သန်းခန့်သာ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ကိုးကား - အေအက်ဖ်ပီ
ဘာသာပြန် - ဂျေတီ

# အင်ဒိုနီးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၁၇၅၃ ဦးရှိ

**ဂျကာတာ ဩဂုတ် ၈**

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၁၇၅၃ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၆၃၉၆၁၆ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၁၅၈၈ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူပေါင်း ၁၀၅၅၉၈ ဦး ရှိလာကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၃၉၇၁၆ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၃၀၃၆၁၉၄ ဦးရှိလာကြောင်း အဆိုပါကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် အင်ဒိုနီးရှားနိုင်ငံအစိုးရသည် နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက် လျော့ကျရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အင်ဒိုနီးရှားနိုင်ငံ၌ ဩဂုတ် ၇ ရက်အထိ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အောက်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ်ထိုးနှံပြီးသူ ၄၉ ဒသမ ၈၀ သန်းရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးနှံပြီးသူ ၂၃ ဒသမ ၃၄ သန်းရှိကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၂၀၃၁၄၇၉၄၈ ဦး

သေဆုံးသူ
၄၃၀၃၇၀၄ ဦး

ပြန်လည်ကျန်းမာလာသူ
၁၈၂၅၀၀၇၁၉ ဦး

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၁ ဒသမ ၉၃ သန်းကျော်ရှိလာ

**နယူးဒေလီ ဩဂုတ် ၈**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၉၀၇၀ ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၁၉၃၄၄၅၅ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၉၁ ဦးရှိခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၄၂၇၈၆၂ ဦးရှိလာကြောင်း သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာပေါင်း ၄၀၆၈၂၂ဦး ရှိကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၄၃၉၁၀ ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၃၁၀၉၉၇၇၁ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။



ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

# တာချီလိတ်မြို့နယ်၌ ငွေကျပ် ၂ ဒသမ ၁၃ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ ငွေကျပ် ၂ ဒသမ ၁၃ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၇ ရက် နံနက် ၆ နာရီခန့်တွင် တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)အုပ်စု ပါခါဟိုခို ကျေးရွာရှိ အိုက်ကွမ်း(ခ)အိုက်လာ၏ဂိုဒေါင်ကို သတင်းအရရှာဖွေရာ အိုက်ကျိုင်း(၄၀)နှစ်၊ စိုင်းအင်(၁၅)နှစ်တို့နှင့်အတူ တန်ဖိုးငွေကျပ် ၂ ဒသမ ၁၃ ဘီလီယံ တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၄၀၀ (အလေးချိန် ကီလို ၁၄၀)၊ အိုက်စ်တစ်ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ နှင့် အမ် ၁၆ သေနတ်တစ်လက်၊ ၁၂ ဗို့သေနတ်နှစ်လက်၊ လက်ပစ်ဗုံးနှစ်လုံး၊ ကျည်အိမ်သုံးခု၊ ကျည်မျိုးစုံ ၁၂၃ တောင့်၊ ထော်လာဂျီယာဉ်နှစ်စီးတို့ကို သိမ်းဆည်းရမိခဲ့ပြီး အိုက်ကွမ်း(ခ)အိုက်လာ နေထိုင်သည့် တာချီလိတ်မြို့နယ် မိုင်းဖုန်း (က)အုပ်စု ပါခါကျေးရွာရှိ နေအိမ်ကို နံနက် ၇ နာရီခန့်တွင် ဆက်လက်ရှာဖွေရာ ယာဉ်သုံးစီး ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



ပြစ်မှုကျူးလွန်သူနှစ်ဦးအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

# တောင်ဥက္ကလာပမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၈ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက် သံသုမာလမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ ကျော်ခိုင်ငြိမ်းနှင့် အောင်ထက်ကျော်တို့ကို ရှာဖွေရာ ကျော်ခိုင်ငြိမ်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း၊ စစ်ဆေးပေါ်ပေါက်ချက်အရ မွန်းလွဲ ၂ နာရီခွဲခန့်တွင် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၂)ရပ်ကွက် သုခမ္မာလမ်းတွင် ကိုဦးအား ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ကျော်ခိုင်ငြိမ်း၊ အောင်ထက်ကျော်၊ ကိုဦးတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



အောင်ထက်ကျော်၊ ကျော်ခိုင်ငြိမ်း၊ ကိုဦးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ဟိုပုံးမြို့နယ် ပုံးအင်းအတွင်းသို့ ငါးမျိုးများ စိုက်ထည့်

**ဟိုပုံး ဩဂုတ် ၈**

ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝမြစ်ချောင်း၊ အင်းအိုင် ဆည်တမံကန်များအတွင်း ကျေးလက်နေပြည်သူများ ငါးရိက္ခာပိုမိုစားသုံးနိုင်ရေးအတွက် ငါးသားပေါက်များ မျိုးစိုက်ထည့်ပေးလျက်ရှိရာ ဩဂုတ် ၅ ရက် နံနက်ပိုင်းတွင် ဟိုပုံးမြို့နယ် ပုံးအင်းအတွင်းသို့ ငါးမျိုးများစိုက်ထည့်ရန်အတွက် ငါးသားပေါက်များလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ညောင်ရွှေငါးလုပ်ငန်းစခန်း၌ ကျင်းပခဲ့သည်။




အဆိုပါ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားတွင် ဟိုပုံးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးနေလင်းထွန်းထံသို့ မြို့နယ် ငါးမျိုးစိုက်ထည့်ရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင် မြို့နယ်စီမံကိန်းဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းဦးနှင့် ညောင်ရွှေငါးလုပ်ငန်းစခန်းတာဝန်ခံ ဒေါ်မိမိခိုင်တို့က နှစ်လက်မအရွယ်ရှိ ငါးဖိန်းငါးသားပေါက်ကောင်ရေ ၃၀၀၀၀၊ ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ ၆၀၀၀၀၊ ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၆၀၀၀၀ စုစုပေါင်းငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ အား ငါးမျိုးစိုက်ထည့်ရန် လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် အဆိုပါငါးများကို ဟိုပုံးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ပုံးအင်းအတွင်းသို့ ငါးမျိုးများစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၉-၈-၂၀၂၂ တနင်္လာနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | မေတ္တသုတ်၊ရတနသုတ်၊ ဓဇဂ္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၇:၃၅ | ရာဇဝင်ထဲကသမိုင်းအနုပညာ |
| ၀၈:၃၅ | မြန်မာ့ကျက်သရေတက်နေဝက်ရည် |
| ၀၉:၁၀ | စိုက်ပျိုးရေးရာအဖြေရှာ |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၅ | ပြည်သူ့နီတိ 'မျှဉ်းပြိုင်နှစ်ကြောင်း၏လားရာ' |
| ၁၁:၀၀ | အတွေးအမြင်(အပိုင်း-၃) |
| ၁၁:၁၀ | MRTV National News |
| ၁၅:၀၀ | Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'မြန်မာစာဘာသာရပ်' |
| ၁၇:၀၅ | အာဆီယံအမျိုးသမီး စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များအကြောင်း (ဖိလစ်ပိုင်နိုင်ငံ) |
| ၁၇:၁၅ | This Week's Special Interest |
| ၁၇:၃၅ | ကျန်းမာရေးမဂ္ဂဇင်း 'ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာ' |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၁၀ | မြတ်နိုးကြည်ငွေ့ သံစျာဝေလေ့ |
| ၁၉:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားဒေါ်ဆောင်ရာ' (အပိုင်း-၄၀) |
| ၂၀:၀၀ | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ |
| ၂၁:၁၀ | ဝသာန်ခါမိတေးသံသီ ဖျော်ဖြေမှုအစီအစဉ် |

### mitv

| | |
|---|---|
| 07:01 | News |
| 07:26 | Lines & Wash Painting |
| 07:34 | Taung Byone Nat Festival (Ep-1) |
| 08:00 | Myanmar Masterclass: Artist Tin Win (Beikthano) |
| 08:11 | Secret Recipes by Gourmet Chefs (Thai) |
| 08:44 | Choral Dance By Female Dancers |
| 08:52 | Yangon Markets: Nyaung Pin Lay Market |
| 09:01 | Ecotourism: Along River Chindwin To Khamti |
| 09:19 | Beach Food Delivery |
| 09:29 | Welcome To Naga Land |
| 10:00 | Archery Session (from Ramayana Play) |
| 10:34 | Products of Myanmar - Myanmar Circular Stone Slab |
| 10:46 | Capable Though Disabled |
| 11:28 | Shwe Maw Daw: The Glory Of Bago City |

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ဗုဒ္ဓတစ်ထောင်အကောက်တောင်

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၈)

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ဝေနံမြစ်ကမ်းနားက ရွာသစ်ရွာကလေး

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
သာယာလှပသောကျူထော်ရေတံခွန်သို့ သွားလည်ကြရအောင်

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
တောင်ဇလပ်ရဲ့ရိုးရာအလှ(အပိုင်း-၃)

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
မိုဘိုင်းဖုန်းနဲ့ကျန်းမာရေး

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မွန်ဘာသာစကားပြောကြရအောင်(အပိုင်း-၂)

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ရခိုင်တိုင်းရင်းသားတို့ရဲ့ချစ်စရာရိုးရာအိမ်ကလေး

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ကွန်ဟိန် – တောင်ကြီးဂြားကရှမပြီးတဲ့လမ်းခရီး

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
(ချင်း)နှင့်ကျန်းမာရေး

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲက ချစ်စရာရိုးရာအိမ်ကလေး

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊အလဲ |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ |
| ၁၀:၁၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၃) |
| ၁၁:၀၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ရာသက်ပန်ပေါင်းဖို့ရန်ရည်ရွယ်မှသာ' |
| ၁၁:၁၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၄) |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၁၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၁၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**

**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ် အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက် နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# မတ္တရာမြို့နယ် ပန်းယျကျေးရွာအနီး၌ လက်နက်၊ ခဲယမ်းအမြောက်အမြား သယ်ဆောင်လာသည့် အကြမ်းဖက်သမားနှစ်ဦးအား ဖမ်းဆီးရမိခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များ ဖြစ်ပေါ်မှုမရှိစေရေး အချိန်မီဖော်ထုတ်တားဆီးနိုင်ခဲ့

**နေပြည်တော် ဩဂုတ် ၈**

အကြမ်းဖက်အဖွဲ့များဖြစ်သော CRPH ၊ NUG အဖွဲ့များသည် ပြည်သူလူထုအပေါ် စာနာထောက်ထားမှုမရှိဘဲ အကြမ်းဖက်မှုလုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိကြသည့်အပြင် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များထံမှ လက်နက်၊ ခဲယမ်း၊ ဗုံးသီးများကို နည်းမျိုးစုံဖြင့် သယ်ယူ၍ အကြမ်းဖက်လုပ်ရပ်များကို ပိုမိုတိုးမြှင့်လုပ်ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်အဖွဲ့များအနေဖြင့် ယနေ့ ၈ လေးလုံး အထိမ်းအမှတ်အဖြစ် အကြမ်းဖက်တိုက်ခိုက်မှုများ၊ ဗုံးဖောက်ခွဲမှုများကို နိုင်ငံတစ်ဝန်း လုပ်ဆောင်မည်ဖြစ်ကြောင်း ကြိုတင်သတင်းများရရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် လုံခြုံရေး တင်းကျပ်ဆောင်ရွက်စစ်ဆေးမှုများ ပြုလုပ်၍ ပြည်သူလူထု ထိခိုက်နစ်နာမှု မရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**ဖမ်းဆီးရမိ**

ထိုကဲ့သို့ လုံခြုံရေးဆိုင်ရာ တင်းကျပ်၍ လိုအပ်သည့် စစ်ဆေးခြင်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် တံငါတောင်ကျေးရွာနေ အောင်ကိုမင်း (ဘ) ဦးသန်းညွန့်၊ မောင်းနှင်၍ အာကာဖြိုး (ဘ)ဦးလှရွှေ လိုက်ပါလာသော ၉၄/--- ထော်လာဂျီအား မတ္တရာမြို့နယ် ပန်းယျကျေးရွာ သချိုင်းအနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းအရ စောင့်ဆိုင်းရှာဖွေစစ်ဆေးရာ ယာဉ်ပေါ်တွင် မိုးကာဖြင့်ပတ်၍ သယ်ဆောင်လာသည့် K-22 သေနတ်အလက် ၆၀ ၊ ၎င်းကျည် ၁၁၀၀၀၊ ကျည်အိမ် ၁၁၀ ၊ အီနာဂါ ဗုံးသီး ၈၅ လုံး၊ လက်ပစ်ဗုံး အလုံး ၈၀၊ စစ်ချပ်ဝတ် အစုံ ၆၀၊ သေနတ်လွယ်ကြိုး ၂၁ ချောင်းတို့နှင့် အတူ ဖမ်းဆီးရမိခဲ့သည်။



ပြစ်မှုကျူးလွန်သူနှစ်ဦးအား လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်များနှင့် အခြားသတင်းဆက်စပ် ဖော်ထုတ်ချက်များအရ အထက်ပါ လက်နက်ခဲယမ်းများအား NLD ပါတီဝင် မင်းမင်း (မန္တလေးတိုင်းဒေသကြီး-၂ လွှတ်တော်ကိုယ်စားလှယ်ဟောင်း)၏ ချိတ်ဆက်စီမံမှုဖြင့် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များထံမှတစ်ဆင့် ရောဝတီမြစ်အား ဥဒိန်ကျေးရွာအနီးမှ ဖြတ်သန်းသယ်ဆောင်၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့/ရွာတစ်ခုအား အကြမ်းဖက်တိုက်ခိုက်ရန် စီမံခဲ့ခြင်းဖြစ်ကြောင်း၊ အထက်ပါ လက်နက်ခဲယမ်းများအား ဗျားကြီး၊ ဒေါင်းလန်း၊ သီဟ အပါအဝင် ခုနစ်ဦးခန့်က သရီးကရောင်းယာဉ်ဖြင့် လာရောက်ပို့ဆောင်ခြင်းဖြစ်ကြောင်း ကနဦးအနေဖြင့် သိရှိရသည်။

ယင်းသို့ အကြမ်းဖက်တိုက်ခိုက်မှုများတွင် အသုံးပြုလာမည့် လက်နက်၊ ခဲယမ်း၊ ဗုံးသီးများကို အချိန်မီဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များစွာ ထိခိုက်နိုင်မှုများ ဖြစ်ပေါ်လာနိုင်သည့် အကြမ်းဖက်လုပ်ရပ်များကို အချိန်မီ ကာကွယ်တားဆီးပေးနိုင်ခဲ့သည်။

**ထိရောက်စွာ အရေးယူမည်**

အထက်ပါ ဖမ်းဆီးရမိသူများအား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအပြင် အခြားသက်ဆိုင်သည့် ဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ပါဝင်ပတ်သက်သူများအား ဆက်လက်ဖော်ထုတ် ဖမ်းဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

# သြဂုတ် ၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၃၀၂၇ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၈-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၇-၈-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၈-၈-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၉,၂၆၉)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃,၀၂၇)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၂၅၇,၅၈၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၃၂၉,၅၁၆) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ(၄,၉၈၄)ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၂၄၃,၇၃၁)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂၅၀) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၁,၇၇၆) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊ နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊ မိမိတို့ နေအိမ်တွင် အသက် ၆၅ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခု ခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၈-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၄) ခု | (၄၈) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၆၈) ခု | (၇၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၈၁) ခု | (၃၈) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၇၆) ခု | (၁၅) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၆၂) ခု | (၄၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၄၈၀) ခု | (၆၁၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆,၈၂၈) ခု | (၂,၁၉၂) ဦး |
| **စုစုပေါင်း** | **(၉,၂၆၉) ခု** | **(၃,၀၂၇) ဦး** |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၆၅၁၈၉၄၈ | ၂၉၈၅၁၈၀၃ | ၆၃၂၉၈၇ |
| ၂။ | အိန္ဒိယ | ၃၁၉၃၄၄၅၅ | ၃၁၀၉၉၇၇၁ | ၄၂၇၈၆၂ |
| ၃။ | ဘရာဇီး | ၂၀၁၅၁၇၇၉ | ၁၈၈၉၄၆၃၁ | ၅၆၃၀၈၂ |
| ၄။ | ရုရှား | ၆၄၄၇၇၅၀ | ၅၇၅၅၅၀၇ | ၁၆၄၈၈၁ |
| ၅။ | ပြင်သစ် | ၆၂၈၄၇၀၈ | ၅၇၅၅၅၄၀ | ၁၁၂၁၉၀ |
| ၆။ | ဗြိတိန် | ၆၀၄၂၂၅၂ | ၄၆၂၂၂၆၈ | ၁၃၀၂၈၁ |
| ၇။ | တူရကီ | ၅၈၉၅၈၄၁ | ၅၄၉၈၅၂၀ | ၅၂၀၈၈ |
| ၈။ | အာဂျင်တီးနား | ၅၀၁၂၇၅၄ | ၄၆၅၈၀၂၈ | ၁၀၇၃၀၂ |
| ၉။ | ကိုလံဘီယာ | ၄၈၃၄၆၃၄ | ၄၆၄၃၀၈၇ | ၁၂၂၂၇၇ |
| ၁၀။ | စပိန် | ၄၅၈၈၁၃၂ | ၃၇၈၄၅၄၄ | ၈၂၀၀၆ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၃၆၆၆၀၃၁ | ၃၀၈၄၇၀၂ | ၁၀၇၀၉၆ |
| ၂။ | ဖိလစ်ပိုင် | ၁၆၅၈၉၁၆ | ၁၅၅၂၇၈ | ၂၉၁၂၂ |
| ၃။ | မလေးရှား | ၁၂၆၂၅၄၀ | ၁၀၂၆၃၉၈ | ၁၀၇၄၉ |
| ၄။ | ထိုင်း | ၇၅၆၅၀၅ | ၅၃၅၅၁၅ | ၆၂၀၄ |
| ၅။ | မြန်မာ | ၃၂၉၅၁၆ | ၂၄၃၇၃၁ | ၁၁၇၇၆ |
| ၆။ | ဗီယက်နမ် | ၂၀၅၆၅၆ | ၆၆၆၃၇ | ၃၂၅၀ |
| ၇။ | ကမ္ဘောဒီးယား | ၈၁၈၉၁ | ၇၅၄၉၅ | ၁၅၆၂ |
| ၈။ | စင်ကာပူ | ၆၅၇၆၄ | ၆၃၆၅၈ | ၄၂ |
| ၉။ | လာအို | ၈၃၉၂ | ၄၀၉၀ | ၈ |
| ၁၀။ | ဘရူနိုင်း | ၃၄၇ | ၂၉၄ | ၃ |

## ကျန်းမာရေးဝန်ကြီးဌာနမှ ပြည်သူသို့ အသိပေးပန်ကြားချက်

ပြည်သူတို့အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် **ပြည်သူများ ပူးပေါင်းပါဝင်မှုသာ လုပ်ငန်းများအချိန်တိုအတွင်း အောင်မြင်မည် ဖြစ်ပါသည်။** သို့ဖြစ်ပါ၍ အောက်ဖော်ပြပါအချက်များကို အားလုံးကိုယ်စီလိုက်နာကြပါရန် အသိပေး ပန်ကြားအပ်ပါသည်–

၁။ တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ပါ၊

၂။ အိမ်တွင် ဧည့်သည်လက်ခံခြင်း လုံးဝမပြုပါနှင့်၊ မိမိကိုယ်တိုင်လည်း ဧည့်သည်အဖြစ် သွားရောက်ခြင်း လုံးဝမပြုပါနှင့်၊

၃။ အိမ်တွင် အသက်(၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ (သို့မဟုတ်) ဆီးချို၊ သွေးတိုး၊ နှလုံး..စသည့် နာတာရှည်ရောဂါတစ်ခုခု ခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို တပ်ဆင်ထားစေပါ၊ လေဝင်လေထွက်ကောင်းသည့်နေရာတွင် နေစေပါ၊

၄။ မဖြစ်မနေအပြင်ထွက်ရပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ကို မဖြစ်မနေတပ်ဆင်ပါ၊ လက်ကို စနစ်တကျဆေးကြောပါ၊ အခြားသူများနှင့် (၆)ပေအကွာ ခပ်ခွာခွာနေပါ၊ လေဝင်လေထွက် မကောင်းသောအခန်းများသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ပါ၊

၅။ လူစုလူဝေး လုံးဝရှောင်ကြဉ်ပါ၊

၆။ ဖြစ်နိုင်ပါက တစ်ပတ်လျှင်တစ်ကြိမ်ခန့်သာ ဈေးဝယ်ယူပါ၊ ပါးစပ်နှင့်နှာခေါင်းစည်း စနစ်တကျ တပ်ဆင်ထားခြင်းမရှိသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်၊

၇။ အပြင်ထွက်ရာမှ အိမ်ပြန်ရောက်သောအခါတွင် အိမ်သို့ရောဂါပိုးများ သယ်ဆောင်လာခြင်း မရှိစေရန် သတိပြုပါ၊ အသုံးပြုပြီးသော ပါးစပ်နှင့်နှာခေါင်းစည်း(Mask)နှင့် တစ်ခါသုံးပစ္စည်း များကို အိမ်အပြင်တွင် စနစ်တကျစွန့်ပစ်ပါ၊ အဝတ်အစားမလဲမီ/ ကိုယ်လက်သန့်စင်ခြင်းမပြုမီ အိမ်သားများနှင့် အနီးကပ်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ၊

၈။ အလှည့်ကျရရှိသော ကာကွယ်ဆေးသည် မိမိအတွက်အကောင်းဆုံးဖြစ်၍ ကာကွယ်ဆေး ထိုးနှံခြင်းကို အကြိမ်ပြည့်ခံယူပါ၊ ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်း များကို ဆက်လက်လိုက်နာပါ၊

၉။ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် တတ်နိုင်သည့်ဘက်မှ လူအင်အား၊ ငွေကြေး၊ ပစ္စည်း၊ ကျွမ်းကျင်မှုပညာရပ်များဖြင့် စနစ်တကျ ပါဝင်ပူးပေါင်းပံ့ပိုးပေးကြပါရန် ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန (၂ – ၈ – ၂၀၂၁)

## ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့

# နိုင်ငံတစ်ဝန်း၌ နိုင်ငံ့ဝန်ထမ်းများ၊ သက်ကြီးရွယ်အိုများနှင့် စေတနာ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး


ပန်ဆိုင်း(ကြူကုတ်)မြို့
ပန်ဆိုင်း(ပြန်/ဆက်)


ကျိုက်လတ်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


မုံရွာမြို့နယ်
ခရိုင်(ပြန်/ဆက်)


ဝေါလေမြိုင်မြို့
နိုင်မျိုးသင်း(ပြန်/ဆက်)


ကန်ပက်လက်မြို့
မြို့နယ်(ပြန်/ဆက်)


ကျောမြို့
စိန်ကျော်



ဒီပဲယင်းမြို့နယ်
မြို့နယ်(ပြန်/ဆက်)

## ဟိုပန်မြို့၌ ဆေးရုံတက်လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများအား အစားအသောက်များ ထောက်ပံ့ပေးအပ်



**ဟိုပန် ဩဂုတ် ၈**

‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့ ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေသော လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် အစားအသောက်များ ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့ ညနေ ၄ နာရီက ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီနပ်က ထောက်ပံ့ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီနပ် မိသားစုက ပြည်သူ့ဆေးရုံတွင် ဆေးကုသနေသည့် လူနာ ၄၆ ဦးနှင့် ကျန်းမာရေးဝန်ထမ်းများကို တစ်ဦးလျှင် အချိုရည် နှစ်ဘူး၊ ကွေကာ တစ်ထုပ်၊ ကိတ်မုန့် နှစ်ထုပ် နှုန်းဖြင့် ၆၅ ဦးစာ ထောက်ပံ့ပေးအပ်ရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာပြည့်ကိုကိုနှင့် ကျန်းမာရေး ဝန်ထမ်းများက လက်ခံရယူခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ဟားခါးမြို့ရှိ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အို ၂၅၄၅ ဦးကို စုရပ် လေးနေရာခွဲ၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမည်

**ဟားခါး ဩဂုတ် ၈**

ချင်းပြည်နယ်၏ မြို့တော်ဟားခါး၌ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အို ၂၅၄၅ ဦးကို စုရပ်နေရာ လေးနေရာခွဲ၍ ဩဂုတ် ၉ ရက်မှ စတင်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကာကွယ်ဆေးကို မြို့တော်ခန်းမ၌ ဩဂုတ် ၉ ရက်မှ ၁၂ ရက်အထိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းနှင့် Cyclone Shelter (သုံးနေရာ)တွင် ဩဂုတ် ၉ ရက်မှ ၁၁ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း ထိုးနှံပေးသွားမည်ဖြစ်ပြီး မြို့တော်ခန်းမတွင် ၁၂၁၅ ဦး၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ၇၀၇ ဦး၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင် ၄၀၈ ဦးနှင့် Cyclone Shelter တွင် ၂၁၅ ဦး ထိုးနှံသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေးထိုးနှံသွားမည့်အစီအစဉ်များကို ကာကွယ်ဆေးထိုးနှံမည့်ပြည်သူများ သိရှိနိုင်ရေးအတွက် အသံချဲ့စက်ဖြင့် လှည့်လည်အသိပေးနှိုးဆော်ခြင်းနှင့် သက်ကြီးရွယ်အိုများ သွားလာရေး အဆင်ပြေစေရေးအတွက် မှန်လုံအကြီး သုံးစီးနှင့် ကားလေးတစ်စီးကိုလည်း ကြိုတင်စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။


၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ကောလင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် အောင်မြင်စွာ ထိုးနှံပြီးစီး



**ကောလင်း ဩဂုတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများ၊ ဝန်ထမ်းများ၊ သံဃာတော်များ၊ သီလရှင်များနှင့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinopharm ပထမအကြိမ်ထိုးနှံပေးမှုကို ဩဂုတ် ၃ ရက်မှစတင်၍ ထိုးနှံပေးခဲ့ရာ ဩဂုတ် ၇ ရက်တွင် လူဦးရေ ၃၀၀၀ အောင်မြင်စွာ ထိုးနှံပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးကော်မတီမှ သိရသည်။

**ထိုးနှံပေး**

ကောလင်းမြို့နယ်တွင် ဩဂုတ် ၃ ရက်မှ စတင်၍ မြို့နယ်ပြည်သူ့ဆေးရုံနှင့် ကျောက်ပြင်သာ ကျန်းမာရေးဌာနခွဲတွင် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများ၊ ဝန်ထမ်းများ၊ သံဃာတော်များ၊ သီလရှင်များနှင့်ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinopharm ပထမအကြိမ်ထိုးနှံပေးခဲ့ရာ အမျိုးသား ၈၈၉ ဦး၊ အမျိုးသမီး ၁၀၁၂ ဦး စုစုပေါင်း ၁၉၀၁ ဦး၊ ဩဂုတ် ၄ ရက်တွင် မြို့နယ်ပြည်သူ့ဆေးရုံ၌ ထိုးနှံပေးခဲ့ရာ အမျိုးသား ၁၁၀၊ အမျိုးသမီး ၁၂၂ ဦး စုစုပေါင်း ၂၃၂ ဦး၊ ဩဂုတ် ၅ ရက်တွင် ချောင်းကွေ့ကျေးရွာအလက(ခွဲ)စာသင်ကျောင်း၊ မြောက်အင်းဘုန်းတော်ကြီးကျောင်း ဓမ္မာရုံနှင့် စံတော်သာဘိုးဘွားရိပ်သာတို့တွင် ထိုးနှံပေးခဲ့ရာ အမျိုးသား ၁၄၈ ဦး၊ အမျိုးသမီး ၁၇၆ ဦး၊ သံဃာ ၆၂ ပါး၊ သီလရှင် တစ်ပါး စုစုပေါင်း ၃၈၇ ပါး/ဦး၊ ဩဂုတ် ၆ ရက်တွင် ကျောက်ပုထိုးရွှေစက်ရုံ၌ ထိုးနှံပေးခဲ့ရာ အမျိုးသား ၂၁၆ဦး၊ အမျိုးသမီး ၁၆၄ဦး စုစုပေါင်း ၃၈၀၊ ဩဂုတ် ၇ ရက်တွင် မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆက်လက်ထိုးနှံပေးခဲ့ရာ အမျိုးသား ၅၀၊ အမျိုးသမီး ၅၀ စုစုပေါင်း ၁၀၀ ထိုးနှံပေးခဲ့ပြီး ဩဂုတ် ၃ ရက်မှ ၇ ရက်အထိ အမျိုးသား ၁၄၇၅ ဦး၊ အမျိုးသမီး ၁၅၂၅ ဦး စုစုပေါင်း လူဦးရေ ၃၀၀၀ အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinopharm ပထမအကြိမ် ထိုးနှံပေးမှု အောင်မြင်စွာပြီးစီးကြောင်း မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးကော်မတီမှ သိရသည်။

မြို့နယ်ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ပြည်သူများ လိုက်နာဆောင်ရွက်ရမည့် ကျန်းမာရေးသတ်မှတ်ညွှန်ကြားချက်များအတိုင်း လူစုလူဝေးမဖြစ်စေရေး မြို့နယ်ဆရာဝန်ကြီး ဦးဆောင်ပြီး ဆေးထိုးစုရပ်အသီးသီး၌ ကာကွယ်ဆေးထိုးရာတွင် ပါဝင်ဆောင်ရွက်ကြသော ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ထွေ/အုပ် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ကာကွယ်ဆေးထိုးရန် သတ်မှတ်ချက် ၁၂ ချက်နှင့် အကျုံးဝင်သူများအား စစ်ဆေး၍ စာရင်းကောက်ခြင်း၊ ကျန်းမာရေးစစ်ဆေးကာ သွေးပေါင်ချိန်ခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ ဆေးထိုးပြီးနားနေစေခြင်းတို့ကို တာဝန်ကိုယ်စီသတ်မှတ်၍ ကာကွယ်ဆေးထိုးပေးခဲ့ကြသည်။

ကောလင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinopharm ပထမအကြိမ် ထိုးနှံပြီးသူများအား ဒုတိယအကြိမ်ကို စက်တင်ဘာ ၄ ရက်တွင် ပြန်လည်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

မြင့်ထွန်းမင်း(ကောလင်း)

# စစ်တောင်းမြစ်ကူးတံတား(အုတ်ဖြတ်) တည်ဆောက်မှု ၈၉ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီး



ဖြူးမြို့နယ် အုတ်ဖြတ်ကျေးရွာနှင့် မုန်းမြို့တို့ကို ဆက်သွယ်တည်ဆောက်နေသည့် စစ်တောင်းမြစ်ကူးတံတား(အုတ်ဖြတ်)တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ကို တွေ့ရစဉ်။

ဖြူး ဩဂုတ် ၈

စစ်တောင်းမြစ်အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းရှိဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေရန် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဖြူး-အုတ်ဖြတ်-မုန်းလမ်းပေါ်၌ စစ်တောင်းမြစ်ကူးတံတား(အုတ်ဖြတ်) တည်ဆောက်မှု ၈၉ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

ဖြူးမြို့နယ် အုတ်ဖြတ်ကျေးရွာနှင့် မုန်းမြို့တို့ကို ဆက်သွယ်တည်ဆောက်နေသည့် စစ်တောင်းမြစ်ကူးတံတား(အုတ်ဖြတ်)ကို ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်းပေါင်း ၃၅၀၀ အကုန်အကျခံတည်ဆောက်နေခြင်းဖြစ်သည်။

အဆိုပါ စစ်တောင်းမြစ်ကူးတံတား(အုတ်ဖြတ်)၏ အရှည်မှာ ပေ ၆၂၀ ရှိပြီး တံတားအပေါ်ထည်မှာ အရှည်ပေ ၆၀ ရှိသည့် သံကူကွန်ကရစ်ရက်မ၊ အရှည်ပေ ၁၀၀ ရှိသော ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မနှင့် သံကူကွန်ကရစ်လက်ရန်း အမျိုးအစားဖြစ်သည်။ တံတားအုတ်မြစ်အား သံကူကွန်ကရစ်ဘိုးပိုင်များဖြင့် တည်ဆောက်ထားကြောင်း၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ နှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် နှစ်ပေစီပါဝင်၍ ရေလမ်းကင်းလွတ်အကျယ် ၈၂ ပေနှင့် အမြင့် ရှစ်ပေရှိကာ တံတားခံနိုင်ဝန်(ခွင့်ပြုယာဉ်အလေးချိန်)မှာ တန် ၆၀ ဖြစ်ကြောင်း တံတားတည်ဆောက်ရေးစီမံကိန်းမှ သိရသည်။

"လမ်းအနေနဲ့က ရှိပြီးသားဆိုပေမယ့် တံတားမရှိတာကြောင့် စစ်တောင်းမြစ်အရှေ့ဘက်ကမ်းနဲ့ အနောက်ဘက်ကမ်းမှာ နေထိုင်ကြတဲ့ ဒေသခံပြည်သူတွေအနေနဲ့ စက်လှေနဲ့ကူးတို့ တို့ကိုအသုံးပြုပြီး ဖြတ်သန်းသွားလာနေကြရတာဆိုတော့ မိုးတွင်းကာလလုံခြုံမှုမရှိတဲ့အတွက် အန္တရာယ်များပါတယ်။ ဒေသခံပြည်သူတွေအနေနဲ့ စိုက်ပျိုးရေးလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုကြတာမို့ ဒီဘက်ကမ်းက ဖြူးမြို့နယ် အုတ်ဖြတ်ကျေးရွာနဲ့ တစ်ဖက်ကမ်းက မုန်းမြို့ကို အနီးဆုံးဆက်သွယ်သွားလာနိုင်ဖို့ ရည်ရွယ်ပြီး တံတားသစ်ကို တည်ဆောက်ရခြင်းလည်းဖြစ်ပါတယ်။ တံတားသစ်တည်ဆောက်ပြီးစီးသွားပြီဆိုရင်တော့ ဒေသခံပြည်သူတွေအတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေမှာလည်းဖြစ်ပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) စီမံကိန်းတာဝန်ခံ ဦးမျိုးသက်ထွန်းက ပြောသည်။

လက်ရှိအနေအထားအရ တံတားအုတ်မြစ်လုပ်ငန်းနှင့် ကိုယ်ထည်လုပ်ငန်းများအပါအဝင် တံတားကမ်းကပ်ခုံ နှစ်ခုနှင့် တံတားတိုင်လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်၍ တံတားအပေါ်ထည်လုပ်ငန်းများအနက် ခန်းဖွင့်အကျယ် ပေ ၁၀၀ ရှိသော ကြိုတင်အားဖြည့်သံကူကွန်ကရစ်ရက်မများနှင့် သံကူကွန်ကရစ်ကြမ်းခင်းလုပ်ငန်း သုံးခန်း အပါအဝင် တံတားလက်ရန်းနှင့် အချောသတ်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

စစ်တောင်းမြစ်ကူးတံတား(အုတ်ဖြတ်) တည်ဆောက်ပြီးစီးပါက ဒေသခံပြည်သူများအနေဖြင့် စစ်တောင်းမြစ်၏ အရှေ့ဘက်ခြမ်းရှိ မြို့ရွာများနှင့် မြစ်အနောက်ဘက်ခြမ်းရှိ မြို့ရွာများသို့ အချိန်မရွေး ချိတ်ဆက်သွားလာနိုင်ကြတော့မည်ဖြစ်ရာ ကုန်စည်စီးဆင်းမှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ပြီး ကရင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့ကို ဆက်သွယ်ရောက်ရှိနိုင်မည်ဖြစ်သောကြောင့် ကုန်သွယ်ရေးလုပ်ငန်းနှင့် စိုက်ပျိုးရေးထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်၍ အချိန်တိုအတွင်း လမ်းပန်းဆက်သွယ်ရေး လျင်မြန်လာပြီး လူမှုရေး၊ စီးပွားရေးနှင့် ပညာရေးကဏ္ဍများ သိသာစွာ ဖွံ့ဖြိုးတိုးတက်လာနိုင်တော့မည်ဖြစ်ကြောင်း၊ တံတားသစ်တည်ဆောက်ရေးစီမံကိန်းအတွက် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် မေ ၁ ရက်မှ လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ် စက်တင်ဘာလကုန်ပိုင်း၌ တံတားသစ်တည်ဆောက်ပြီးစီးရန် လျာထားကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်း-ပွင့်သစ္စာ**

**ဓာတ်ပုံ-စိုးမြင့်အောင်**



## ရိဒ်ရေကန်သန့်ရှင်းသာယာလှပရေးအတွက် ပြုပြင်ရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

ရိခေါဒါရ် ဩဂုတ် ၈

ချင်းပြည်နယ် ရိခေါဒါရ်မြို့ရှိ ရိဒ်ရေကန်သန့်ရှင်းသာယာလှပရေးအတွက် ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း ရိခေါဒါရ်မြို့ စည်ပင်သာယာရေးဌာနတာဝန်ခံ ဦးနိုင်းခေါဂေက ပြောသည်။

"လုပ်ငန်းတွေကတော့ မတ်လလဆန်းပိုင်းက စတင်ဆောင်ရွက်ခဲ့တယ်။ အခုရက်ပိုင်းအတွင်းမှာပဲ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ပါတယ်"ဟု ဦးနိုင်းခေါဂေက ပြောသည်။

**ကျပ်သိန်း ၅၀၀ ကုန်ကျ**

ရိဒ်ရေကန်ဆိုင်းဘုတ် စိုက်ထူခြင်း၊ ရေကန်ပတ်လမ်း၌ ပန်းအလှခုံများပြုလုပ်ခြင်း၊ ရေကန်ပတ်လမ်းပြုပြင်ခြင်းနှင့် ရေကန်လမ်းရှိ လိုအပ်သည့်နေရာများ၌ ရေကျော်ပြွန်ငယ်များ ပြုလုပ်ရန်အတွက် ယခု ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ်သိန်း ၅၀၀ ဖြင့် အကုန်အကျခံဆောင်ရွက်နေခြင်းဖြစ်သည်။

ရိဒ်ရေကန်ကို လည်ပတ်ရန်ရောက်လာတဲ့ ခရီးသွားပြည်သူတွေ အပန်းဖြေနိုင်အောင်၊ ရိဒ်ရေကန်ကန်ပတ်လမ်းမှာ ၁၂ ရာသီလုံးကို လမ်းလျှောက်သွားလို့ရအောင်နဲ့ ပြည်သူတွေ အပန်းဖြေကြည့်ရှုလို့ရအောင် ပန်းအလှပင်တွေရော စိုက်ပျိုးဆောင်ရွက်တာပါ"ဟု ဦးနိုင်းခေါဂေက ပြောသည်။

ရိဒ်ရေကန်တွင် ပြည်တွင်းပြည်ပမှ ခရီးသွားပြည်သူများ လေ့လာရေး၊ ပျော်ပွဲရွှင်ပွဲ၊ အပန်းဖြေခရီးတို့ဖြင့် မိသားစုအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်း၊ ကျောင်း၊ တက္ကသိုလ်အဖွဲ့လိုက်ဖြင့်သော်လည်းကောင်း၊ ခရီးသွားလုပ်ငန်း၏ စီစဉ်မှုဖြင့်သော်လည်းကောင်း နှစ်စဉ်နှင့်အမျှ လာရောက်လည်ပတ်သူ ပိုမိုများပြားသည့် နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်း-လူလေး**

**ဓာတ်ပုံ-ရိခေါဒါရ်(ပြန်/ဆက်)**

### ပြည်သူ့အတွက်ပန်းခင်း စီမံချက်

❖ လက်ရှိဇာတိဒေသတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊

❖ လက်ရှိဇာတိဒေသတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်းမရှိ၊ ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊

❖ ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်းရှိသော်လည်း လက်ရှိဒေသတွင် ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊

❖ ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ်မရှိ၊ လက်ရှိဒေသတွင်လည်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊

### ပန်းခင်းစီမံချက်နှင့်အပြိုင်
### မြို့နယ်လဝကရုံးများတွင် ဆောင်ရွက်နေသည့်လုပ်ငန်းများ

❖ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီခေါင်းဆောင်များ၊ ပြည်ပရောက် မြန်မာနိုင်ငံသားများအား နိုင်ငံသားစိစစ်ခြင်း၊

❖ အိမ်ထောင်စုလူဦးရေစာရင်း၌ မွေးတိုး/သေဆုံး စာရင်း ဆောင်ရွက်ပေးခြင်း၊

❖ အသက်(၁၀)နှစ်ပြည့်၊ အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား စိစစ်၊ လဲလှယ် ထုတ်ပေးခြင်း၊

❖ နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး / ပျက်စီးမှုများအား မိတ္တူထုတ်ပေးမှုဆောင်ရွက်ပေးခြင်း၊

❖ အိမ်ထောင်စုလူဦးရေစာရင်းတိုး/လျှော့/ ပြောင်းဝင်/ ပြောင်းထွက် ဆောင်ရွက်ပေးခြင်း၊

❖ မွေးသက္ကရာဇ်/ အမည်ပြင်ဆင်ခြင်းများ ဆောင်ရွက်ပေးခြင်း၊

❖ နိုင်ငံခြားသားများနှင့်သက်ဆိုင်သည့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊

❖ ပြည်သူ့အင်အားဆိုင်ရာ လူဦးရေစာရင်းများဆောင်ရွက်ခြင်း၊

ဓမ္မ ပုံပြင်

# ယမမင်းကြီးနှင့် မကောင်းမှု ကျူးလွန်သူ

## မင်းယုဝေ

**တစ်**ခါသော် လူတစ်ယောက်သည် မကောင်းမှုတို့ကိုအကြိမ်ကြိမ် ကျူးလွန်သည်။ ထို့ကြောင့် ကွယ်လွန်သောအခါ ငရဲပြည်သို့ ရောက်သွားသည်။

ငရဲမင်းဖြစ်သူ ယမမင်းကြီးသည် ထိုသူ၏ ဖြစ်အင်ကိုသိလိုသဖြင့် စုံစမ်းမေးမြန်းသည်။

"အချင်းလူသား၊ သင်လူ့ပြည်၌ရှိစဉ် မကောင်းမှုကျူးလွန်သည်ကို ဟန့်တားမည့် ပုဂ္ဂိုလ်သုံးဦးနှင့် မတွေ့ပါသလော"

"မတွေ့ပါ အရှင်"

"အချင်းလူသား၊ တောင်ဝှေးကို ကိုင်စွဲလျက် ခါးကုန်းကုန်းနှင့် သွားနေသော သူအိုတစ်ယောက်တလေကိုမျှ သင်မတွေ့မမြင်ဖူးလော"

"သူအိုကိုတော့ တွေ့ပါသည် အရှင်"

"အချင်းလူသား၊ သူအိုသည် မကောင်းမှုကျူးလွန်သည်ကို ဟန့်တားသူ ပုဂ္ဂိုလ်သုံးဦးတွင် တစ်ဦးအပါအဝင် ဖြစ်သည်။ သူ့ကို ကြည့်ကာ 'ငါသည် တစ်နေ့တွင် အိုရလိမ့်မည်၊ မကောင်းမှု ကျူးလွန်သည်ကို ရပ်တန့်မှ သင့်တော့မည်' ဟူ၍ စဉ်းစားဆင်ခြင်ကာ သတိသံဝေဂ ရသင့်သည်။ ထိုသို့ သတိသံဝေဂ မရသဖြင့်လည်း သင်ငရဲပြည်သို့ ရောက်လာရပေသည်။

ထို့နောက် ယမမင်းကြီးက ဆက်လက်၍ မေးပြန်သည်။

"အချင်းလူသား၊ နာမကျန်းဖြစ်နေသောသူနာတစ်စုံတစ်ယောက်ကိုကော သင်တွေ့မြင်ဖူးပါသလော"

"သူနာကိုလည်း တွေ့မြင်ဖူးပါသည် အရှင်"

"သူနာကိုတွေ့မြင်ပါလျက်သင်သည်သတိသံဝေဂမရ၊ မကောင်းမှုကို ဆက်လက်ကျူးလွန်သည်မှာ မိုက်မဲလှသည်။ ထို့ကြောင့်လည်း သည်ငရဲပြည်သို့ သင်ရောက်ရပေသည်"

ထို့နောက် ယမမင်းကြီးက မေးပြန်သည်။ "အချင်းလူသား၊ သင်သည် သူသေကိုကော မြင်တွေ့ဖူးပါသလော"

"မြင်တွေ့ဖူးပါသည် အရှင်"

"အချင်းလူသား၊ သူသေကို မြင်တွေ့ပါက သင်သည် သတိသံဝေဂ ရသင့်သည်။ မကောင်းမှုပြုခြင်းကို ချက်ချင်းရပ်တန့်သင့်သည်။ သို့ပါလျက် မရပ်တန့်ဘဲ ဆက်လက်ကျူးလွန်၍သာ ငရဲပြည်သို့ ရောက်ရခြင်းဖြစ်ပေသည်"

ယမမင်းကြီးသည် ဤသို့ဆိုကာ မကောင်းမှုကျူးလွန်သူအား စိတ်ပျက်စွာဖြင့် ပြစ်တင်ပြောဆိုသည်။ ထို့နောက် ပြစ်ဒဏ်စီရင်ရန် ငရဲသားများလက်သို့ အပ်လိုက်လေသည်။ ။

**(ဗုဒ္ဓအဆုံးအမကျမ်းမှ)**

ဆရာကြီး မင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ကဗျာ


## ရွှေပဒ္မနှန်

မှန်မှိုင်းပါတဲ့ ရွှေပဒ္မနှန်
အုံ့ဆိုင်းပါတဲ့ ရွှေပဒ္မနှန်။
မြူခိုးငယ် ကျူငွေသန်းပြန်တော့
ပူမျိုးဝယ် ဆူဝေလျှမ်းကာပ
လွမ်းစိတ်ကခြို။
ဝလာအထက်ဆီက
ရွာရက်တဲ့ သည်အမှုန်ငယ်
မာန်ဟုန်က ထန်ပြင်း။
မေးစက်မပျော်
တွေးလျက်သာ ပူပုံတော်နဲ့
တူစုံပျော် ကြင်ဖော်ဝေးတာမို့
တသုန်သုန် မှုန်မှုန်အေးပြန်တော့
အစုံစုံ ဖုံဖုံတွေးလို့ရယ်
ဆွေးရစိတ်တွင်း။

**ငွေတာရီ**

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။



လူမှု ဘ၀

# ဆယ်ကျော်သက်အချင်းချင်း ဆက်ဆံရေးနှင့် မိဘများ၏ အခန်းကဏ္ဍ

မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)

**သက်တူရွယ်တူများ(သူငယ်ချင်းများနှင့် လုပ်ဖော်ကိုင်ဖက်များ)**

သက်တူရွယ်တူများသည်လည်း အခြားအရေးပါပြီး ထူးခြားသော အုပ်စုတစ်စုဖြစ်သည်။ သူတို့သည် ယေဘူယျကျသော လူမှုဘ၀ လက်ခံနိုင်မှုစံနှုန်းနှင့် ကျွန်ုပ်တို့၏ လူမှုရေးအခန်းကဏ္ဍများနှင့် ဆက်သွယ်မှုပုံစံများကို စမ်းသပ်ကြည့်ရန် လုံခြုံသောနည်းလမ်းတစ်ခုကိုပေးသည်။ အထူးသဖြင့် ဆယ်ကျော်သက်အရွယ်တွင် ရွယ်တူချင်းဆက်ဆံရေးများသည် အဆင့်အတန်း၊ လက်ခံမှု၊ ခေါင်းဆောင်မှု၊ လိင်နှင့် ချစ်ရေးချစ်ရာ အပြုအမူများအရကြည့်လျှင် မိမိကိုယ်ပိုင် အယူအဆ ဖွံ့ဖြိုးတိုးတက်မှုကို ပြုစုပျိုးထောင်ပေးသည်။ လူကြီးဘ၀တွင် လုပ်ငန်းခွင်၌ ရွယ်တူချင်းဆက်ဆံမှုများသည် ကျွန်ုပ်တို့၏ ဆက်သွယ်ရေးပုံစံများကို များစွာလွှမ်းမိုးသည်။ ရွယ်တူချင်းဆက်ဆံရေးသည် ကျွန်ုပ်တို့အတွက် အရေးကြီးသော သင်ခန်းစာများဖြစ်သည်။

ရွယ်တူချင်းများနှင့် ခင်မင်ရင်းနှီး မိတ်ဆွေဖြစ်မှုသည် အသုံးဝင်သော တန်ဖိုးတစ်ခု ဖြစ်သည်။ ကျွန်ုပ်တို့၏ ရည်မှန်းချက်များကို ပြီးမြောက်ရန် ကျွန်ုပ်တို့လိုအပ်သော အရာများ သို့မဟုတ် စွမ်းရည်တစ်ခုခုကို သူငယ်ချင်းက မျှဝေသောအခါ ခင်မင်ရင်းနှီး မိတ်ဆွေဖြစ်မှုတွင် အသုံးဝင်သော တန်ဖိုးတစ်ခုရှိသည်။ ရွယ်တူချင်းများနှင့် လက်တွေ့အသုံးဝင်သော ဆက်ဆံရေးကို ရှာဖွေရာတွင် တန်ဖိုးရှိသော စေ့စပ်ညှိနှိုင်းမှုဆိုင်ရာ ကျွမ်းကျင်မှုများကိုမျှဝေခြင်းနှင့် ရယူခြင်းဖြင့်လေ့လာကြသည်။

ကျွန်ုပ်တို့သည် သူတို့၏ လှုံ့ဆော်မှုတန်ဖိုးအတွက် သက်တူရွယ်တူ ဆက်ဆံရေးများကိုလည်း တည်ထောင်ကြသည်။ ရွယ်တူချင်းများက မိသားစု၏ နယ်နိမိတ်ပြင်ပရှိ အတွေးအခေါ်များနှင့် အဖြစ်အပျက်များနှင့် ကျွန်ုပ်တို့ကို ဆက်သွယ်ပေးသည်။ ကျွန်ုပ်တို့၏ မိတ်ဆွေ သူငယ်ချင်းများသည် နိုင်ငံခြားရုပ်ရှင်ကားများ၊ ဖျော်ဖြေပွဲများ သို့မဟုတ် မတူကွဲပြားသော အစားအစာ အမျိုးမျိုးကိုပင် စိတ်ဝင်စားကောင်း စိတ်ဝင်စားလိမ့်မည်။ သက်တူရွယ်တူချင်း ဆက်ဆံမှုများကပေးသော လှုံ့ဆော်မှုသည် ကျွန်ုပ်တို့၏ ယုံကြည်မှုများနှင့် တန်ဖိုးများကို တိုးပွားစေသည်။ ဤကဲ့သို့ သက်တူရွယ်တူ ဆက်ဆံရေးများက ကျွန်ုပ်တို့၏ မိုးကုပ်စက်ဝိုင်းကို ချဲ့ထွင်ပြီး ကျွန်ုပ်တို့ကိုယ်တိုင် ထုတ်ဖော်မှု၏ ထူးခြားမှုကို တိုးပွားစေသည်။

အချို့သော သက်တူရွယ်တူချင်း ဆက်ဆံမှုများက ကျွန်ုပ်တို့၏ အမြင်များကို မတူကွဲပြားခြင်းထက် ပိုမိုအားဖြည့်သည်။ ကျွန်ုပ်တို့သည် ဤကတိသစ္စာတန်ဖိုးကြောင့် ဤဆက်ဆံမှုများကိုလိုက်နာသည်။ ဤသူငယ်ချင်းများသည် ကျွန်ုပ်တို့ရှိပြီးသားယုံကြည်ချက်များနှင့် တန်ဖိုးများကို ထောက်ခံကြသည်။ ကျွန်ုပ်တို့သည် အလားတူ ဘာသာရေးယုံကြည်မှုများကြောင့် မိတ်ဆွေတစ်ဦးကိုရှာခြင်း ဖြစ်နိုင်သည်။ အဆိုပါပုဂ္ဂိုလ်နှင့် စကားပြောဆိုခြင်းသည် ဤတန်ဖိုးများကို ခိုင်မာစေသည်။ ဆက်ဆံရေးကို ခိုင်မာစေခြင်းသည် အရေးကြီးသော အတွင်းပိုင်းယုံကြည်ချက်များနှင့် တန်ဖိုးများကို ထုတ်ဖော်ရန် ကျွန်ုပ်တို့၏ စိတ်အားထက်သန်မှုကို ခိုင်မာစေသည်။

ကျွန်ုပ်တို့၏ ရွယ်တူချင်းများက မိမိကိုယ်ကို ပုံရိပ်များနှင့်ပတ်သက်၍ ပိုမိုယုံကြည်မှုရှိပြီး ခံစားတတ်ရန် ကျွန်ုပ်တို့အား ကူညီပေးသောအခါ အထောက်အပံ့တန်ဖိုးကိုရရှိသည်။ ဥပမာ-သင်ငယ်ငယ်တုန်းက သင်ကိုယ်တိုင် မြန်မြန်ဆန်ဆန်နှင့် ကျွန်းမာကြံ့ခိုင် ဖျတ်လတ်သည်မှတ်ယူကောင်းမှတ်ယူမည်။ သင်၏ ရွယ်တူချင်းအချို့က သင့်အား သူတို့နှင့်အတူ အားကစားပြုလုပ်ရန် ဖိတ်ခေါ်ခြင်းဖြင့် ထိုအမြင်ကို ထောက်ခံကောင်းထောက်ခံမည်ဖြစ်သည်။ သင်နှင့် သင့်အပေါ် သူတို့၏ ဆက်သွယ်မှုကို နားထောင်ခြင်းသည် သင်၌ ရှိသည်ဟူသော အမြင်ကို အားဖြည့်ပေးခဲ့သည်။

နောက်ဆုံးအနေဖြင့် ကျွန်ုပ်တို့သည် သက်တူရွယ်တူဆက်ဆံရေးကို ဆက်လက်လုပ်ဆောင်သည်။ မိတ်ဆွေဖြစ်ရခြင်း၏ တစ်စိတ်တစ်ပိုင်းမှာ ထိုသူအား အချို့နည်းလမ်းများဖြင့် ကာကွယ်ပေးခြင်း ဖြစ်သည်။ သူငယ်ချင်းများသည် များသောအားဖြင့် သူတစ်ပါးကို ထိခိုက်စေမည့်အရာများကို မပြုလုပ်မိရန် ကြိုးစားလေ့ရှိသည်။ သူငယ်ချင်းများသည် သူတစ်ပါး၏ အားနည်းချက်များနှင့် ချို့ယွင်းချက်များကို မကြာခဏ လျစ်လျူရှုကြသည်။ ဤလုံခြုံရေးတန်ဖိုးကြောင့် သူငယ်ချင်းများကိုယ်တိုင်၏ ရှုထောင့်အားလုံးကို လွတ်လပ်စွာပြောဆိုရန် သူငယ်ချင်းများကို အားပေးကြသည်။ အဘယ်ကြောင့်ဆိုသော် လုံခြုံရေးတန်ဖိုးကြောင့် တစ်စိတ်တစ်ပိုင်းအနေဖြင့် ဤဆက်ဆံရေးများသည် ကျွန်ုပ်တို့၏ ကိုယ်ပိုင်ဖွင့်ဟ ဖော်ထုတ်မှုအပေါ်တွင် ထိုကဲ့သို့သော စွမ်းအားရှိသော ဩဇာလွှမ်းမိုးမှုရှိသည်။ အကယ်၍ ဂရုတစိုက် လေ့လာကြည့်ပါက သက်တူရွယ်တူ အုပ်စုတစ်ခုမှတစ်ခုသို့ ရွှေ့လျားလာသောအခါ ကျွန်ုပ်တို့၏ ဘာသာစကားနှင့် အခြားနည်းလမ်းများဖြင့် ဖော်ပြချက်များ ပြောင်းလဲသွားကြောင်းတွေ့ရှိလိမ့်မည်။ အစောပိုင်းသက်တူရွယ်တူများ၏ အပြန်အလှန်ဆက်သွယ်မှုများသည် အခြားအရေးပါသော ဩဇာလွှမ်းမိုးမှု အရင်းအမြစ်ဖြစ်သော ကျောင်း၏အခြေအနေပေါ်တွင် ဖြစ်ပေါ်သည်။

**[Ref: The Influences of significant others on self-disclosure]**

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၏ ဆယ်ကျော်သက်အချစ်နှင့် ကံကြမ္မာစာအုပ်မှ စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။



# တိုင်းရင်းဆေးဝါးမှာ သတိပြုစရာများ

ကြည်လွင်မြင့် (မုဒြာ)

တိုင်းရင်းဆေးမှာ ဘာအန္တရာယ်မှမရှိဘူး။ တို့မိဘဘိုးဘွားလက်ထက်ကတည်းက သုံးစွဲလာခဲ့တာပဲ၊ ဘာမှမဖြစ်ခဲ့ကြပါဘူးဟု ပြောဆိုနေကြသူ များစွာတွေ့ရသည်။

အချို့ကလည်းအစွမ်းထက်သည့်ဆေးပင်များကို ဟင်းသီးဟင်းရွက်ရောင်းသည့်ဈေးများတွင် ထင်သလိုရောင်းချနေသည်မှာ အလွန်ပင်အန္တရာယ်များသည်။ (ဥပမာ လောက်သေရွက်၊ ပိစပ်ရွက်၊ ပရန္နဝါရွက်၊ စူလာနဖာရွက်၊ ဆေးပုလဲရွက်၊ ရှမ်းဆေးခါးပင်...စသည့်အပင်များသည် အရမ်းမဲ့မစားသုံးသင့်သောအပင်များ ဖြစ်သည်)။ မြန်မာဆေးပင်ဖြစ်သော်လည်း ဆရာ မညွှန်ကြားဘဲ အရပ်ပြောနှင့် သုံးစွဲရန် မသင့်ပါ။ တိုင်းရင်းဆေးဖြစ်သော်လည်း ဘေးထွက်ဆိုးကျိုးရှိနိုင်သည်ကို သတိပြုပါ။

တိုင်းရင်းဆေးဝါး၊ ဆေးပင်များကို အသုံးများလာသဖြင့် စနစ်တကျသိပ္ပံနည်းကျလေ့လာပြီး ဓာတ်ခွဲခန်းများတွင် သုတေသနပြုလုပ်သောခေတ်သို့ ရောက်ရှိလာပြီဖြစ်သည်။ အချို့တိုင်းရင်းဆေးပင်များတွင် ထူးခြားသောဓာတ်သတ္တိများပါဝင်ပြီး လွန်ကဲလျှင်၊ ဓာတ်မတည့်လျှင် သို့မဟုတ် ကြာရှည်သုံးစွဲလျှင် သုံးစွဲသူ၏ ကိုယ်တွင်းအင်္ဂါများဖြစ်သည့် အသည်း၊ နှလုံး၊ ကျောက်ကပ်၊ အစာအိမ် စသည်တို့ကို ထိခိုက်ပျက်စီးစေနိုင်သည်ကို တွေ့ရပါသည်။

### တိုင်းရင်းဆေးကို ယုံကြည်သော်လည်း အရမ်းမဲ့မသုံးစွဲသင့်ပါ

မည်သည့်ဆေးဝါးမဆို ဘေးဥပဒ်နှင့် မကင်းပါ။ အနောက်တိုင်းဆေးဝါးများတွင် ကောင်းကျိုးနှင့်ယှဉ်တွဲ၍ မလိုလားအပ်သောဘေးဥပဒ်များရှိကြောင်း လူအတော်တော်များများ သိပြီးဖြစ်ကြပါသည်။ ဥပမာအားဖြင့် အကိုက်အခဲပျောက်ဆေးများသုံးစွဲခြင်း လွန်ကဲလျှင် အစာအိမ်သွေးကြောများ ပေါက်တတ်ကြောင်းကို ဆေးပညာရှင်များက အမြဲသတိပေးနေကြပါသည်။

တိုင်းရင်းဆေးဝါးများသည်လည်း ထိုကဲ့သို့ ကောင်းကျိုးနှင့် ယှဉ်တွဲ၍ မလိုလားအပ်သောဘေးဥပဒ်များရှိကြောင်းကိုမူ သိသူအလွန်နည်းပါးလှသည်။ အမှန်မှာ တိုင်းရင်းဆေးတွင်လည်း တတ်ကျွမ်းသည့်ဆရာ ပညာရှင်များနှင့် မတိုင်ပင်ဘဲသုံးစွဲလျှင် ဒုက္ခပေးတတ်သောဘေးဥပဒ်များ ရှိပါသည်။ ထို့ကြောင့်ပင် တိုင်းရင်းဆေးသိပ္ပံ (မန္တလေး)တွင် သင်ကြားပေးနေသော ပညာရပ်များထဲမှ "ဆေးပညာဥပဒေသ" ပညာရပ်တွင် ရောဂါတစ်ခုကို ပျောက်ကင်းစေပြီး အခြားရောဂါတစ်ခုကို ဆင့်ပွားမဖြစ်စေမည့် ကုထုံးကိုသာ မှန်ကန်ကောင်းမွန်သောကုထုံးအဖြစ် ဆရာလောင်းများကို သင်ကြားပေးလျက်ရှိပါသည်။ ဆေးဆရာများ ဆေးကုရာတွင် စင်ကြယ်သောကုထုံးနှင့် မစင်ကြယ်သောကုထုံးဟူ၍ နှစ်မျိုးရှိသည်ဟု ရှေးဆရာကြီးများ အဆိုရှိပါသည်။ ရောဂါတစ်ခုပျောက်ကင်းပြီး ပေးသောဆေးကြောင့် အခြားရောဂါတစ်ခု ပြောင်းလဲဆင့်ပွား ပေါ်ပေါက်လာလျှင် ၎င်းကုထုံးကို မစင်ကြယ်သောကုထုံးဟု ခေါ်ဆိုပါသည်။

### တိုင်းရင်းဆေးနှင့် ဘေးထွက်ဆိုးကျိုး

စာရေးသူ၏ ဆေးကုသက်တမ်းအတွင်း တွေ့ကြုံရဖူးသော အတွေ့အကြုံများမှ အချို့ကိုဖော်ပြလိုပါသည်။ တစ်နေ့တွင် တိုင်းရင်းဆေးကို ယုံကြည်သုံးစွဲသူ ပုဂ္ဂိုလ်တစ်ဦး တိုင်းရင်းဆေးခန်းသို့ ရောက်လာပါသည်။ ထိုသူ လာရောက်ပြသသောရောဂါမှာ လေပွပြီးအစားမစားချင်သောရောဂါဖြစ်သည်။ မကြာခဏလည်း ကြို့ထိုးတတ်သည်ဟု ဆိုပါသည်။

သူသည် အသက်လေးဆယ်ကျော်ရုံမျှရှိသေးသော်လည်း ဆံပင်များ ကွက်ကျားဖြူလျက်ရှိနေသည်။ တိုင်းရင်းနည်းဖြင့်



သူ့လက်ကို သွေးစမ်းကြည့်သောအခါ "လေပူသွေး" (လေပူသွေးဆိုသည်မှာ လက်ကောက်ဝတ်သွေးကိုစမ်းကြည့်ရာတွင် သွေးလုံးပွပြီး အလုံးလိုက် ဆောင့်တိုးနေသော သွေးမျိုးဖြစ်သည်။) ရှိနေကြောင်း တွေ့ရသည်။ ထို့ကြောင့် သူ၏ရောဂါဖြစ်ပုံနောက်ကြောင်းကိုပါ စစ်တမ်းထုတ်ကြည့်သောအခါ အောက်ပါအတိုင်းသိရှိရသည်။

သူသည် လွန်ခဲ့သောခြောက်လခန့်မှစ၍ နန္ဒင်းခါးဆေးလုံးများကို နေ့စဉ်စားသုံးခဲ့သည်ဟု ဆိုပါသည်။ သွေးတိုးနှင့် လေငန်းရောဂါများ ကာကွယ်သည်ဆိုသဖြင့် သူတို့မျိုးရိုးတွင် ၎င်းရောဂါများ ဖြစ်ခဲ့ဖူးသူများရှိသဖြင့် စိုးရိမ်ပြီး ကာကွယ်သည့်အနေဖြင့် နန္ဒင်းခါးဆေးလုံးများကို နေ့စဉ်စားသုံးခဲ့သည်ဟု ပြောပြပါသည်။ သူသည် နန္ဒင်းခါးစစ်စစ်ကို ပရဆေးဆိုင်များတွင်ရှာ၍ဝယ်ယူပြီး သေချာအောင် ရေဆေးသန့်စင်သည်။ မှိုမတတ်အောင်ဖြစ်သည်။ ထို့နောက် နေလှန်းအခြောက်ခံသည်။ ပြီးမှ အမှုန့်ကြိတ်စက်သို့ပို့ပြီး အမှုန့်ကြိတ်သည်။ ထိုအမှုန့်ကို ပျားရည်ဖြင့်တေပြီး ရွေးကြီးစေ့ခန့် ဆေးလုံးများပြုလုပ်ကာ နေပြပြီး ဖန်ပုလင်းတွင် လေလုံအောင်ထည့်ထားသည်ဟု ဆိုသည်။ ထိုဆေးလုံးကို သုံးလုံးမှစစားပြီး ငါးလုံးအထိတိုးကာ ထမင်းစားပြီးတိုင်း တစ်နေ့နှစ်ကြိမ်စားသည်ဟုဆိုသည်။ စားခါစလများတွင် အစာကြေပြီး ရင်ချောင်၊ လေလည်သဖြင့် မိမိနှင့်သင့်သည့်ဆေးဟု စွဲစားခဲ့သည်ဟု ဆိုသည်။

ထိုသို့စားသုံးပြီး သုံးလကျော်အကြာမှစ၍ သူ့ဆံပင်များ စ၍ဖြူလာခဲ့သည်။ အစားပျက်၍ လေပွလာသည်။ ရုံး၌ အလုပ်လုပ်ရာတွင် နေ့လယ်ချိန်ရောက်လျှင် ဇက်ကြောတက်ပြီး မျက်စိများမှုန်လာသည်။ ထိုအချိန်အထိ နန္ဒင်းခါးစားသုံးမှုမတည့်သောကြောင့်ဖြစ်သည်ဟု သူကမထင်။ ရုံးအလုပ်များ၍ ဖြစ်သည်ဟုသာထင်ပြီး ဆက်လက်စားသုံးခဲ့သည်ဟု ဆိုပါသည်။

တိုင်းရင်းဆေးပညာအလိုအားဖြင့် နန္ဒင်းခါးသည် ပူခါးအရသာရှိပြီး ဓာတ်လောင်ကျွမ်းမှုအားကောင်းစေသော "တေဇောဝါယောဂိဏ်း" ဆေးမျိုးဖြစ်သည်။ ၎င်းသည် ဓာတ်လောင်ကျွမ်းမှုပေးသောဆေးမျိုးဖြစ်သဖြင့် ခန္ဓာကိုယ်တွင်းရှိ မကြေညက်ခြင်းနှင့် ပိတ်ဆို့မှုများကို ရှင်းလင်းစေနိုင်ပါသည်။

သွေးတွင်းရှိ အဆီဓာတ်များကိုလည်း ကြေစေနိုင်သဖြင့် သွေးတိုးလည်းကျစေနိုင်ပါသည်။ သို့သော် စနစ်တကျစားသုံးရန် လိုအပ်ပါသည်။ လိုသည်ထက်ပိုလျှင် ဘေးဥပဒ်ဖြစ်စေနိုင်ပါသည်။ ခန္ဓာကိုယ်တွင် တေဇောဝါယော ဓာတ်ခံအားကောင်းနေသူများ၊ တစ်နည်းအားဖြင့် အပူနှင့်လေပူဓာတ်လွန်ကဲနေသူများသည် နန္ဒင်းခါးနှင့် မတည့်ပါ။ သူများပြောသံကြားနှင့် စားသုံးမိရာမှ များလာသောအခါ မူလဓာတ်ခံ အပူဓာတ်နှင့် နန္ဒင်းခါးမှ တေဇော ဝါယောဓာတ်တို့ပေါင်းမိကာ မီးလောင်ရာတွင် လေပင့်သကဲ့သို့ဖြစ်ပြီး ဓာတ်လောင်ကျွမ်းမှုလွန်ကဲ၍ အပူခိုးများအထက်သို့ရိုက်သဖြင့် မျက်စိမှုန်ခြင်း၊ ဇက်ကြောတက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ဆံပင်ကျွတ်ခြင်း၊ ဆံပင်ဖြူခြင်း စသော တေဇောဓာတ်လောင်ကျွမ်းသော လက္ခဏာများ ပေါ်ပေါက်လာပါလိမ့်မည်။

အမှန်အားဖြင့် နန္ဒင်းခါးစားသုံးရန် သင့်သူများမှာ အဆီဓာတ်များပြီး လူဝဖြိုးမှုလွန်ကဲလာသူများ၊ သီတ အအေးဓာတ်အဖွဲ့လွန်ကဲပြီး အကြောတွင် ပိတ်ဆို့မှုရှိသူများ၊ သွေးအတွင်း အဆီဓာတ်ပိတ်ဆို့ပြီး သွေးတိုးလက္ခဏာပြလာသူများ၊ ဆီးချိုရောဂါရှိနေသူများ မွေးညင်းပေါက်များ အာကာသပိတ်၍ ချွေးမထွက်သူများသာ စားသုံးသင့်သော ဆေးမျိုးဖြစ်ပါသည်။

### ပိန်ဆေးများနှင့်သတိပြုစရာ

တစ်ခေတ်တစ်ခါက တိုင်းရင်းဆေးကြော်ငြာများတွင် ပိန်ဆေးဟု ကြော်ငြာရောင်းချရာ စားသုံးသူများခဲ့သည်။ နောက်ပိုင်းတွင် ပိန်ဆေးမဟုတ်တော့ "အဆီကျဆေး"ဟု ပြောင်းသုံးလာသည်။ အနောက်တိုင်း ဆရာဝန်များက ဝလာခြင်း၏ပြစ်ချက်မှာ မကောင်းသော Cholesterol (ကိုလက်စထရော)ဟု ဖော်ပြလာကြသည်။ ကိုလက်စထရောသည် အဆီဖြစ်သဖြင့် အဆီကျဆေးဟု သုံးစွဲသည်ကိုလိုက်ပြီး အဆီကျဆေး (သို့မဟုတ်) အဆီကျပိန်ဆေးဟု သုံးစွဲလာကြခြင်း ဖြစ်သည်။

ပိန်ဆေးဟု ကြော်ငြာရောင်းချနေကြသောဆေးများမှာ နန္ဒင်းခါးနှင့် ဆင်တုံးမနွယ်ကို အဓိကထား၍ ဖော်စပ်ထားသောဆေးက များသည်။ အချို့ဆေးများတွင် ဝမ်းသွားလျှင်ပိန်သည်ဟု ယူဆသဖြင့် ဝမ်းသွားလွယ်ကူစေသော ပွေးကိုင်းနှင့် မင်းကိုကာလို ပရဆေးပစ္စည်းများ ထည့်လာကြသည်။ ထို့ထက်ဆိုးသည်မှာ အူလှိုင်းတွန့်လှုပ်ရှားမှုလွန်ကဲစေသည့် ကနခိုစေ့ကိုထည့်၍ ဖော်စပ်ခြင်းဖြစ်သည်။ ရေရှည်စွဲ၍ သောက်သုံးသင့်သော ဆေးမျိုးမဟုတ်ပါ။ ကနခိုသည် ရှေးက သမားကိုင်ဆေး ဖြစ်ပါသည်။ လူနာအတွက် ပေးရန်လိုအပ်လျှင် ကနခိုကို အခိုးသတ်ပြီးမှ သမား အတိုင်းအဆဖြင့် ပေးကုပါသည်။ ရေရှည်စွဲ မစားခိုင်းပါ။ အဖျက်ဆေးချက်ဖြစ်သဖြင့် ရောဂါကို တိုက်ဖျက်သည့်အခါသာ သုံးစွဲရပါသည်။ အရမ်းမဲ့မစားသုံးသင့်ပါ။ စားသုံးလိုလျှင်လည်း ကျွမ်းကျင်သော တိုင်းရင်းဆေးပညာရှင်များနှင့်တိုင်ပင်၍ အချိန်ကာလအတိုင်းအတာဖြင့်သာ စားသုံးသင့်ပါသည်။

အခြားတိုင်းရင်းဆေးပစ္စည်း ဆေးဝါးများတွင်လည်း ဤနည်းတိုင်းပင် ဖြစ်ပါသည်။ ကြက်သွန်ဖြူနှင့် ပျားရည် အစားများ၍ ဒုက္ခရောက်သူများလည်း တွေ့ဖူးပါသည်။ ဆီးကောင်းသည်၊ ကျောက်ကျသည်ဟုဆိုကာ မလိုအပ်ဘဲ သံမနိုင်ကျောက်မနိုင်ရွက်များကို နေ့စဉ်ကျိုသောက်ရာမှ ဆီးသွားလွန်ကဲပြီး ကျောက်ကပ်ထိခိုက်ရောဂါရသူများလည်း ကြုံတွေ့ဖူးပါသည်။ အစွမ်းထက်သောဆေးပင်ဆေးမြစ်များကို မလိုအပ်ဘဲ မသောက်သင့်ပါ။ ဆီးချို၊ သွေးချိုရောဂါအတွက် မဟော်ဂနီစေ့ အစားများပြီး ကျောက်ကပ်ထိခိုက်သွားသူ၊ ဣဿရမူလီဆေးစားပြီး ကျောက်ကပ်အဆိပ်ဖြစ်သူများ ရှိပါသည်။ ကျောက်ကပ်သည် လိုသည်ထက်ပို၍ အလုပ်လုပ်ရလျှင် ပျက်စီးတတ်ပါသည်။

စာမျက်နှာ ၂၃ သို့ ❖

"တိုင်းရင်းဆေးဝါး၊ ဆေးပင်များကို အသုံးများလာသဖြင့် စနစ်တကျသိပ္ပံနည်းကျလေ့လာပြီး ဓာတ်ခွဲခန်းများတွင် သုတေသနပြုလုပ်သောခေတ်သို့ ရောက်ရှိလာပြီဖြစ်သည်။ အချို့တိုင်းရင်းဆေးပင်များတွင် ထူးခြားသောဓာတ်သတ္တိများပါဝင်ပြီး လွန်ကဲလျှင်၊ ဓာတ်မတည့်လျှင် သို့မဟုတ် ကြာရှည်သုံးစွဲလျှင် သုံးစွဲသူ၏ ကိုယ်တွင်းအင်္ဂါများဖြစ်သည့် အသည်း၊ နှလုံး၊ ကျောက်ကပ်၊ အစာအိမ် စသည်တို့ကို ထိခိုက်ပျက်စီးစေနိုင်သည်ကို တွေ့ရ"

❒ **မန္တလေးတိုင်းဒေသကြီးမှ**

မြို့နယ်ရုံးနဲ့ ခရိုင်ရုံးမဖွင့်နိုင်တဲ့နေရာတွေမှာဆိုရင် တိုင်းဒေသကြီးရုံးကပဲ သွားရောက်ထောက်ပံ့လျက်ရှိပါတယ်။ သဘာဝဘေးအန္တရာယ်အများအပြားခံစားရတာက မြစ်ရေကြီးခြင်းအန္တရာယ်ဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်ကျရောက်မှုအတွက် ကြိုတင်ပြင်ဆင်မှုကောင်းရင် တုံ့ပြန်ရေးကောင်းတယ်။ တုံ့ပြန်ရေးကောင်းရင် ဘေးအန္တရာယ်တော့ ကျရောက်သွားတယ်။ ဒါပေမဲ့ ကျရောက်သွားတဲ့ ဘေးအန္တရာယ်ပြင်းအားအတိုင်း ခံစားမှုမရှိဘဲ လျော့ပါးသွားမယ်။ ဒီလိုအခြေအနေကိုတည်ဆောက်နေခြင်းဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နေတဲ့အခါမှာလည်း သက်ဆိုင်ရာဌာနတွေ၊ အုပ်ချုပ်မှုဆောင်ရွက်နေတဲ့အဖွဲ့တွေသာမက ပြည်သူလူထု အဓိကပူးပေါင်းဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ပြည်သူပူးပေါင်းဆောင်ရွက်မှသာ ဘေးဒဏ်ခံနိုင်တဲ့ လူ့အသိုင်းအဝိုင်းတစ်ခုကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်” ဟု ၎င်းက ပြောသည်။

ထို့ပြင် မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးလုံခြုံရေးသာမက သဘာဝဘေးအန္တရာယ်များ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်တွင် ရေဘေးအန္တရာယ်ကြုံတွေ့လာနိုင်သည့် အနေအထားရှိသည့်အတွက် သင့်လေးသင့် ဆောင်ရွက်ထားရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးကျော်ကျော်ဦးက ပြောသည်။

“ဧရာဝတီမြစ်ရေရဲ့အခြေအနေအရ စပိဘုတ်တွေ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် အသင့်စုဖွဲ့ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူတွေအနေနဲ့ မီးဘေးအန္တရာယ်နဲ့ သဘာဝဘေးအန္တရာယ်တွေ ကြုံတွေ့လာပါကလည်း အချိန်နဲ့တစ်ပြေးညီ ဆက်သွယ်အကြောင်းကြားပေးဖို့ လိုအပ်ပါတယ်။ မီးသတ်ဦးစီးဌာနကိုလည်း လိုအပ်တဲ့အကူအညီရှိရင် ဖုန်းနံပါတ် ၁၉၁ ကိုဆက်ပြီး တောင်းခံနိုင်ပါတယ်” ဟု ၎င်းက ပြောသည်။

တိုင်းဒေသကြီးအတွင်း ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်တွင် သဘာဝဘေးအန္တရာယ် ၃၀၄ ကြိမ်ခန့်ဖြစ်ပွားခဲ့ပြီး ငွေကျပ်သန်းပေါင်း ၆၄၀ နီးပါး ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရကာ ငွေကျပ် သန်းပေါင်း ၃၉၀ ခန့် ထောက်ပံ့နိုင်ခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**

■

○ **လက်စတာစီးတီးအသင်းမှ**

တစ်ဂိုး–ဂိုးမရှိနဲ့ အနိုင်ရကာ ကွန်မြူနတီဒိုင်းကို ရယူဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

အဲဒီပင်နယ်တီသွင်းဂိုးကို ပွဲကစားချိန် ၇၉ မိနစ်မှာ ဘားနက်စ်ရဲ့နေရာကို လူစားဝင်လာတဲ့ အီဟီယာနာချိုက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ အခုပွဲစဉ်မှာ တောင်ပံကစားသမား စတာလင်အပါအဝင် ဒဏ်ရာရနေတဲ့ ဒီဘရိုင်းနဲ့ ဖီးလ်ဖိုဒန်တို့ ပါဝင်လာနိုင်ခဲ့ခြင်းမရှိတာကြောင့် အသက် ၁၈ နှစ်အရွယ် ဆန်မြူရယ်အက်ဒိုဇီနဲ့ အသက် ၁၉ နှစ်အရွယ် ဘင်နိုက်တို့ကို နည်းပြဂွါဒီယိုလာက စတင်ပွဲထွက်ကစားခွင့်ပြုခဲ့ပါတယ်။

ဒါ့ပြင် အခုနွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ အက်စ်တွန်ဗီလာအသင်းဆီကနေ ပြောင်းရွှေ့ကြေး ပေါင်သန်း ၁၀၀ နဲ့ ခေါ်ယူထားတဲ့ ကွင်းလယ်ကစားသမား ဂျက်ဂရီယယ်လစ်ရှ်ကို ဒုတိယပိုင်းပွဲကစားချိန် ၆၅ မိနစ်မှာ လူစားဝင်ကစားစေခဲ့သော်လည်း ပြိုင်ပွဲရဲ့ ရလဒ်ပိုင်းကို အပြောင်းအလဲဖြစ်စေမယ့် ထိရောက်တဲ့ ဂိုးဖန်တီးမှုမလုပ်နိုင်ခဲ့သလို ဂိုးရရှိအောင်လည်း စွမ်းဆောင်နိုင်ခဲ့ခြင်းမရှိခဲ့ပေ။ ဒါကြောင့် နည်းပြဂွါဒီယိုလာဟာ ဘောလုံးရာသီမစတင်မီကာလအတွင်းမှာ ခြေစွမ်းပိုင်း ကောင်းမွန်တဲ့ တိုက်စစ်ကစားသမားတစ်ဦးကို ခေါ်ယူဖို့စီစဉ်ထားတယ်လို့ ဆိုပါတယ်။

**ငွေကြယ်**

■

ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

**စာတည်း**




## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဩဂုတ် ၈

| | | | | | | | |
|---|---|---|---|---|---|---|---|
| မောင်တော | ၃ ဒသမ ၉၀ | လက်မ | | ကော့ကရိတ် | ၂ ဒသမ ၂၈ | လက်မ |
| ပူတာအို | ၃ ဒသမ ၄၆ | လက်မ | | ဘားအံ | ၂ ဒသမ ၁၇ | လက်မ |
| ကျောက်တော် | ၃ ဒသမ ၄၃ | လက်မ | | ဖြူး | ၁ ဒသမ ၈၅ | လက်မ |
| ခန္တီး | ၃ ဒသမ ၂၇ | လက်မ | | စစ်တွေ | ၁ ဒသမ ၇၇ | လက်မ |
| အမ်း | ၂ ဒသမ ၅၆ | လက်မ | | ချောင်းဆုံ | ၁ ဒသမ ၆၁ | လက်မ |
| လောင်းလုံး | ၂ ဒသမ ၄၀ | လက်မ | | မိုးကုတ် | ၁ ဒသမ ၅၇ | လက်မ |

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဩဂုတ် ၈

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အသင့်အတင့် ရှိနေသည်။

**မိုး/ဇလ**

❖ စာမျက်နှာ ၂၂ မှ

**ကြော်ငြာတိုင်းမယုံကြည်နှင့်**

အချို့လူများသည် ရောင်းတမ်းဆေးများက ကြော်ငြာထားသည်များကို အကောင်းထင်ကာ ဝယ်ယူစားသုံးရာမှ မပျောက်ကင်းဘဲ ရောဂါကုသချိန် နောက်ကျပြီးမှ သက်ဆိုင်ရာဆေးရုံသို့ ရောက်သဖြင့် ကုမရတော့ဘဲ ဆုံးရှုံးသွားသည်များလည်း ရှိသည်။ အချို့မှာ ဆေးယုံကြည်မှုလွန်ကဲ၍ အနာလိမ်းဆေးကိုပင် သောက်ဆေးအဖြစ် သုံးစွဲလာသည်ကို တွေ့ရပါသည်။ မှားယွင်းသောသုံးစွဲမှုဖြစ်ပါသည်။

တိုင်းရင်းဆေး၏ ပညာရပ်များမှာ များစွာကျယ်ဝန်းနက်ရှိုင်းပါသည်။ လူတစ်ဦးနှင့်တစ်ဦး မူလဓာတ်ခံချင်း မတူကြပါ။ ဆေးတစ်မျိုးသည် လူတစ်ဦး၏ရောဂါကို ပျောက်ကင်းစေသော်လည်း အခြားတစ်ဦး၏အမျိုးတူရောဂါကို မပျောက်စေနိုင်သော ဘုတ်သဘောတရားများ ရှိပါသည်။

ဆေးပင်နှင့် ဆေးပစ္စည်းအာနိသင် ပညာရပ်များမှာလည်း များစွာ နက်နဲကျယ်ဝန်းသည်။ ဆေးတစ်မည်တည်းနှင့် ပျောက်နိုင်သောရောဂါများရှိသလို ဆေးအမည်များစွာနှင့် ပေါင်းစပ်ကုမှ ပျောက်ကင်းနိုင်သည်များလည်း ရှိသည်။

ရောဂါသိ ဆေးရှိပြီးသည့်တိုင်အောင် ရောဂါရောက်ကြောင်းဖြစ်သည့် ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့နှင့် ညှိနှိုင်းဆန်းစစ်ကုသပေးနိုင်သည့်ဆရာမှသာ ရောဂါကို စင်ကြယ်အောင်ကုသနိုင်သည်။

ထို့ကြောင့် ရောဂါဖြစ်လာလျှင် မိမိထင်ရာ ဆေးမြီးတိုများ၊ ရောင်းတမ်းဆေးများဖြင့် လက်တည့်စမ်း၍ ပျောက်နိုးနိုးကုသခြင်းမျိုး မပြုလုပ်သင့်ကြပေ။ တိုင်းရင်းဆေးဝါးများနှင့်ပတ်သက်၍ အချုပ်အားဖြင့်တင်ပြလိုသည်မှာ မည်သည့်တိုင်းရင်းဆေးမဆို သူများပြောသံကြားနှင့်လည်းကောင်း၊ ကြော်ငြာဖတ်၍လည်းကောင်း အရမ်းမဲ့ မသုံးစွဲကြပါနှင့်။ အချို့ကြော်ငြာများသည် ကြော်ငြာသဘောအရ စိတ်ဝင်စားအောင်၊ ဆွဲဆောင်နိုင်အောင် ပိုပိုသာသာပြော၍ကြော်ငြာခြင်းမျိုးလည်း ရှိပါသည်။ တကယ်တမ်းသုံးစွဲသောအခါ နောက်ဆက်တွဲဆိုးကျိုးရှိနေတတ်ပါသည်။ အချို့ဆေးများမှာ သုတေသနမရှိသောဆေးများဖြစ်ပါသည်။

ယခုအခါ ရန်ကုန်နှင့် မန္တလေးမြို့များတွင် တိုင်းရင်းဆေးရုံနှစ်ရုံနှင့် မြို့နယ်များစွာတွင်လည်း ကျန်းမာရေးဦးစီးဌာန တိုင်းရင်းဆေးပေးခန်းများရှိနေပြီး တိုင်းရင်းဆေးရုံများလည်း တိုးတက်ပေါ်ပေါက်လာပြီး ယခုနှစ်ပိုင်းအတွင်း ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော် မြို့ကြီးသုံးမြို့တွင် ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံကြီးများ ပေါ်ထွက်လာပြီဖြစ်ရာ တိုင်းရင်းဆေးပညာ တတ်ကျွမ်းနားလည်သည့် သမားတော်များ၊ ဆရာများနှင့် တိုင်ပင်ကုသခြင်းသာ အကောင်းဆုံးဖြစ်သည်။

ရှေးက တိုင်းရင်းဆေးပညာ ဒီပလိုမာဘွဲ့ရများသာ ရှိခဲ့သော်လည်း တိုင်းရင်းဆေးတက္ကသိုလ်ကြီး ပေါ်ပေါက်လာပြီးနောက် အဆင့်အတန်းမီ BMTM ဘွဲ့ရများ၊ MMTM ဘွဲ့လွန်များအထိ ပေါ်ထွက်လာပြီ ဖြစ်ပါသည်။ နောင်ဆိုလျှင် ပါရဂူဘွဲ့၊ ဒေါက်တာဘွဲ့ရသူများပါ ပေါ်ထွက်လာနိုင်ပါသည်။ တိုင်းရင်းဆေးတက္ကသိုလ်ဆင်း ဆရာများသည် တိုင်းရင်းဆေးဆရာဝန်များ ဖြစ်ပါသည်။

တိုင်းရင်းဆေးဖြင့် ရှေးမြန်မာလူမျိုး ဘိုးဘေးများ သက်ရှည်ကျန်းမာခဲ့ကြသည်ဖြစ်ရာ ရိုးရာဆေးကိုလက်မလွှတ်သင့်ပါ။ လက်ရှိလည်း အားပေးနေကြပါသည်။ အချို့လည်း မဖြစ်မနေ အနောက်တိုင်းဆေးဖြင့်ကုသနေရင်း တစ်ဖက်မှ မြန်မာဆေးသုံးစွဲခြင်း ဆေးနည်းတို(ဆေးမြီးတို)နှင့် ကုသခြင်းများ ပြုလုပ်နေကြပါသည်။ ကင်ဆာကဲ့သို့ အဆင့်မြင့်ရောဂါများပင် ဆေးမြီးတိုနှင့် ပျောက်ကင်းသွားသူများကိုလည်း လက်တွေ့တွေ့ရပါသည်။ သို့သော် ဆေးတိုင်းမဟုတ်ပါ။ လူတိုင်းမဟုတ်ပါ။ အနောက်တိုင်းဆေးဖြစ်စေ၊ တိုင်းရင်းဆေးဖြစ်စေ “သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေး”၊“တန်ဆေး၊ လွန်ဘေး” ဟူသော ဆိုရိုးများကိုလည်း အမြဲမမေ့ကြပါနှင့်ဟု သတိပေးရေးသားတင်ပြလိုက်ရပါသည်။ ။

(၆-၈-၂၀၁၂ မှ အဆက်)

-၂-

"ဒီကိစ္စ မမဦး သိပါတယ် သက်သက် ရယ်..."

"ဟင်... မမဦး သိတယ် ဟုတ်လား"

နောက်ဆုံးတော့ သက်သက် ကြံရာမရသဖြင့် မမဦး သားသားကို လာခေါ်ခိုက် အကျိုးအကြောင်း ဖွင့်ပြောပြလိုက်မိသည်။ သက်သက် စကားအဆုံးတွင် မမဦးက ခေါင်းညိတ်ပြီး အေးအေးဆေးဆေး ပြောလိုက်သဖြင့် သက်သက် အထိတ်တလန့် ပြန်မေးလိုက်သည်။

မမဦးက ခေါင်းပြန်ညိတ်ပြီး

"သိတယ် သက်သက်သိတယ်။ ဘယ်လို သိသလဲ မေးမနေနဲ့တော့ သက်သက်နဲ့ ကိစ္စတုန်းက သိသလိုပဲ။ ဘေးကနားလျှံလာတဲ့အခါ ကာယကံရှင်တွေ ကြားရတဲ့နည်းနဲ့ သိတာပဲပေါ့"

မမဦးစကားကြောင့် သက်သက် မျက်နှာ ကွက်ခနဲပျက်သည်။ မမဦး စကားက အနှောင့်လွတ်သော်လည်း အသွားမလွတ်။ သို့သော် အခုချိန်မျိုးမှာ မမဦး သည်လောက်ပဲပြောတာတောင် နည်းသေးသည်ဟု တွေးပြီး

"အဲဒါ တကယ်ဖြစ်နိုင်လား မမဦး။ သက်သက်ရဲ့ စိတ်ထဲ ယုံရခက် မယုံရခက် ဖြစ်နေလို့"

မမဦး အေးဆေးစွာ ပြုံးသည်။

"အဲဒါတော့ မမဦးလည်း ဘယ်ပြောတတ်မလဲ သက်သက်ရယ်။ ဒါပေမဲ့ တစ်ခုတော့ မမဦး ပြောပြမယ်။ အဲဒါ သက်သက်ကို အခုမှ ကလဲ့စားချေပြီး ခနဲ့နေတယ်လို့ မအောက်မေ့နဲ့။ အဖြစ်အပျက်ချင်းက အတူတူပဲမို့ နှိုင်းယှဉ်ပြီး ပြောပြရမှာ.." .

"ပြောပါ မမဦး"

"ဒီလိုရှိတယ် သက်သက်။ သက်သက်နဲ့ သူနဲ့ကိစ္စတုန်းကလည်း ဒီလိုပဲ။ ဘေးသတင်းက အရင်ထွက်လာတာပဲ။ ကာယကံရှင်တွေ မေးကြည့်တော့လည်း နှစ်ယောက်စလုံးက ငြင်းတာပဲ။ နောက်တော့လည်း ဘေးကပြောသလိုပဲ ဖြစ်ကုန်ကြတာပဲ။ အခု သက်သက် ဖြစ်သလိုပဲ အစပိုင်းနဲ့ အလယ်ပိုင်းမှာ မမဦး ယုံရခက်၊ မယုံရခက်နဲ့ စိတ်သောက အကြီးအကျယ် ရောက်ခဲ့ရတာပဲ"

သက်သက် ပင့်သက်ကြီးတစ်ခု ရှိုက်တင်လိုက်သည်။ မောလိုက်ရသည့် ရင်ပါတကား။ ဘဝမှာ တစ်ခါမှ သည်လောက် မမောဖူးသော အမောကြီးပင်။

လုံးပြီး လည်နေသော လောကသံသရာကြီးမှာ ဝဋ်လိုက်ခြင်းသည် ဤမျှ မြန်ဆန်၍ ထပ်တူကျလိမ့်မည်ဟု သက်သက် မထင်။ ခုတော့ ကိုယ်တွေ့ ဖြစ်နေပေပြီ။

"ကိုနိုင့်ကို တစ်ခုခုပြောပါဦးလား မမဦးရယ်"

"ဘာပြောရမှာလဲ သက်သက်"

"သြော်.. ဒီကိစ္စ မဖြစ်သင့်တဲ့အကြောင်း၊ အခု အခြေအနေမှာ သားသမီးတွေလည်း ရနေပြီဖြစ်တဲ့အကြောင်း၊ အချိန်မီသေးရင် နောက်ဆုတ်ကောင်း နောက်ဆုတ်သွားနိုင်တာပေါ့ မမဦးရယ်"

မမဦး စိတ်ထိခိုက်သော မျက်နှာဖြင့် ခေါင်းကို လေးကန်စွာ ခါသည်။

"မမဦး တစ်ခါက စိတ်လိုက်မာန်ပါ ပြောမိတဲ့စကားတွေက အခုချိန်မှာ တည့်တည့်ကြီးကို လာမှန်တော့နေပြီ သက်သက်ရေ--။ သက်သက်ကို မမဦး ပြောဖူးတယ် မဟုတ်လား။ လောကမှာ ရေးမထားတဲ့ တရားဥပဒေဆိုတာ ရှိတယ်လို့။ ရေးထားတဲ့ တရားဥပဒေ ပုဒ်မတွေက လက်လှမ်းမမီတာတွေ ရှိနေပေမယ့် ရေးမထားတဲ့ လောကဥပဒေတွေကျတော့ လက်လှမ်းမမီတဲ့ ကိစ္စဆိုတာကို မရှိဘူး။ အရာအားလုံးကို လက်လှမ်းမီပြီး အပြစ်ပေးတတ်တယ်။ ဒါကြောင့် အဲဒီတုန်းက တစ်ချိန်ကျရင် သက်သက် နှလုံးသားဥပဒေနဲ့ အရေးယူခံရမယ်လို့ မမဦး ပြောခဲ့တာပေါ့ "

သက်သက် ခေါင်းညိတ်သည်။

"ဟုတ်ပါတယ် မမဦး။ အခု မမဦးရဲ့ ဝဋ်တွေ သက်သက်မှာ လည်နေပါပြီ။ ပြောပါဦး မမဦးရယ်၊ ကိုနိုင့်ကို တစ်ခုခု မပြောတော့ဘူးလား"

"ပြောလို့ ဘာထူးမှာလဲ သက်သက်၊ သက်သက်တို့တုန်းကကော မမဦး ပြောလို့ရလို့လား။ ယောကျ်ားလုပ်တဲ့သူကို ပြောတော့လည်း ယောကျ်ားလုပ်တဲ့သူက ဖွတ်ဘူးကွယ်ပြီး မမဦးကိုတောင် ရန်လုပ်သေးတယ်။ သက်သက်ကို လာပြောတော့လည်း အဲဒီလိုပြောလို့ အရှဲ့တိုက်တာဆိုပြီး မမဦးမှာ ရန်တွေ့လည်း ခံရတယ်။ တရားခံလည်း ဖြစ်သေးတယ် "

" အခုလည်း သက်သက် မပြောရဲဘူး မမဦး"

"သူတို့နှစ်ယောက်သာ တကယ်ဖြစ်နေရိုး မှန်ရင် သက်သက်ပြောလည်း ဘယ်ရနိုင်တော့မလဲ သက်သက်ရယ်။ မမဦး ဖြစ်သလိုပဲ ဖြစ်မှာပေါ့"

"ကောင်မလေးကိုလည်း သက်သက် သနားတယ်။ သူ့လည်း တစ်ချိန်ကျ ဝဋ်ပြန်မလည်ဘူးလို့ ပြောလို့မရဘူး မမဦး"

"ဒီမှာ သက်သက်၊ သက်သက် အခုပြောတာတွေ အားလုံးဟာ မမဦး တစ်ချိန်က ခံစားခဲ့ရတာတွေနဲ့ တစ်ထပ်တည်းပဲ။ အဲဒီတော့ သိပ်ပြီး စိတ်အပင်ပန်းခံ မနေနဲ့တော့။ နိုင်လင်းဆိုတဲ့ သက်သက်ယောကျ်ား၊ မမဦး ယောကျ်ားဟာ ဒီကိစ္စမျိုးမှာ လက်ယဉ်သွားပြီ၊ ဒီကောင်မလေးနဲ့ တားလို့ရလည်း နောက်ကောင်မလေး တစ်ယောက် ထပ်ရောက်လာဦးမှာပဲ။ ဒီကောင်မလေးနဲ့ တားလို့မရလည်း အရွယ်ရှိသေးရင် နောက်ကောင်မလေး တစ်ယောက် ထပ်ပေါ်လာနိုင်တာပဲ။ အဲဒီတော့ သူ့ကိစ္စကို တားဖို့ထက် ကိုယ့်ဘာသာကိုယ် လောကကြီးကို ဆက်ရင်ဆိုင်နိုင်ဖို့သာ ကြိုးစားသက်သက်။ မမဦးတုန်းက ဘာလုပ်ခဲ့တယ်ဆိုတာလည်း သက်သက်ကို ပြောပြခဲ့ဖူးသားပဲ"

မမဦး စကားအဆုံးတွင် သက်ပြင်းတစ်ခုချသည်။

သက်သက် ဝမ်းနည်းလွန်းလှသဖြင့် မမဦးရှေ့တွင်ပင် မျက်နှာကို လက်ဝါးနှင့် အုပ်ပြီး ငိုချလိုက်မိ၏။

x x x x x

-၃-

အောင်မအောင် ရိပ်ရောင်သိပါဘိ

မောင်ချစ်တီး အိုးစည်

သာဘက်က သူ မြည်တယ်

ကြံစည်တော်နိုင်ပေ့။

တေးထပ်ကဗျာလေး၏ အစပိုဒ်ကို ဖတ်ရင်း သက်သက် မဲ့ပြုံးကလေး ပြုံးလိုက်သည်။

ကဗျာလေးမှ ခနဲ့သံလေးကလည်း နားထဲ ရင်ထဲ စွဲသွားသည်။ ကောင်းလိုက်တဲ့ တင်စားချက်လေးဟုလည်း ချီးကျူးမိ၏။ ခေါင်းထဲမှာလည်း ဤကဗျာပါ စာအုပ်ပေးစဉ်က မမဦး ပြောခဲ့သည့် စကားများကို သတိရသည်။

"ဒီတေးထပ်လေးတွေ ဖတ်ကြည့် သက်သက်။ အဲဒါလေးတွေဟာ တစ်ခါက မမဦး ပြောခဲ့ဖူးတဲ့ သီပေါမင်းရယ်၊ အစ်မတော် စုဖုရားကြီးရယ်၊ စုဖုရားလတ်ရယ် သုံးပွင့်ဆိုင်ဇာတ်လမ်းထဲက သူ လက်ထပ်တဲ့ယောကျ်ားကို အတင်းလုခံလိုက်ရတဲ့ အစ်မတော် စုဖုရားကြီးရေးတဲ့ ကဗျာလေးတွေပဲ။ ဇာတ်လမ်းအပြည့်အစုံကတော့ ဆရာမကြီး ဒဂုန်ခင်ခင်လေးရေးတဲ့ စာဆိုတော် ဝတ္ထုကြီးထဲမှာပါတယ်။ အတိုချုပ်ပြောရရင်တော့ သူနဲ့ လက်ထပ်ပွဲကျမှ စုဖုရားလတ်က ဖွတ်ဝင်လုသွားတော့ မမဦး ပြောသလိုပဲ စုဖုရားကြီးဟာ အပျိုတစ်ခုလပ် ဘဝနဲ့ စိတ်ဆင်းရဲနေရတာပေါ့ကွယ်။ စုဖုရားလတ်ကလည်း စုဖုရားကြီးဆီ အဆောင်တော်ကူးဖို့ကို အတင်းပဲ ပိတ်ပင်တားဆီးနေတာကိုး"

မမဦးက စကားကို ခဏနားပြီး ဆက်ပြောသည်။

"သီပေါမင်းကလည်း စုဖုရားကြီးကို သနားတယ်။ ဒါပေမဲ့ စုဖုရားလတ်က ထက်လည်းထက်၊ နန်းထဲမှာ ဘယ်သူမှ ဘာမှ မပြောရဲအောင် စွမ်းလည်း စွမ်းနေတာကိုး။ ဒီတော့ ဘုရင်ကိုယ်တိုင် ဖြစ်ပြီး စုဖုရားလတ်ကို မလွန်ဆန်ရဲလို့ သီပေါမင်းဟာ စုဖုရားကြီးဘက်ကို နည်းနည်းတောင် ခြေဦးမလှည့်ရဲဘူး"

သက်သက်က ပြန်တွေးရင်းနှင့် သည်တေးထပ်လေး၏ အစပိုဒ်သည် ဤအချက်ကို ရည်ညွှန်းခဲ့ခြင်းဖြစ်မည်ဟု မှန်းဆသည်။ ကဗျာ၏ တိုက်ရိုက်အဓိပ္ပာယ်က ပြိုင်ပွဲတစ်ခုမှာ အိုးစည်သမားသည် နိုင်မည့်ဘက်က လိုက်၍ တီးမြည်ပေးနေသည့် အကြံကောင်း အိုးစည်သမားကို အောင်နိုင်မယ်၊ မအောင်နိုင်ဘူး အရိပ်အယောင်ကြည့်တာနဲ့ သိနေပါလား မောင်ချစ်တီးရဲ့ အိုးစည်ရယ်။ သာတဲ့ဘက်မှပဲ မြည်နေတော့တာပဲ၊ အကြံတော်လိုက်တာဟု ခပ်ရွဲ့ရွဲ့လေး ရေးထားခြင်းဖြစ်၏။

သီပေါမင်းကိုလည်း သူနှင့် စုဖုရားလတ် ဘယ်သူက ပိုအစွမ်းထက်သည်ကို သိသဖြင့် အစွမ်းထက်သည့် သူ့ဘက်ပါလိုက်သော မောင်ချစ်တီး၏ အိုးစည်လိုလူဟု တင်စားရွဲ့ လိုက်ခြင်းဖြစ်မည်။

ကဗျာလေး၏ ဒုတိယပိုဒ်လေးမှာ သည်အဓိပ္ပာယ် ပိုထင်ရှားလာသည်။

"တစ်ဖက်လှည့် စေတနာကို

ဆွေမဟာ တွေ့ကြုံရ၍

ကံမှေးတဲ့ခေတ်ဆီကို၊ ချစ်မညီ

သွေလေ့။

သည်ဆွေကို ပွေခေါင်ကြွေ့ကို၊ နောင်

တွေ့ရင် ကွင်းမယ်"

သနားသည်၊ သနားသည်ဟုဆိုကာ တစ်ဖက်လှည့်နှင့် စေတနာထားအောင် ပြုနေသည်ကို တွေ့မြင်နေရသည်။ သူ့ဘက်က ကံမကောင်းသည့် ခေတ်အခါမှ သီပေါမင်း၏ ချစ်ခြင်းကလည်း မညီမျှတော့ဘဲ သွေခွာနေတော့သည်။ သည်လို ပွေလွန်း လည်လွန်းလှသည့် လူမျိုးကို နောင်များကြုံရင်ဖြင့် ကြောက်လှပါပြီ။ ဝေးဝေးက ကွင်းပါတော့မယ်ဟု ခပ်နာနာလေး နှက်လိုက်ခြင်းပင် ဖြစ်၏။

မမဦးက ဆက်ပြောခဲ့သေးသည်။

"နောက်ဆုံး သီပေါမင်းနဲ့ နန်းတွင်းတစ်တွင်းလုံးကို စိတ်ကုန်သွားတဲ့ အစ်မတော် စုဖုရားကြီးဟာ ဒီကဗျာလေးတွေ ရေး၊သလွန်ပေါ်အသာချခဲ့ပြီးတစ်လျှောက်လုံး ဥပုသ်ဆောင် ဝင်သွားတော့တယ်။ သူ့အတွက် ထွက်ရပ်လမ်း အကောင်းဆုံး တွေ့သွားတာပဲကွယ် "

"အဲဒီမှာ ပြဿနာတက်ကျန်ခဲ့တာကလည်း စုဖုရားလတ်ပဲ သက်သက်၊ ကိုယ်ဘာဖြစ်လို့ ဒီအကြောင်းတွေကို ဒီလောက် ရှည်ရှည်လျားလျား ပြောပြနေရတာလဲသိလား။ သိပ်အံ့ဩဖို့ကောင်းတယ် သက်သက်၊ အဲဒီအဖြစ်အပျက်တွေက ငါတို့ အခုကြုံနေရတဲ့ အဖြစ်အပျက်တွေနဲ့ သိပ်တူတယ်။ ဒီဇာတ်လမ်းမှာ သက်သက်က စုဖုရားလတ်ပဲ။ အဲဒီတော့ မမဦး ဘာစိုးရိမ်သလဲဆိုတော့ ရာဇဝင်ထဲက စုဖုရားလတ်အတိုင်း သက်သက် ဖြစ်သွားမှာ သိပ်စိုးရိမ်တယ်"

မမဦး စကားကြောင့် သက်သက် စိတ်ဝင်စားသွားသည်။

"စုဖုရားလတ်က ဘာဆက်ဖြစ်လို့လဲ မမဦး"

"အေး.. စုဖုရားကြီး လက်ထဲက သီပေါမင်းကို လုယူခဲ့တဲ့ စုဖုရားလတ်ဟာ စုဖုရားကြီး တရားရလို့ မကြာခင်မှာပဲ ချက်ချင်း ဝဋ်ပြန်လည်တော့တာပဲ"

"ဘာလဲ၊ သူ့လက်ထဲက လုမယ့်သူပေါ်လာလို့လား"

"ဒါပေါ့၊ အဲဒါက ဘယ်သူလဲ သိလား၊ စုဖုရားလတ်ကိုယ်တိုင် သနားလို့ အနားခေါ်ယူပြီး မြှောက်စားပေးလိုက်တဲ့ ဒိုင်းခင်ခင်ပဲ" စာမျက်နှာ ၂၅ သို့ ○




"စုဖုရားကြီးလက်ထဲက သီပေါမင်းကို လုယူခဲ့တဲ့ စုဖုရားလတ်ဟာ

စုဖုရားကြီး တရားရလို့ မကြာခင်မှာပဲ ချက်ချင်း ဝဋ်ပြန်လည်တော့တာပဲ"

"ဘာလဲ၊ သူ့လက်ထဲက လုမယ့်သူပေါ်လာလို့လား"

"ဒါပေါ့၊ အဲဒါက ဘယ်သူလဲသိလား၊ စုဖုရားလတ်ကိုယ်တိုင်သနားလို့

အနားခေါ်ယူပြီး မြှောက်စားပေးလိုက်တဲ့ ဒိုင်းခင်ခင်ပဲ"

# ပြည်သူအားလုံးကျန်းမာရေး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး

**ယင်းမာပင်**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်တွင် အသက် ၆၅ နှစ်အထက်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ပြည်သူများအား ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက စတင်ဆောင်ရွက်လျက်ရှိရာ ၈၆၂ ဦးတို့အား ကာကွယ်ဆေးထိုးနှံခဲ့ပြီး ဩဂုတ် ၈ ရက်တွင် ဒုတိယနေ့အဖြစ် နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ယင်းမာပင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို ဩဂုတ် ၃ ရက်နှင့် ၄ ရက်တွင် လူဦးရေ ၂၀၀၀ ထိုးနှံပေးနိုင်ခဲ့ပြီး ဩဂုတ် ၇ ရက်မှစတင်၍ ယင်းမာပင်မြို့ပေါ်တွင် နှစ်နေရာ၊ ရွှေတောင်ဦးဘုန်းကြီးကျောင်းဓမ္မာရုံတွင် တစ်နေရာ၊ လည်ငေါက်ကျေးရွာတွင် တစ်နေရာ စုစုပေါင်း စုရပ်လေးနေရာသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ ကာကွယ်ဆေးထိုးနှံပေးပြီးသူဦးရေ ၆၅ နှစ်နှင့်အထက် အသက်ကြီးအဘိုးအဘွား ၈၉ ဦး၊ အစိုးရပုဂ္ဂလိကကျန်းမာရေးဝန်ထမ်း တစ်ဦး၊ လူမှုရေးအသင်းအဖွဲ့ဝင် ၁၀ ဦး၊ သံဃာတော်နှင့် သီလရှင် ၃၅ ပါး၊ နိုင်ငံ့ဝန်ထမ်း ၅၇ ဦး၊ ပုဂ္ဂလိကစက်ရုံအလုပ်ရုံဝန်ထမ်း ၂၂၃ ဦး၊ တည်းခိုခန်းဝန်ထမ်း ၁၅ ဦး၊ ပုဂ္ဂလိက ပို့ဆောင်ရေးလုပ်ငန်း နှစ်ဦး၊ ဈေးသူဈေးသား ၄၃၀ ဦး စုစုပေါင်း ၈၆၂ ဦးအား ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ယနေ့ဒုတိယနေ့အဖြစ် ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**စိုးမိုး(ယင်းမာပင်)**




**သံတွဲ**

ရခိုင်ပြည်နယ် သံတွဲမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး မထိုးနှံရသေးသည့် နိုင်ငံ့ဝန်ထမ်းများ၊ အသက် ၆၅ နှစ်အထက်ရှိ ပြည်သူများ၊ ဘုန်းတော်ကြီး၊ သီလရှင်များနှင့် အကျဉ်းသား၊ အချုပ်သားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံခြင်းကို ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီထိ ဒွါရာဝတီမြို့နယ်ခန်းမတွင် ထိုးနှံပေးသည်။

ထိုသို့ထိုးနှံရာတွင် နိုင်ငံ့ဝန်ထမ်း ၁၂၀၊ ဘုန်းတော်ကြီးနှင့် သီလရှင်ရှစ်ပါး၊ နိုင်ငံ့ဝန်ထမ်းမိသားစု ၁၈၂ ဦး၊ အသက် ၆၅ နှစ်နှင့်အထက် ၄၉၀၊ စေတနာ့ဝန်ထမ်းပရဟိတအဖွဲ့ဝင် ၁၇ ဦး၊ အကျဉ်းအချုပ်သား သုံးဦး စုစုပေါင်း ၉၆၀ တို့အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနိုင်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**




**မိုင်းရယ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း)မိုင်းရယ်မြို့နယ်တွင် ဆေးထိုးရန်ကျန်ရှိသည့် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများ၊ ဈေးသည်များ၊ ယာဉ်မောင်းများနှင့် သံတောင်ဦးကုမ္ပဏီပိုင် သကြားစက်ရုံမှ ဝန်ထမ်းများအား ဩဂုတ် ၇ ရက် နံနက် ၉ နာရီမှစတင်၍ မိုင်းရယ်မြို့ ရပ်ကွက်(၁)ရှိနမ့်ရယ်ခန်းမတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ဆက်လက် ထိုးနှံပေးသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနေမှုများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ ပရဟိတနှင့်လူမှုကူညီရေးအသင်းအဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ပေးခဲ့ပြီး ယနေ့တွင် လူဦးရေ စုစုပေါင်း ၁၇၅ ဦးတို့အား ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**ငါ့သရောက်**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့ ပြည်သူ့တိုက်နယ်ဆေးရုံတွင် ဩဂုတ် ၇ ရက် နံနက်ပိုင်းမှကစတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ လာရောက်ထိုးနှံသူများပြားလျက်ရှိကြောင်း ငါ့သရောက်မြို့ အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းထံမှ သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းမပြုမီ တာဝန်ရှိသူများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးအတွင်း အောက်ဆီဂျင်ပါဝင်မှုပမာဏ တိုင်းတာပေးခြင်းများ ဆောင်ရွက်ကာ ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးရာတွင် စနစ်တကျရှိစေရေး၊ ညောင်ဦးမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်လျက်ရှိကာ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုအကျိုးပြုအသင်းများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုထိန် (KPD)**

**ရှားတော**

ကယားပြည်နယ် ရှားတောမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးမထိုးနှံရသေးသည့် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ၊ ဘာသာရေးကျောင်းများမှ ပုဂ္ဂိုလ်များ၊ စေတနာ့ဝန်ထမ်းများအား မြို့နယ်ပြည်သူ့ဆေးရုံတွင် ဩဂုတ် ၇ ရက် နံနက် ၉ နာရီကစတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သားဖွားဆရာမ ဒေါ်စုမွန်ကျော်နှင့် ကျန်းမာရေးဝန်ထမ်းများကဦးဆောင်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးလျက်ရှိရာ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်ကျော်နှင့် ဌာနဆိုင်ရာများ၊ စေတနာ့ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီအဖွဲ့ဝင်များက ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




**အထက်မင်းလှ**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ဩဂုတ် ၁ ရက်မှ စတင်ပြုလုပ်လျက်ရှိရာ ဩဂုတ် ၇ ရက်အထိ လူဦးရေ ၆၁၀၀ ဦး ထိုးနှံပေးခဲ့ပြီးဖြစ်သည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို မင်းလှမြို့နယ်အတွင်း၌ သတ်မှတ်နေရာရှစ်ခုဖြစ်သည့် မင်းလှမြို့ ရုံးရပ်တောင်ရပ်ကွက်ရှိ အထက (မင်းလှ)တွင် ၁၀၈၄ ဦး၊ တောင်ဦးကျေးရွာ အထကတွင် ၁၅၂ ဦး၊ ညောင်ဝိုင်းကျေးရွာ အထကတွင် ၇၉၉ ဦး၊ လင်းကယ်ကျေးရွာ အထကတွင် ၁၀၉၃ ဦး၊ ရေနံ့မကျေးရွာ အထကတွင် ၈၆၇ ဦး၊ ကန်တုတ်ကျေးရွာ အထကတွင် ၇၁၀၊ ရှမ်းတပ်ကျေးရွာ အထကတွင် ၈၇၅ ဦး၊ လက်ပံတံခါးကျေးရွာ အထကတွင် ၅၂၀ ဦး စုစုပေါင်း ၆၁၀၀ အား ကာကွယ်ဆေးထိုးနှံပြီးဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးသူများအား ၂၈ ရက်အကြာတွင် ဒုတိယအကြိမ် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**




---

○ စာမျက်နှာ ၂၄ မှ

"ဒိုင်းခင်ခင် ဟုတ်လား"

"ဟုတ်တယ် သက်သက်၊ ဒိုင်းခင်ခင်တဲ့။ အရွယ်လေးကလည်း ငယ်ငယ်လေး၊ လှကလည်း လှတယ်။ ဒီကြားထဲ ကဗျာလေးတွေ၊ တေးထပ်လေးတွေ ဆိုတတ်၊ ချွဲတတ်၊ ပလီပလာနဲ့ နွဲ့တတ်တာလေး ဆိုတော့ သူ့လည်းတွေ့ရော သီပေါမင်း အရမ်းစွဲတော့တာပဲ"

"ဘုရား... ဘုရား၊ တူလှချည်လား၊ တိုက်ဆိုင်လှချည်လား" ဟု သက်သက် တွေးလိုက်မိသည်။ သိလိုစိတ်လေး တစ်ခုကလည်း တိုးဝင်လာသဖြင့်

"အဲဒီတော့ စုဖုရားလတ်က ဘာမှ မလုပ်ဘူးလား"

"ဘာမှ မလုပ်ဘဲ နေမလား။ အစကတော့ သူ မသိသေးဘူး။ သိလည်းသိရော ပထမပိုင်းမှာ ချော့ချော့မော့မော့နဲ့ သီပေါကိုတားတယ်။ မရတော့ ကလေးမလေးကို ကြောက်အောင် ခြောက်တယ်။ ဒါပေမဲ့ ဘယ်လိုမှ လုပ်လို့မရဘူး။ နောက်ဆုံးကျတော့ ဘယ်လိုမှ မတတ်နိုင်တော့ဘဲ စုဖုရားလတ် ဘာလုပ်တယ်မှတ်လဲ"

" ဘာလုပ်လဲမမ"

"ဒိုင်းခင်ခင်ကို သတ်ပစ်လိုက်ရတော့တယ်"

"ဟင်"

သက်သက် ထိတ်လန့်ချောက်ချားစွာ ရေရွတ်လိုက်သည်။ မမဦးက ခေါင်းညိတ်ပြီး

"အဲဒါကြောင့် သက်သက်ကို စုဖုရားလတ်ဖြစ်မှာ မမဦး သိပ်စိုးရိမ်တယ်လို့ ပြောတာပေါ့...။ သက်သက်လည်း ခေတ်သစ် ဒိုင်းခင်ခင် မြမိုးသူလေးနဲ့ တွေ့နေရပြီ မဟုတ်လား။ ခုတိုင်းကလည်း သီပေါမင်းက တားရဆီးရမယ့်ပုံ မပေါ်တော့ဘူး"

"သက်သက် ဒီလောက်တော့ မရက်စက်ရဲပါဘူး မမဦးရယ်"

"သတ်တဲ့အထိ မဖြစ်ပေမယ့် ကလေးမလေး တစ်ခုခုဒုက္ခဖြစ်အောင် သွားလုပ်မိရင် သက်သက်အတွက် နောက်ဝဋ်တစ်ခု ထပ်တိုးသွားမှာ စိုးလို့ပါ။ ရှိပါစေတော့ သက်သက်ရယ်၊ အားလုံးဟာ ရှေးကဝိပါက ဝဋ်ကြွေးမကင်းလို့ ဖြစ်တယ်လို့ပဲ သဘောထားလိုက်။ အကောင်းဆုံးက သက်သက်ဟာ စုဖုရားကြီး မဟုတ်ပေမယ့် စုဖုရားကြီး ရွေးတဲ့လမ်းအတိုင်းသာရွေး။ မမဦး လုပ်သလိုပဲ တရားနဲ့သာ ဖြေလိုက်ပါ။ သက်သက် စုဖုရားကြီးဖြစ်သွားရင် မြမိုးသူအလိုလို စုဖုရားလတ် ဖြစ်သွားလိမ့်မယ်။ သူလည်း အေးချမ်းမှာ မဟုတ်ပါဘူး။ တစ်နေ့ ဒိုင်းခင်ခင်နဲ့ တွေ့ဦးမှာပါပဲ"

သက်သက်က မမဦး စကားများကို ပြန်တွေးမိရင်း မျက်ရည် ဝိုင်းလာသည်။

ဖတ်လက်စ တေးထပ်ကိုပင် သေချာဆက်မဖတ်နိုင်တော့။ နောက်ဆုံး တတိယပိုဒ်လေးကို မျက်ရည်ကြားမှ မှုန်ဝါးဝါးပင် မြင်လိုက်သည်။

**"ဒေါင်းယာဉ်ပျံဘုံနန်းဘေးမှာ**
**စာရေးလို့ ထားချင်လှတယ်။**
**ကပ္ပဒ္ဓီ ငါးသွယ်မှာ၊ တစ်ပါးမယ်**
**ဆူလှိုက်လို့။**
**ပူခိုက်ကို သူသုန်မှုန် အေးမှ ရိပ်လှုံ့။**
**ဘဝတိုင်း သည်ပုံလို နောင်ကြုံမယ်**
**ကြောက်လွန်းလို့လေး..."**

သက်သက် စာအုပ်ကို ပိတ်လိုက်မိ၏။

x x x x x

**ဆက်လက်ဖော်ပြပါမည်**

(ဆရာနွှမ်ဂျာသိုင်း၏ "ဒေါင်းယာဉ်ပျံဘုံနန်းဘေးမှာ စာရေးလို့ထားချင်တယ်" စာအုပ်အား စာရေးသူ၏မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

# ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝတမံ ရေပိုလွှဲမှ ရေကျော်ကျမှုကြောင့် အရေးပေါ်အခြေအနေအဆင့်(၁)အဖြစ် အစိမ်းရောင်အလံ စိုက်ထူအသိပေး

**ပွင့်ဖြူ ဩဂုတ် ၈**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ စိုက်ပျိုးရေအတွက် အဓိကမှီခိုအားထားရသည့် ကြီးအုံကြီးဝတမံသည် ယနေ့နံနက် ၆ နာရီအချိန် တိုင်းထွာချက်အရ တမံရေပြည့်မှတ် ၃၄၀ အထက် သုည ဒသမ ၂ ပေ ရေပိုလွှဲမှ ရေကျော်ကျလာ၍ မုန်းချောင်းအောက်ဘက်နှင့် မြစ်ကမ်းဘေးကျေးရွာများမှ ဒေသခံပြည်သူများ သိရှိနိုင်ရန် အရေးပေါ်အခြေအနေအဆင့်(၁)အဖြစ် အစိမ်းရောင်အလံများစိုက်ထူ၍ အသိပေးနှိုးဆော်ခြင်းများ ပြုလုပ်ထားရှိကြောင်း အဆိုပါ ကြီးအုံကြီးဝတမံမှ တာဝန်ခံ ဦးစိုးတင့်ထံမှ သိရသည်။

**အသိပေးနှိုးဆော်**

ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝတမံသည် အထက်ပိုင်းဒေသများတွင် မိုးရွာသွန်းမှုကြောင့် တမံအတွင်း မိုးရေဝင်ရောက်မှုများရှိခဲ့ရာ ပြည်သူများအတွက် စိုးရိမ်စရာအခြေအနေမရှိကြောင်း၊ သဘာဝဘေးအန္တရာယ်ကင်းဝေးစေရေးစီမံချက်အရ အရေးပေါ်အခြေအနေသတ်မှတ်၍ တမံအတွင်း



မိုးရေဝင်ရောက်မှုအခြေအနေအား ပြည်သူများ သိရှိနိုင်ရန် အစိမ်းရောင်အလံစိုက်ထူ၍ အသိပေးနှိုးဆော်ခြင်းဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝတမံ ရေပိုလွှဲမှ ရေကျော်ကျမှုနှင့်ပတ်သက်၍ ပြည်သူများအား ကြိုတင်အသိပေးနှိုးဆော်ခြင်းကို အပိုင်း သုံးပိုင်းခွဲ၍ ရေပိုလွှဲမှ ရေစတင်ကျော်မှုအား အရေးပေါ်အခြေအနေ အဆင့်(၁)အဖြစ် အစိမ်းရောင်အလံ သတ်မှတ်ထားရှိကြောင်း၊ ရေပိုလွှဲမှ ရေကျော်ကျမှု ဆက်လက်မြင့်တက်လာပြီး တမံအောက်ဘက်ဒေသများ ရေကြီးမှုဖြစ်ပေါ်နိုင်ခြင်းကို အရေးပေါ်အခြေအနေအဆင့်(၂)အဖြစ် အဝါရောင်အလံ သတ်မှတ်ထားရှိကြောင်း၊ ရေပိုလွှဲမှ ရေကျော်စီးထွက်နေမှုမှာ ရေပိုလွှဲအဆောက်အအုံ ကျိုးပေါက်ပျက်စီးစေနိုင်သည့် အခြေအနေဖြစ်ပေါ်နိုင်ခြင်းကို အရေးပေါ်အခြေအနေအဆင့်(၃)အဖြစ် အနီရောင်အလံ သတ်မှတ်ထားရှိကြောင်း၊ ပြည်သူများ သဘာဝဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် တမံအခြေအနေနှင့်ပတ်သက်၍ စိုးရိမ်ဖွယ်ရာအခြေအနေ ရှိ၊ မရှိ အချိန်နှင့်တစ်ပြေးညီ အသိပေးနှိုးဆော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါ ကြီးအုံကြီးဝတမံမှ တာဝန်ခံ ဦးစိုးတင့်ထံမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်းရှိ ဆဒ္ဒန်ရေလှောင်တမံ ရေပိုလွှဲမှ ရေကျော်ကျမှုကြောင့် အရေးပေါ်အခြေအနေ အဆင့်(၁)အဖြစ် အစိမ်းရောင်အလံစိုက်ထူ အသိပေး

**မြို့သစ် ဩဂုတ် ၈**
မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်းရှိ ဆဒ္ဒန်ဆည်၊ ပုလင်းဆည်၊ စွန်ဆည်ဘုတ်ချောင်းဆည်များရှိသည့်အနက် ဆဒ္ဒန်ဆည်ရေလှောင်တမံသည် ယနေ့နံနက်ပိုင်းကစတင်၍ ရေပိုလွှဲမှ ရေများကျော်ကျလျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ဆဒ္ဒန်ဆည်တမံ၏ တမံအမြင့်မှာ ၁၃၁ ပေ၊ ရေပြည့်အမှတ် ၅၆၀ ဒသမ ၅ ပေ၊ လက်ရှိရေမှတ် ၅၆၀ ဒသမ ၇ ပေဖြစ်နေကာ လက်ရှိရေပိုလွှဲမှ ရေကျော်အမြင့် သုည ဒသမ နှစ်ပေခန့် ဖြစ်နေလျက်ရှိကြောင်း၊ ဆဒ္ဒန်ဆည်တည်ရှိရာ အထက်ပိုင်းတွင် မိုးရွာသွန်းမှုများသည့်အတွက် ဆည်များအတွင်း မိုးရေများ အဆက်မပြတ်ဝင်ရောက်မှုကြောင့် ရေပိုလွှဲမှ ရေကျော်ကျခြင်းဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းဦးစီးအရာရှိ ဦးအောင်ဇော်ထက်ထံမှ သိရသည်။

အဆိုပါ ဆဒ္ဒန်ဆည်သို့ သွားရောက်စစ်ဆေးမှုများပြုလုပ်ရာတွင် ရေလှောင်တမံ၊ ရေထုတ်ပြွန်၊ ရေပိုလွှဲနှင့်ဆက်စပ်သော အဆောက်အအုံများအားလုံး ကြံ့ခိုင်ကောင်းမွန်၍ ၂၄ နာရီရေကင်းတာဝန်ချထားပြီး အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိကာ ဆည်အောက်ပိုင်းအနီးကျေးရွာအုပ်စုများရှိ အုပ်ချုပ်ရေးမှူးရုံးများတွင် အရေးပေါ်အခြေအနေ အဆင့်(၁) အဖြစ်အစိမ်းရောင်အလံစိုက်ထူ၍ အသိပေးထားကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**ကိုဇော်(ပြန်/ဆက်)**



# မိုင်းခတ်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး ဗမာ၊ ရှမ်း၊ အာခါ၊ လားဟူ တိုင်းရင်းသားဘာသာတို့ဖြင့် အသိပညာပေးနှိုးဆော်

**မိုင်းခတ် ဩဂုတ် ၈**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့ဖြင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးနှိုးဆော်ခြင်းကို ယနေ့နံနက် ၁၁ နာရီက



မိုင်းခတ်မြို့ပေါ်ရပ်ကွက် (၂)ရပ်ကွက်၊ စွပ်ပလောင်း၊ ယန်းတောင်း၊ ပါဆံကျကျေးရွာများသို့ ဗမာ၊ ရှမ်း၊ အာခါ၊ လားဟူ တိုင်းရင်းသားဘာသာတို့ဖြင့် အသိပညာပေးနှိုးဆော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စဉ်ဆက်မပြတ်ဆောင်ရွက်**

အဆိုပါ အသိပညာပေးနှိုးဆော်ခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မြို့ပေါ်နှင့် ကျေးရွာများပါ စဉ်ဆက်မပြတ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❖

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဩဂုတ် ၈**
မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၁ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄ | ၂၁၈. ၁၄ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကြင်တီ
## အသက်(၉၄)နှစ်

ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်-ဒေါ်စန်းစန်းမော်(ခ)ဝေ တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ကြင်တီ အသက် (၉၄)နှစ်သည် ၇-၈-၂၀၂၂ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစု နှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ပညာရေးဝန်ကြီးဌာနဝန်ထမ်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မေသန်းနွဲ့
## အသက်(၆၁)နှစ်

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲရေး ဌာနကြီးမှ ရဲရေးချုပ် ရဲမှူးချုပ် ဝင်းထွန်း၏ ချစ်လှစွာသော ဇနီး ဒေါ်မေသန်းနွဲ့သည် ၁-၈-၂၀၂၂ (တနင်္လာနေ့) နံနက် ၉:၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရ ပါသည်။

**ဦးစိုးသန်းနိုင်-ဒေါ်ဝင်းဥမ္မာညွန့်**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နန်းချိုချိုပြုံး
## အသက်(၅၆)နှစ်

ဦးစိုးစိုးဇော်(အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရ အဖွဲ့၊ အုပ်ချုပ်ရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန)၏ ဇနီး ဒေါ်နန်းချိုချိုပြုံး အသက် (၅၆) နှစ်သည် ၈-၈-၂၀၂၂ ရက် (တနင်္လာနေ့) နံနက် ၈:၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုးသန်းနိုင် -ဒေါ်ဝင်းဥမ္မာညွန့်**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်နယ်ပြည်သူ့ဆေးရုံကြီး၊ လွိုင်ကော်မြို့

၂၀၂၀-၂၀၂၂ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် လွိုင်ကော် ပြည်သူ့ဆေးရုံကြီးအတွက် လိုအပ်သော FDA အသိအမှတ်ပြု ကျောက်ကပ်တုသွေးသန့်စင်ဌာနသုံး ဆေးနှင့်ဆေးပစ္စည်းများ၊ ကင်ဆာရောဂါဆေးဝါးများ၊ ဓာတ်မှန်နှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးရန် လိုအပ်သောဖလင်များ၊ ဆေးရည်များ၊ Reagent နှင့် Consumable ပစ္စည်းများ ဝယ်လိုပါသည်။

တင်ဒါစတင်ရောင်းချမည့်ရက် - ၉-၈-၂၀၂၂ ရက်
တင်ဒါပိတ်သိမ်းမည့်ရက် - ၈-၉-၂၀၂၂ ရက်

တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းစာရင်းအသေး စိတ်ကိုသိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်းအောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဖုန်း-၀၉-၂၃၀၅၂၅၄၊ ၀၈၃-၂၂၂၄၀၉၅

**တင်ဒါကော်မတီ**
**လွိုင်ကော်ပြည်နယ်ပြည်သူ့ဆေးရုံကြီး**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကြင်လှ
### (ဒိုက်ဦး၊ ရွှေပေါက်ကံ)
## အသက်(၇၉)နှစ်

မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၇) ရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ်(၁၉၆)နေ ဦးရွှေလွန်း(လေ/ငြိမ်း)၏ဇနီး၊ (ဦးကျော်စိုင်း)၊ (ဦးကောက်)၏ ညီမ၊ ဒေါ်ရင်အေး၊ ဒေါ်ကျင်သန်း၊ (ဦးလှမြင့်)၊ (ဦးတင်အေး)၊ ဦးလှဝင်းတို့၏အစ်မ၊ ဒေါ်သန်းသန်းရွှေ (ထ/ပြ-ငြိမ်း)-[ဦးမြင့်သိန်းဦး(R/O-ငြိမ်း)]၊ ဒုဗိုလ်မှူးကြီးအောင်ဆွေ မြင့် (လေ/ ငြိမ်း)-ဒေါ်ဝင်းဝင်းမြင့်၊ ဒေါ်သန်းသန်းဝေ-ဒုဗိုလ်မှူးကြီး သိန်းထိုက်ဦး(ငြိမ်း)၊ ဦးအောင်ထွေးမြင့် (ရေ/ငြိမ်း)-ဒေါ်ဝင်းဝင်းသန်း တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးခုနစ်ယောက်တို့၏ ချစ်လှစွာ သော အဘွား ဒေါ်ကြင်လှသည် ၇-၈-၂၀၂၂ ရက် နံနက် ၁၀:၃၅ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်အနိစ္စရောက်သွား ပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါ သည်။

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ရေကန် ဒါယကာကြီး
## ဦးမင်းစံ
### နာယက(ပေါ်ပြူလာပလတ်စတစ်လုပ်ငန်းစု)
### Hotel POPULAR Myanmar, Summit Plastic
## အသက် (၉၂) နှစ်

ရန်ကုန်မြို့နေ ဦးကျင်ဦး (Chairman-POPULAR Group)-ဒေါ်ချောစု လွင် (Vice Chairman- POPULAR Group)တို့၏ ချစ်လှစွာသောဖခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ရေကန် ဒါယကာကြီး ဦးမင်းစံ အသက်(၉၂)နှစ်သည် ၁၈-၇-၂၀၂၂ (တနင်္လာနေ့) ည ၇:၃၀ နာရီတွင် ရန်ကုန် မြို့၌ (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**IR Department**
**POPULAR GROUP**

## ကွယ်လွန်သူဖခင်ကြီး ဦးသန်းအေး၏ ကျန်ရစ်သော ပစ္စည်းစာရင်းအရပ်ရပ်အတွက် သတိပေးတားမြစ်ချက်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၄/တောင်)ရပ်ကွက်၊ အောင်သစ္စာ(၃) လမ်း၊ အမှတ်-၈၄၅(ခ)တွင် နေထိုင်ကြသည့် ဦးအေးမင်းဦး [၁၂/တမန(နိုင်) ၁၀၀၆၆၄]၊ ဒေါ်ချမ်းဝင်းလဲ့ရည် [၁၂/တမန(နိုင်)၁၀၄၉၀၂]၊ ဒေါ်ပန်းယမုံဖူး [၁၂/ တမန(နိုင်)၁၁၇၂၁၃]တို့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေး တားမြစ်လိုက်သည်-

အထက်အမည်ပါ ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသည့် ဦးအေးမင်းဦး၊ ဒေါ်ချမ်း ဝင်းလဲ့ရည်၊ ဒေါ်ပန်းယမုံဖူးတို့၏ဖခင်မှာ ဦးသန်းအေး [၁၂/တမန(နိုင်)၀၆၁၀၄၉] ဖြစ်ပါသည်။ ဖခင်ကြီး ဦးသန်းအေးသည် (၂၁-၇-၂၀၂၁)ရက်တွင် ကွယ်လွန်သွားခဲ့ ပါသည်။ ဖခင်ကြီးကွယ်လွန်သွားသည့်အခါ ဖခင် ဦးသန်းအေးပိုင်ဆိုင်ခဲ့သည့် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ မြို့ပတ်(၄)လမ်း၊ အမှတ်(၃၁)ရှိ မြေညီထပ်တိုက်ခန်း(B)၊ ပထမထပ်တိုက်ခန်း(B)နှင့် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ မဂ္ဂင်လမ်း၊ အမှတ်(၁၃)၊ ၃ လွှာ(B) တိုက်ခန်း(၃)ခန်း၊ ဖခင်ကြီးပိုင်ဆိုင်သည့် မော်တော်ယာဉ်အမှတ်-6E/4372 (TOYOTA RAV-4)၊ ကမ္ဘောဇဘဏ် (မင်္ဂလာဈေးဘဏ်ခွဲ)ရှိ ငွေစာရင်းအမှတ်- ၀၀၂၃၀၁၀၀ ၂၀၀၈၈၅၇၀၁ တွင် အပ်နှံထားသည့် ငွေကျပ် (၅၆)သိန်းတို့ ကျန်ရစ်ခဲ့ ရာ ၎င်းမရွှေ့မပြောင်းနိုင်သောပစ္စည်းများ၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများတို့ကို ကျန်ရစ်သူသားသမီးများဖြစ်ကြသည့် ဦးအေးမင်းဦး၊ ဒေါ်ချမ်းဝင်းလဲ့ရည်၊ ဒေါ်ပန်း ယမုံဖူးတို့၏ သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာမပါရှိဘဲ မည်သူတစ်ဦး တစ်ယောက်မျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ပေါင်နှံခြင်း၊ ငှားရမ်းခြင်း တစ်နည်းနည်း ဖြင့် စီမံခန့်ခွဲခွင့်တို့ လုံးဝမရှိပါကြောင်း အများသိစေရန် သတိပေးတားမြစ်လိုက် ပါသည်။

ဤသတိပေးတားမြစ်ချက်အား လိုက်နာခြင်းမရှိ ဖောက်ဖျက်ကျူးလွန် ပါက ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း-

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးတင်လှိုင်ထွေး B.A(Law)LL.B** | **ဒေါ်ငုဝါဝင်း LL.B** |
| **(စဉ်-၂၁၃၆/၈၁)** | **(စဉ်-၁၅၇၉၈)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၁၀/၁၂၊ ပ-ထပ်၊ အခန်းအမှတ်-၁၀၃(I)၊ ၃၅လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အုန်းဟန်(ခ)ဒေါ်သွဲ့
## အသက် (၇၀)

ရန်ကုန်မြို့နေ (ဦးအောင်စံအေး - ဒေါ်ခင်လှ) တို့၏ သမီး၊ ရန်ကုန်မြို့နေ (ဦးလှဖေ)-ဒေါ်ကျော့စိန်တို့၏ သမီး ချွေးမ၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာလမ်း၊ အမှတ်(၄၂)၊ ၅လွှာ(ခ)နေ ဦးတင်ဦး၏ ဇနီး၊ ဒေါ်သရဖီဦး (ခ)ဒေါ်သင်း သင်းဦး၊ ဗိုလ်မှူးကျော်လင်း(ငြိမ်း)-ဒေါ်ကေသွယ်အောင် (လက်ထောက်ညွှန်ကြားရေးမှူး၊ ကျေးလက်လမ်းဖွံ့ဖြိုး ရေးဦးစီးဌာန)တို့၏ ချစ်လှစွာသော မိခင်ကြီး၊ မကျော့ ကေခိုင်ဦး(ခ)မကျော့ကျော့၊ မောင်အောင်စစ်ပိုင်တို့၏ ချစ်လှစွာသော ဘွားဘွားသည် ၇-၈-၂၀၂၂ (စနေနေ့) နံနက် ၉:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန် ရစ်သောရုပ်ကလာပ်အား ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီး စီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## Capt.ဇော်အောင်
### Master F.G
### B.Sc (Phy)
### M.T.M MARITIME CENTRE CO.,LTD
## အသက် (၅၆)နှစ်

ရန်ကုန်မြို့နေ (ဦးတင်အောင်)-ဒေါ်မြကြိုင် တို့၏သားကြီး၊ (ဦးတင်လှ)-ဒေါ်မြသန်း(ဆရာမ-ငြိမ်း)တို့၏ သားသမက်၊ မောင်ကျော် ထင်ကို B.Sc Computer Science ၊ မသီရိသူသူ (SIM-UOL)တို့၏ ကျေးဇူးရှင်ဖခင်၊ ဒေါ်တင်သီတာလှ၏ချစ်လှစွာသောခင်ပွန်း၊ Capt. ဇော်အောင်သည် ၇-၈-၂၀၂၂ ရက် နံနက် ၁၁:၁၅ နာရီတွင် သုခကမ္ဘာ ဆေးရုံ၌ ကွယ်လွန်သွားပါသည်။

ကျန်ရစ်သူမိသားစု

## Capt.ဇော်အောင်
### Master F.G
### B.Sc (Phy)
### M.T.M SHIP MANAGEMENT PTE. LTD
## အသက် (၅၆)နှစ်

ရန်ကုန်မြို့နေ ဦးကျော်စိုးလတ်-ဒေါ်သင်းသင်းစိန်၊ ဦးရန်နောင်ထွဋ်- ဒေါ်ရီရီခိုင်၊ ဦးဘိုညီထွေး-ဒေါ်ဝါဝါခိုင်တို့၏မောင်၊ ကိုအေးသိုက်-မစုစုကျော် (ခေတ္တ-ဂျပန်)၊ ကိုသန်းထိုက်စိုး-မယုယုမော်တို့၏အစ်ကို၊ တူ/တူမ ရှစ်ယောက်တို့၏ဦးလေးသည် ၇-၈-၂၀၂၂ ရက် နံနက် ၁၁:၁၅ နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၂၂ ရက်၊ နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ် သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအလယ်ရပ်ကွက်၊ မြို့ကုန်လမ်း၊ အမှတ်(၄၀)ဟု ခေါ်တွင်သော အလျား(၂၈)ပေ၊ အနံ (၅၀)ပေရှိ အိမ်နှင့်မြေတို့ကို ဦးတင်လှ-ဒေါ်သန်းတင်တို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်း ကျေးရွာအုပ်စု၊ တာဝကွက်သစ်၊ သပြေခြံလမ်း၊ အလျား (၂၀)ပေ၊ အနံ(၆၀)ပေရှိ မြေကွက်နှင့်နေအိမ်အပါ အဝင်(Probox)ကား(CC-1107)တစ်စီးမှာ ဦးတင်လှ အမည်ပေါက်ပိုင်ဆိုင်ပါသည်။ ယခုအခါ ဦးတင်လှ(ကွယ်လွန်)+ဒေါ်သန်းတင် တို့ (ကွယ်လွန်)ခဲ့ပြီးဖြစ်ပါသောကြောင့် ၎င်းတို့၏သားသမီးများဖြစ်ကြသော ဒေါ်လှလှရီ(ကွယ်လွန်)ဦးကျော်မင်း၊ ဒေါ်လှလှ ဝင်း၊ ဒေါ်သင်းသင်း၊ ဦးသန်းလှိုင်၊ ဦးဇော်စိုးလင်းတို့သည် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် အဆိုပါပိုင်ဆိုင်သောပစ္စည်း များနှင့် ပတ်သက်၍ အခြားမည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အမည်ပြောင်းလဲခြင်းများ မိမိသဘောဆန္ဒအရ ပြုလုပ်၍မရပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးကျော်မင်း၊ ဒေါ်လှလှဝင်း** | **ဒေါ်မင်းမင်းစိုး(LL.B)** |
| **ဒေါ်သင်းသင်း၊ ဦးသန်းလှိုင်၊** | **အထက်တန်းရှေ့နေ(စဉ်-၄၀၈၄၁)** |
| **ဦးဇော်စိုးလင်း** | **Ph:09-692259457** |

**ရုံးခန်း-ရှေ့နေများရုံးခန်း၊ တောင်ပိုင်းခရိုင်၊ တရားရုံးရှေ့၊ သန်လျင်မြို့နယ်။**

**ဇော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ**
အဆင့်မြင့် စတီးဘလိတ်စားသွားဆူးကြိုးများကိုဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။
အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊
(နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ပဟန်းမြို့နယ်။
Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

**BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ**
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ
ဗီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အရောင်းခန်းမ(၁) - အမှတ်(၂၄၀)၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမကြီး၊ မြန်မာ့ရှေ့ဆောင်ဘဏ်ဘေး၊ တာမွေမြို့နယ်။
Ph: 09-5076661, 09-5076662, 09-5076663

**မူး ယစ် ကို ပစ် ပန်း တိုင် သစ် စိတ် သစ် လူ သစ် ဘ ဝ သစ်**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အလှူဒါယိကာမကြီး**
**ဒေါ်နန်းချိုချိုပြုံး**
**အသက်(၅၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ အတွင်းရေးမှူး ဦးစိုးစိုးဇော်၏ ချစ်လှစွာသောဇနီး ဒေါ်နန်းချိုချိုပြုံး သည် ၈-၈-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၈:၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြင့်သန်း-ဒေါ်မိမိအုန်းမိသားစု**
**ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အလှူဒါယိကာမကြီး**
**ဒေါ်နန်းချိုချိုပြုံး**
**အသက်(၅၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ အတွင်းရေးမှူး ဦးစိုးစိုးဇော်၏ ချစ်လှစွာသောဇနီး ဒေါ်နန်းချိုချိုပြုံး သည် ၈-၈-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၈:၁၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးမြင့်သန်းဦး(ခ) ဦးမောင်မောင်**
**(Soe Than Brother Co.,Ltd)**
**အသက်(၆၄)နှစ်**

နေပြည်တော် ပျဉ်းမနားမြို့နေ (ဦးမြင့်စိုး-သီဟသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်း)တို့၏ သားကြီး၊ ဒေါ်မူယာအောင် (YADI SHIN THANT Co.,Ltd) တို့၏ခင်ပွန်း၊ မခင်ရတီရှင်းသန့် (Diploma in Management Studies, SIM) နှင့် မောင်သန့်သီဟမောင်မောင် (အထက-၁၊ ဒဂုံ)တို့၏ ချစ်လှစွာသောဖခင်သည် ၆-၈-၂၀၂၂ ရက် ည ၁:၂၀ နာရီတွင် (၉၆)ပါးရောဂါဖြင့် ပန်းလှိုင်ဆေးရုံကြီး(Green Word) တွင် ဘဝတစ်ပါးသို့ ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် နေပြည်တော် ပျဉ်းမနားမြို့ရှိ ကျေ့ကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဒေါ်အေးအေးသန်း**
**တွဲဖက်ပါမောက္ခ(ငြိမ်း) (စာရင်းအင်းပညာဌာန)**
**စီးပွားရေးပညာဌာန၊ စီးပွားရေးတက္ကသိုလ်(မန္တလေး)၊**
**မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ မုံရွာစီးပွားရေးတက္ကသိုလ်၊**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**
**အသက် (၆၄)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်းနေ (ဦးသန်း)-ဒေါ်ရီရီတို့၏ ချစ်လှစွာသောသမီးကြီး၊ ဦးသက်ဆန်း၊ ဒေါ်ခင်သီတာ၊ ဦးဝင်းဆန်း၊ ဒေါ်ခင်မြင့်ဦး-ဦးဇော်နိုင်ဦးတို့၏ ချစ်လှစွာသောအစ်မကြီး၊ မောင်ကောင်းခန့်၏ ချစ်လှစွာသောကြီးကြီး၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ ဗိုလ်ရွှေလမ်း၊ အမှတ် (၁၀၇)၊ (ပ) ထပ်နေ ဒေါ်အေးအေးသန်းသည် ၇-၈-၂၀၂၂ရက် နံနက် ၀၀:၄၃ နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးစံတင်**
**အသက်(၉၂)နှစ်**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်-ဒေါ်ရီရီလွင်တို့၏ ဖခင် ဦးစံတင် သည် ၇-၈-၂၀၂၂ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒက္ခိဏခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဝန်ထမ်းများ**

**အထူးဝမ်းနည်းကြေကွဲခြင်း**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်-ဒေါ်ရီရီလွင်တို့၏ဖခင် ဦးစံတင် အသက်(၉၂)နှစ်သည် ၇-၈-၂၀၂၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်ရေးမှူးနှင့် ခရိုင်/မြို့နယ်**
**အရာထမ်း၊ အမှုထမ်းများ**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နေပြည်တော်**

**အထူးဝမ်းနည်းကြေကွဲခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး ဦးစိုးစိုးဇော်၏ ဇနီး ဒေါ်နန်းချိုချိုပြုံးသည် ၈-၈-၂၀၂၂ ရက်တွင် အာယုဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်ရေးမှူးနှင့် ခရိုင်/မြို့နယ်**
**အရာထမ်း၊ အမှုထမ်းများ**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နေပြည်တော်**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဗိုလ်မှူးကြီး(ဟောင်း) စန်းပွင့်**
**ကြည်း/၁၂၈၅၈၊ တေဇ(၁)**
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ တော်ဝင်လမ်း၊ (၉)မိုင်နေ (ဒေါ်ဖြူဖြူ)၏ ချစ်လှစွာသောခင်ပွန်း၊ မမေစန်းပွင့်၏ ဖခင် ဗိုလ်မှူးကြီး(ဟောင်း)စန်းပွင့်သည် ၇-၈-၂၀၂၂ ရက် နံနက် ၁:၀၆ နာရီတွင် ပန်းလှိုင်အထူးကုဆေးရုံကြီး၌ (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။ **တေဇ(၁)သူငယ်ချင်းများမိသားစု**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးသုတ**
**အသက်(၆၄)နှစ်**
**(Managing Director),Super Link Co.,Ltd**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဦးထွန်းငြိမ်းလမ်း၊ အမှတ်(9A-8)နေ [ဗိုလ်မှူးကြီးသန်းတင်(ငြိမ်း)]-ဒေါ်ခင်လှမြင့်တို့၏သား၊ ဒေါ်ခွာညိုမြင့်၏ ချစ်လှစွာသောခင်ပွန်းသည် ၆-၈-၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Super Link Co.,Ltd**
**ဝန်ထမ်း(မိသားစု)**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အလှူဒါယိကာမကြီး**
**ဒေါ်နန်းချိုချိုပြုံး**
**အသက်(၅၆)နှစ်**

မိုင်းတုံမြို့နေ(ဦးချုံ-ဒေါ်စိန်ဥ)တို့၏ သမီး၊ ဆရာတော် ဦးနာဂသေနာ(မိုင်းဟန်ဂူ)၊ နန့်စန်မြို့နေ ဦးစိုင်းတက်တိုး၊ မိုင်းတုံမြို့နေ (ဦးစိုင်းသန်းထွန်း)၊ ဒေါ်သန်းသန်းဆင့်တို့၏ ချစ်လှစွာသော ညီမ၊ ဦးခင်မောင်လေး၊ ဦးစိုင်းဇော်ဝင်း၊ ဦးစိုင်းအောင်ထွေးတို့၏ ချစ်လှစွာသော အစ်မ၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပန်းဝါလမ်း၊ အမှတ်(၁၆)နေ ကိုသက်ပိုင်စိုး-မအိအိမွန်ဦး၊ ကိုစိုင်းအောင်သူ၊ မစိုးဇာခြည်အောင်တို့၏ ချစ်လှစွာသောမိခင်၊ မောင်အောင်ထက်မြတ်၏ ချစ်လှစွာသော အဘွား၊ ဦးစိုးစိုးဇော်(အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ အုပ်ချုပ်ရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)၏ချစ်လှစွာသော ဇနီး ဒေါ်နန်းချိုချိုပြုံးသည် ၈-၈-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၈:၁၀ နာရီတွင် ကင်ဆာရောဂါဖြင့် အာယုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ အလှူဒါယိကာမကြီး**
**ဒေါ်နန်းချိုချိုပြုံး**
**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပန်းဝါလမ်း၊ အမှတ်(၁၆)နေ ဦးစိုးစိုးဇော်(အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့)၊ အုပ်ချုပ်ရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)၏ ချစ်လှစွာသောဇနီး ဒေါ်နန်းချိုချိုပြုံးသည် ၈-၈-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၈:၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ကြီးချုပ်**
**ဝန်ကြီးများနှင့်ဥပဒေချုပ်**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ အလှူဒါယိကာမကြီး**
**ဒေါ်နန်းချိုချိုပြုံး**
**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပန်းဝါလမ်း၊ အမှတ်(၁၆)နေ ဦးစိုးစိုးဇော်(အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့)၊ အုပ်ချုပ်ရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)၏ ချစ်လှစွာသောဇနီး ဒေါ်နန်းချိုချိုပြုံးသည် ၈-၈-၂၀၂၂(တနင်္ဂနွေနေ့) နံနက်၈:၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ**

**သင့်**
**သွေးဖြင့်**
**အသက်**
**ကယ်ပါ**

**Capt:ဦးမျိုးခင်(ခ)William Maung**
**အထက(၁)ဒဂုံကျောင်းသားဟောင်း/Zoology**
**(မြန်မာ့ပုလဲနှင့်ငါး)**
**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ၄၅ လမ်း၊ အိမ်အမှတ်(144)၊ အခန်းအမှတ်$A_1/B_2$,၃လွှာနေ (ဦးမောင်မောင်-ဒေါ်ခင်ညွန့်)တို့၏ သားငယ်၊ ဒေါ်ခင်သန်းနွယ်၏ ခင်ပွန်း၊ မခင်ခင်ခိုင်၏ ဖခင်၊ ဒေါ်ခင်ညိုလေး၏ မောင်၊ (ဦးခင်မောင်ညွန့်)၏ ညီ၊ ဒေါ်မြင့်မြင့်ကြည်၏ အစ်ကိုဖြစ်သူ ဦးမျိုးခင်သည် ၂၅-၇-၂၀၂၂ ရက် ညနေ ၄ နာရီတွင် ကွယ်လွန်သွားပြီး ယင်းနေ့ည ၇:၂၅ နာရီတွင် မီးသင်္ဂြိုဟ်ခဲ့ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ရေကန် ဒါယကာကြီး**

## ဦးမင်းစံ

**နာယက (ပေါ်ပြူလာပလတ်စတစ်လုပ်ငန်းစု)**
**Hotel POPULAR Myanmar, Summit Plastic**

## အသက်(၉၂)နှစ်

ရန်ကုန်မြို့နေ ဦးကျင်ဦး (Chairman-POPULAR Group)-ဒေါ်ချောစုလွင် (Vice Chairman-POPULAR Group)တို့၏ ချစ်လှစွာသောဖခင်ကြီး၊ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ရေကန် ဒါယကာကြီး ဦးမင်းစံသည် ၁၈-၇-၂၀၂၂ (တနင်္ဂနွေနေ့) ည ၇:၃၀ နာရီတွင် ရန်ကုန်မြို့၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရတနာသိမ်း ပိုက်နှင့်ပိုက်ဆက်ပစ္စည်းဖြန့်ချိရေး**
**စော်ဘွားကြီးကုန်း**



## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

## ဒေါ်ခင်ငွေးရည်(ခ)ဒေါ်နီနီ

### ပဲခူး

### B.A (Geography)

### အသက်(၈၉)နှစ်

ပဲခူးမြို့နေ [ဆရာကြီးဦးသာဒင် (နိုင်ငံတော်ကောင်စီဝင်-ငြိမ်း)-ဆရာမကြီး ဒေါ်လေးတင့်]တို့၏ သမီး၊ မိတ္ထီလာမြို့နေ ကုန်သည်ကြီး ဦးစော-ဒေါ်ထွန်းမေတို့၏ သမီးချွေးမ၊ ရန်ကုန်မြို့နေ (သရေစည်သူဦးသောင်းညွန့်)၏ ချစ်လှစွာသောဇနီး၊ [ဗိုလ်မှူးတင်ရီ(လေ)-ဒေါ်အေးသန့်]၊ (ဦးခင်မောင်ဦး-ပါမောက္ခဒေါက်တာဒေါ်ခင်စိမ်းဝင်း)တို့၏ညီမ၊ ကပ္ပတိန် ဦးအေးမောင်-ဒေါ်သဇင်ကျော်ထွန်းတို့၏ အစ်မကြီး၊ ဒေါ်ဇာနီညွန့်၊ ဗိုလ်မှူးကြီးကျော်စိုး(ငြိမ်း)-ဒေါ်မော်မော်ညွန့်၊ ဦးထူးအောင်ညွန့်-ဒေါ်နိုင်မမတို့၏ ချစ်လှစွာသောမိခင်ကြီး၊ မစုသက်၏အဘွားဖြစ်သူ ဒေါ်ခင်ငွေးရည်(ခ)ဒေါ်နီနီ သည် ၇-၈-၂၀၂၂ (စနေနေ့) ညနေ ၅:၂၀နာရီတွင် တစ်ဘဝတစ်ခန္ဓာ ချုပ်ငြိမ်းသွားပြီဖြစ်ပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်ဝင်းရီ (မော်လမြိုင်)

### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ(၁၆)လမ်း၊ အမှတ်(၉၃၅)နေ (ဦးခင်စိန်-ဒေါ်ဂျင်နီ)တို့၏သမီး၊ (ဦးမောင်ကွန်း-ဒေါ်မမို)တို့၏သမီးချွေးမ၊ ဦးဝင်းနိုင်၏ ချစ်လှစွာသောဇနီး၊ ဒေါ်နိုင်ပပ၊ ဦးထူးအောင်ညွန့်-ဒေါ်နိုင်မမ၊ ဦးဝင်းမင်းနိုင်တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ဝင်းရီသည် ၇-၈-၂၀၂၂ (စနေနေ့) ည ၈:၅၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၈-၈-၂၀၂၂ (တနင်္လာနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဗလ
ငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်
စာပေ
လေ့လာစို့

### ဒေါ်စီစီလှိုင်(ခ) မေဘယ်လ်တင်လှိုင်

### အသက်(၆၅)နှစ်

ရန်ကုန်မြို့နေ (ဦးတင်လှိုင်-ဒေါ်ဒေါ်ရသီ)တို့၏သမီးလတ်၊ (ဦးသာဇံအောင်-ဒေါ်ကြည်ကြည်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ခပေါင်းလမ်း၊ ခပေါင်းကွန်ဒို၊ အခန်း(၂ဘီ)နေ ဦးအောင်ကြည်ဦး (မန်နေးဂျင်းဒါရိုက်တာ၊ မြန်မာလီဝေဝေစားသောက်ကုန်လုပ်ငန်းလီမိတက်)၏ ချစ်လှစွာသောဇနီး၊ ဒေါ်ခိုင်ခိုင်ကြည်ဦး-ဗိုလ်မှူးကျော်သူရတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ ယွန်းနဒီလှိုင်(ခ) Pinky ၏ ချစ်လှစွာသော မေမေကြီးသည် ၇-၈-၂၀၂၂ ရက် ည ၉:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၂၂ ရက် နံနက် ၁၀:၃၀ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုလ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးဆန်းလင်း

### 93(M.T) (Insein)

### အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ အိမ်အမှတ်(၃၁)နေ (ဦးလှရွှေ-ဒေါ်နုနုကြည်)တို့၏သား၊ (ဦးကျော်-ဒေါ်တင်အေး)တို့၏သားသမက်၊ ဦးအေးဇော်-ဒေါ်ခင်စန်း၊ (ဦးငွေဇော်)-ဒေါ်စန်းမြတို့၏ ညီ/မောင်၊ တူ/တူမ သုံးယောက်တို့၏ဦးလေး၊ မောင်အောင်ထက်ပိုင်၏ မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်သီတာ၏ ချစ်လှစွာသောခင်ပွန်းသည် ၅-၈-၂၀၂၂ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၂၂ (တနင်္လာနေ့)၊ နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒေါ်ငွေးငွေးမြင့်

### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ဟံသာရိပ်မွန်အိမ်ရာ၊ ကွမ်းခြံ(၁)လမ်း၊ တိုက်အမှတ် ၁၈၀/၁၈၄၊ အခန်း-၁၀၁/၁၀၂ နေ (ဦးထွန်းမြင့်-ဒေါ်တင်ရီ)တို့၏သမီး၊ (ဦးဘပု-ဒေါ်အုန်းကြည်)တို့၏ သမီးချွေးမ၊ ဦးဇော်ဝင်း (Electrical Contractor)၏ ချစ်လှစွာသောဇနီး၊ ကိုကျော်ခိုင်လင်း (MD-Yangon Professional Ltd, Audit Firm)၊ မလဲ့ရည်မွန်တို့၏မွေးသမိခင် ဒေါ်ငွေးငွေးမြင့်သည် ၆-၈-၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၇-၈-၂၀၂၂ (စနေနေ့)တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၂၂ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါကြောင်း။]

ကျန်ရစ်သူမိသားစု

## ဒုတိယဗိုလ်မှူးကြီး ထွန်းနိုင်ကို(ငြိမ်း)
## အသက်(၅၈)နှစ်
### ညွှန်ကြားရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ DSA(27)
### ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး၊
### ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(လားရှိုး)

ရန်ကုန်မြို့နေ (ဗိုလ်မှူး ကိုကိုကြီး-ငြိမ်း)-ဒေါ်တင်တင်လှတို့၏ သားကြီး၊ (ဗိုလ်မှူး စိုင်းထွန်းရင်-ငြိမ်း)-ဒေါ်အေးဝင်းတို့၏ သားသမက်၊ ဒေါ်စိုးစိုးကို-ဗိုလ်မှူးကြီး စိုးအောင်(ငြိမ်း)၊ ဦးရန်နိုင်ကို(Chief Engineer,Line Star Company)တို့၏ မောင်/အစ်ကို၊ ဒေါ်တင်နီလာထွန်း၏ ချစ်လှစွာသော ခင်ပွန်း၊ မကေခိုင်ကို၊ မောင်ကောင်းမြတ်ကိုတို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင် ဦးထွန်းနိုင်ကိုသည် ၇-၈-၂၀၂၂(စနေနေ့) ညနေ ၃:၂၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၂၂ (သောကြာနေ့)တွင် သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းအမျှပေးဝေမည် ဖြစ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးစိန်ဝှက်(ငြိမ်း)
## အသက်(၉၁)နှစ်

မွန်ပြည်နယ်၊ သထုံမြို့၊ နောင်ကုလားရှမ်းရွာနေ (ဦးကံ-ဒေါ်ကျင်ယို့)တို့၏သား၊ (ဦးထွန်းလှိုင်- ဒေါ်မသောင်း)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ စပါယ်ခြံ(၂)လမ်းနေ ဒေါ်ဖွားသင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးတင်မောင်ဝင်း-ဒေါ်ခင်မာချို၊ ဦးဇော်မြင့်-ဒေါ်သီတာသန့်(ခေတ္တ စင်ကာပူ)၊ ဦးဝင်းစိုး၊ ဦးဝင်းလွင်-ဒေါ်ထားထားလွင်၊ ဒေါက်တာ နေဇာအောင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်မြတ်ထက်သူ၊ မနှင်းအိအိခိုင်၊ မောင်ကောင်းဆက်လင်းတို့၏ အဘိုးသည် ၇-၈-၂၀၂၂ (စနေနေ့) နံနက် ၉:၀၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်မြင့်
### (လ/ထ ညွှန်မှူး- ငြိမ်း)
### နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
## အသက် (၉၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်နေ(ဦးရွှေဥ-ဒေါ်စိန်ဥ)တို့၏သား၊ ဒေါ်အမာနီ(အ/ထ စာရင်းကိုင်/စစ်ငြိမ်း)(လယ်စိုက်ရှင်း)၏ခင်ပွန်း ဦးအေးကြွေ-ဒေါ်ပြုံးပြုံးမြင့်၊ ဦးသိန်းဌေးမြင့်-ဒေါ်ချိုချိုဝင်း(USA)၊ ဦးစိုးပိုင်မြင့်(တေဇ ၁၇)-ဒေါ်ဥမ္မာစော၊ ဦးဝင်းနိုင်မြင့်-ဒေါ်မြတ်မွန်ဇင်(Canada)တို့၏ဖခင်၊ မြေး ၇ ယောက်တို့၏အဘိုးသည် ၈-၈-၂၀၂၂ ရက်နေ့ ညနေ ၄:၃၀ နာရီတွင် ၉၆ ပါး ရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်
## သုံးခွမြို့
## အသက်(၉၁)နှစ်

လှည်းကူးမြို့အရှေ့ဘက်ကမ်း၊ မင်းလမ်းနေ (ဦးမောင်ကြွယ်-ဒေါ်အမာ)တို့၏သားကြီး၊ တွံတေးမြို့နေ (ဦးဖိုးစို-ဒေါ်ဖွားရှင်)တို့၏သားသမက်၊ ဗိုလ်တထောင်မြို့နယ်နေ ဗိုလ်မှူးသက်နိုင်(ရေ-ငြိမ်း)-ဒေါက်တာ နီနီဦး၊ ဒု-ဗိုလ်မှူးကြီး မောင်ပိုက်(ငြိမ်း)-ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီနိုင်၊ ဦးဇော်နိုင်(တောင်ဒဂုံစက်မှုဇုန်၊ ဒု-ဥက္ကဋ္ဌ)-ဒေါ်ဝေဝေနှင်း၊ (ဦးမျိုးနိုင်)၊ ဒေါ်ဖြူဖြူနိုင်(ဒု-လက်ထောက်ညွှန်မှူး၊ စက်မှု-၁)၊ ရဲမှူးကြီးဝင်းကျော်နိုင်-ဒေါ်ချိုချိုမြင့်(ကထိက)တို့၏ မွေးသဖခင်၊ သုံးခွမြို့၊ ကျန်စစ်လမ်းနေ ဒေါ်လှဌေး၏ ချစ်လှစွာသောခင်ပွန်း၊ မြေး၊ မြစ်မြေးငါးယောက်တို့၏ အဘိုး ဦးခင်မောင်သည် ၁၀-၇-၂၀၂၂ (စနေနေ့) နံနက် ၈:၃၀နာရီတွင် သုံးခွမြို့နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ယင်းနေ့ မွန်းလွဲ ၁:၃၀ နာရီတွင် သုံးခွမြို့သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဝင်းတင် (လှိုင်ကျောက်ချိုင်)
## အသက်(၇၇)နှစ်
### (မော်လမြိုင်)

ရန်ကုန်မြို့၊ ဓမ္မစေတီလမ်း၊ အမှတ် (142-A)နေ (ဦးကြိန်ကီး-ဒေါ်ရွှေကျင်)တို့၏ တတိယသား၊ ဒေါ်စောမြိုင်(ခ)ဒေါ်စုရှား၏ခင်ပွန်း၊ ဒေါ်လတ်လတ်ခိုင်၊ ဒေါ်စုစုခိုင်၊ ဦးကျော်ဇောဝင်း-ဒေါ်ချယ်ရီ၊ ဒေါ်လင်းလင်းခိုင်တို့၏ မွေးသဖခင်၊ မောင်နေမျိုးထက်၊ မောင်ကျော်မျိုးထက်တို့၏အဘိုး၊ (ဦးမြင့်လွင်)-ဒေါ်သိန်းသိန်းဝင်း၊ (ဦးမြင့်ဆွေ)-ဒေါ်အေးအေးသွင်၊ ဦးစိုးသိန်းတို့၏ညီ/မောင်၊ ဦးတင်စိုး-(ဒေါ်အေးမြင့်)၊ ဦးသန်းအောင်-ဒေါ်မြင့်မြင့်စန်း၊ (ဦးတင်လှ)-ဒေါ်မြင့်မြင့်စီ၊ ဦးအောင်သောင်း-ဒေါ်ပန်းမြင့်၊ ဦးကျော်သိန်း၊ ဦးဝင်းစိုး-ဒေါ်သီတာ၊ (ဦးချိုချိုနိုင်)-ဒေါ်မိုးမိုးတို့၏အစ်ကို၊ တူ/တူမ ၂၇ယောက်တို့၏ ဦးလေး/ဘကြီးဖြစ်သူ ဦးဝင်းတင်သည် ၇-၈-၂၀၂၂ ရက် ညနေ ၄:၁၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပြီးဖြစ်ပါသောကြောင့် ကျန်ရစ်သောရုပ်ကလာပ်ကို ၈-၈-၂၀၂၂ ရက် နံနက် ၁၁ နာရီတွင် သဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မာလာသိန်း
## အသက်(၅၆)နှစ်
### မဟာသိပ္ပံ (ရူပဗေဒ)

ရန်ကုန်မြို့နေ (ဦးခင်မောင်သိန်း)-ဒေါ်စုစုသိန်းတို့၏သမီး၊ (ဒုတိယဗိုလ်မှူးကြီးလှမောင်-ဒေါ်ဥဥခင်)တို့၏သမီးချွေးမ၊ ဦးထွန်းထွန်း(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ နိုင်ငံတော်သမ္မတရုံး) ၏ ချစ်လှစွာသော ဇနီး၊ မောင်အောင်ဇင်ဖြိုးသိန်း၊ (မထွန်းစုမြတ်မွန်သိန်း)တို့၏ ချစ်လှစွာသောမိခင်ဖြစ်သူ ဒေါ်မာလာသိန်းသည် ၈-၈-၂၀၂၂ ရက် နံနက် ၄:၄၀ နာရီတွင် Scleroderma (Auto Immune Disease)ရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းသွားပါသဖြင့် ကာယကံရှင်၏ ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးစိန်လွင် (စား/ဖျော်-ငြိမ်း)
## အသက်(၈၀)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ (ဦးဘိုးဝန်-ဒေါ်စိန်ခင်)တို့၏သား၊ (ဦးကျော်ညွန့်-ဒေါ်တင်ရီ)၊ ဦးသန်းဝင်း-ဒေါ်လှကြည်၊ (ဦးမြင့်သိန်း-ဒေါ်ညွန့်ရီ)၊ (ဦးမြဟန်-ဒေါ်ကျင်မြ)၊ (ဒေါ်လှရီ)တို့၏ညီ/မောင်၊ မမို့မို့လွင်၊ မထူးထူးလွင် (ဆေးဘက်ကျွမ်းကျင်-၂)၊ ကိုကောင်းထက်လွင်တို့၏ဖခင်၊ ဒေါ်တင်မြ (ခ) ဒေါ်တင်တင်နု၏ ခင်ပွန်းသည် ၃-၈-၂၀၂၂ (အင်္ဂါနေ့) ညနေ ၄နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသောကြောင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၄-၈-၂၀၂၂ (ဗုဒ္ဓဟူးနေ့)တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ပင့်သံဃာတော် အရှင်သူမြတ်တို့အား ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါ၍ ၉-၈-၂၀၂၂(တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ ဒေါ်တင်မြ (ခ) ဒေါ်တင်တင်နု၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ရင်နု
## အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော(တောင်)ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၃၉၄)နေ (ဦးဘသန်း-ဒေါ်ခင်ကြည်)တို့၏ သမီး၊ ဦးအောင်သန်း၊ (ဒေါ်ခင်ညွန့်)တို့၏ ညီမ၊ (ဦးမြသန်း)၊ ဒေါ်မြင့်မြင့်သန်း၊ (ဦးချစ်ဦး)တို့၏ အစ်မ၊ မမြအိဖြူ၊ မစန္ဒာအောင်၊ မဖြူဖြူစိန်တို့၏ ချစ်လှစွာသော မွေးစားမိခင် ဒေါ်ရင်နုသည် ၇-၈-၂၀၂၂(စနေနေ့) နံနက် ၁၁:၄၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမင်းနိုင်
## အသက်(၅၉)နှစ်
### T.T.C(79 Batch)
### HIKORYU TAIJUTSU MYANMAR TEAM(Team Leader)
### စွမ်းရည်ကရာတေးဒိုဂျို(ယခင် OOYAMA KARATE DO နည်းပြချုပ်)
### (မဟာတက်နေလ ကုမ္ပဏီလီမိတက်)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ သံတံတားလမ်း၊ အမှတ်(၂၅)နေ (ဦးအောင်သိန်း-ဒေါ်သန်းသန်းအောင်)တို့၏ သားလတ်၊ ဒေါ်ခင်မာဌေး(ခ)ဒေါ်ခင်ပပ(မဟာတက်နေလ ကုမ္ပဏီ)၏ မောင်၊ ဦးမောင်မောင်နိုင် (ရုံးအဖွဲ့မှူး၊ ဆူးလေစေတီတော်ဂေါပကအဖွဲ့)-ဒေါ်စန်းစန်းထွေးတို့၏ညီ၊ ဦးမျိုးနိုင် (မဟာတက်နေလကုမ္ပဏီ)၊ ဒေါ်စိမ့်စိမ့်အိ (မဟာတက်နေလ ကုမ္ပဏီ) တို့၏ အစ်ကို၊ မောင်တေဇာမင်း၊ မတင်နေလာတို့၏ ချစ်လှစွာသော ဦးလေးသည် ၁၇-၇-၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၂၂ ရက်တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးတင်ချိုဦး
## အသက် (၇၈)နှစ်
### (ကုန်သွယ်လယ်ယာ-ငြိမ်း)၊ MD (Glorious Family Co.,Ltd)

(ဦးချစ်လှ-ဒေါ်သန်းရီ)တို့၏သား၊ (ဦးထွေးမောင်-ဒေါ်သန်းနွဲ့)တို့၏သားသမက်၊ ဒေါ်မြမြဆွေ၊ ဦးမျိုးဆွေတို့၏အစ်ကိုကြီး၊ ဒေါ်အေးနုသာ(Glorious Family Co.,Ltd)၊ ဦးကေဇာကျော်ဦး-ဒေါ်သန့်ဝတ်ရည်၊ ဦးသန့်ဇော်ထွန်း-ဒေါ်ယမင်းမြင့်အောင်၊ ဦးထင်လင်းအောင်-ဒေါ်နှင်းအိလှိုင်တို့၏ဖခင်၊ မောင်ကေဇာမင်းဖုန်းမြတ် (KEVIN)၊ မောင်ကေဇာလင်းရှင်းသန့် (WILLIAM)၊ မကေဇာခွန်းချိုမဒီ (KITKIT)၊ မောင်ရှင်းခန့်မောင် (DAVID)တို့၏အဘိုး၊ ဒေါ်ခင်ခင်ဌေး (အထက-၂၊ လသာ-ငြိမ်း)၏ ချစ်လှစွာသော ခင်ပွန်းဖြစ်သူ ဦးတင်ချိုဦး အသက်(၇၈)နှစ်သည် ၈-၈-၂၀၂၂(တနင်္လာနေ့) နံနက် ၁၀:၄၀နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ယင်းနေ့တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

သင့် သွေး ဖြင့် အသက် ကယ်ပါ

သွေးသည်အသက်

အဂတိ ပယ်ခွာ ပြည်သာယာ

# ငါးမွေးမြူရေးကန်များရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

**နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေး အတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျှက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -**

- ငါးမွေးမြူရေးကန်များ၏ ကန်ဘောင်များခိုင်ခံ့ရန်အတွက် ကန်ဘောင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ဘောင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- လိုအပ်ပါကငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအားကြိုတင်ပြင်ဆင်ထားပါရန်နှင့်အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင့်တပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျှက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာ ငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ကြေးမုံ ယနေ့ ဖတ်စရာ

**တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပ**

စာမျက်နှာ » ၁၂

**မတ္တရာမြို့နယ် ပန်းယျကျေးရွာအနီး၌ လက်နက်၊ ခဲယမ်းအမြောက်အမြား သယ်ဆောင်လာသည့် အကြမ်းဖက်သမားနှစ်ဦးအား ဖမ်းဆီးရမိခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များ ဖြစ်ပေါ်မှုမရှိစေရေး အချိန်မီဖော်ထုတ်တားဆီးနိုင်ခဲ့**

စာမျက်နှာ » ၁၅



**စစ်တောင်းမြစ်ကူးတံတား(အုတ်ဖြတ်) တည်ဆောက်မှု ၈၉ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီး**

စာမျက်နှာ » ၁၉




# မန္တလေးတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက ထောက်ပံ့ပေးနိုင်ရန် ကယ်ဆယ်ရေးပစ္စည်းများ ကြိုတင်သိုလှောင်ထားရှိ

**မန္တလေး ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့၊ ကူညီ၊ ဆောင်ရွက်နိုင်ရန်အတွက် ကယ်ဆယ်ရေးပစ္စည်းများ ကြိုတင်သိုလှောင်ထားရှိပြီးဖြစ်ကြောင်း တိုင်းဒေသကြီးဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

တိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်ရုံး ကိုးရုံး၊ ခရိုင်ရုံး ငါးရုံး ဖွင့်လှစ်ထားရှိပြီး ကယ်ဆယ်ရေးပစ္စည်းများကို မြို့နယ်ရုံးများတွင် အိမ်ထောင်စု ၅ဂ အတွက်လည်းကောင်း၊ ခရိုင်ရုံးများတွင် အိမ်ထောင်စု ၅၀၀ အတွက်လည်းကောင်း၊ တိုင်းဒေသကြီးရုံးတွင် အိမ်ထောင်စု ၂၀၀၀ အတွက်လည်းကောင်း သိုလှောင်ထားရှိပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးမှူး ဦးအေးမင်းသူက ပြောသည်။ **စာမျက်နှာ ၂၃ ကော်လံ ၁ သို့** ❐



# လက်စတာစီးတီးအသင်း ကွန်မြူနတီဒိုင်းဆွတ်ခူး

၂၀၂၀-၂၀၂၁ ဘောလုံးရာသီရဲ့ ပရီမီယာလိဂ်ချန်ပီယံ မန်စီးတီးအသင်းနဲ့ အက်ဖ်အေဖလားချန်ပီယံ လက်စတာစီးတီးအသင်းတို့ ကွန်မြူနတီဒိုင်းပွဲစဉ်အဖြစ် ဩဂုတ် ၇ ရက်ညပိုင်းက အင်္ဂလန်အသင်းရဲ့ အိမ်ကွင်းဖြစ်တဲ့ ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ လက်စတာစီးတီးအသင်းက မန်စီးတီးအသင်းကို အနိုင်ရပြီး ကွန်မြူနတီဒိုင်းကို ရယူဆွတ်ခူးနိုင်ခဲ့ပါတယ်။

**ပွဲထွက်လာ**

အဲဒီပွဲစဉ်မှာ မန်စီးတီးအသင်းဟာ ကစားသမားကောင်းတချို့ ပါဝင်လာခြင်းမရှိဘဲ ဖာရန်တောရက်စ်၊ မာရက်ဇ်၊ ဂန်ဒိုဂန်၊ မန်ဒီ၊ အကဲ၊ ရှူဘင်ဒိုင်ယက်စ်၊ ကန်ဆယ်လို စတဲ့ကစားသမားတွေနဲ့ ပွဲထွက်လာခဲ့ပြီး လက်စတာစီးတီးအသင်းက ဗာဒီ၊ ဘားနက်စ်၊ အင်န်ဒီဒီ၊ တီယယ်လီမန်၊ ဘာထရန်၊ ရီကာဒိုပါရဲရာ စတဲ့ ကစားသမားတွေနဲ့ ပွဲထွက်လာခဲ့တာဖြစ်ပါတယ်။

ဒီနှစ်သင်းဟာ ၂၀၂၁-၂၀၂၂ ဘောလုံးရာသီ မစတင်မီ ရာသီအကြိုကာလမှာ ဆုဖလားတစ်လုံးရရှိရေးအတွက် အကြိတ်အနယ်ကစားခဲ့ပေမယ့် ပထမပိုင်းပွဲကစားချိန်အတွင်းမှာ ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ဘဲ ဒုတိယပိုင်း ၈၉ မိနစ်ရောက်မှသာ လက်စတာစီးတီးအသင်းက ပင်နယ်တီပြစ်ဒဏ်ဘောကန်ခွင့်ရရှိခဲ့တာကြောင့် အဲဒီပင်နယ်တီသွင်းဂိုးနဲ့ မန်စီးတီးအသင်းကို **စာမျက်နှာ ၂၃ ကော်လံ ၁ သို့** ○